www.burmeseclassic.com

# ဓဝင် ဒုန်းဝ

လုပ် ဦး ဟာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဖြစ်နေသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# စစ်ဒိုင်းခ

# ငစ လုပ်ဦးဟ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉) ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း— ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၇၄၆၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၄၆၄၀၅၁၀
အကြိမ် – ပထမအကြိမ်
၂၀၁၀–ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀/–
ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်း။
အတွင်း/အဖုံးပုံနှိပ်သူ – ဒေါ်အေးအေး (မြ–၀၇၄၉၅)
စိန်းသော်တာပုံနှိပ်တိုက်
တိုက် (၅၃)၊ ၅၅ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ဒီနိုင်းခ
လှုပ်ဦးဟာ/ ဒီနိုင်းခ၊ – ရန်ကုန်။ ရွှေသမင်စာပေ၊
၂၀၁၀။
၂၄၈ – စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) လှုပ်ဦးဟာ

BURMESE CLASSIC .com



စာကလေးတွေက ကျလိကျလိနဲ့
စေခေါ်ပြည်တိုင်း
ရင်မှာ ကလိကလိ ဖြစ်မိတယ်တာ ....
အချစ်က ရင်ကို စွန်ကန်ခြားနားတဲ့ ...
အမှုန်းရဲ့ ဘက်စောင်သားတဲ့ ...
လှုပ်ဦးဟာ ...!



www.burmeseclassic.com

www.burmeseclassic.com



ဒေါ ပုံ သဘော်ကျင်းကအပြန် မိုးသက် ကားမှတ်တိုင်မှာ ကားစောင့်ရင်း ဂျာနယ်သည်တွေ့တာနဲ့ ...

"ဟော့ လုပ်ဦးဟ ..."

ဂျာနယ်သည်က သူ့အနီးကို လျှောက်လာရင်း ...

"အစ်ကို ဘာလုပ်ပေးရမှာလဲ ..."

သူကိုက ဒီအသုံးအနှုန်းကို အကျင့်ပါနေတာပါ ...

"ဟို အားကစားဂျာနယ် တစ်စောင်လုပ်ကွာ ..."

ထီးကောက်အရှည်ကြီးကို ပေါင်ကြားညှပ်ရင်း အိတ်ထဲက ပိုက်ဆံကို ထုတ်ပေးရပါသည်။

"အစ်ကို ဘာယူမှာလဲ ..."





"ဘောလုံး ..."

"ကျွန်တော် ဘောလုံး မရောင်းဘူး အစ်ကို ..."

ကောင်လေးက ယောင်နနေ ...

"ဟိုကွာ ဘောလုံးဂျာနယ် ..."

"ဩော် .."

ကောင်လေးက ဂျာနယ်တစ်စောင် ထုတ်ပေးပါသည် ဂျာနယ်ကိုယူပြီး မှတ်တိုင်က အိုနာကျိုးကန်းခုံးလေးမှာထိုင်ရင်း ထီးကို ချိုင်းကြားညှပ်ကာ ဂျာနယ်ကို စိတ်ဝင်တစား ဖတ်မိပါသည်။

"ဟာ MNL ဖလားဆိုပါလား လုပ်ဦးဟ ကေနှ မျိုးကြီး၊ အငဲ၊ လေးဖြူတို့ စပွန်ဆာ ပေးတာဖြစ်မယ် ...လုပ်ဦးဟ ..."

ဘေးက ချာတိတ်က ကျွန်တော့်ကို လှည့်ကြည့်ပြီး ပြုံးစေ့စေ့ ကားတစ်စီးထိုးရပ်တော့ ဘတ်စ်ကားပါးစပ်ပေါက်ထဲက လူတွေ ထိုးအန်ကျလာပါတယ်၊

ကောင်လေးလိုလို ကောင်မလေးလိုလို (ဘာလိုလို ညာလိုလို) လေးက ကျွန်တော့်ရှေ့ရောက်မှ ဖြုန်းဆိုထိုင်ပြီး ပေါ့ကင်းရှူး ဖိနပ်လေးကို ကြိုးပြန်ချည်နေသည်။

ကျွန်တော်လည်း ဒီဘတ်စ်ကားတွေနဲ့ အလုပ်မဖြစ်လောက်ဘူးလို့ တွေးကာ စာစောင်ကို တစ်ဖက်ကကိုင် ချိုင်းကြားက ထီးကောက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြီးကို လက်ကိုင်ကကိုင်ကာ တိုင်စီငှားဖို့အထ ထီးထိပ်ဖျားကို ခြေသေါလှမ်းထောက်တော့ ...

"ဖောင်း ..."

"အမလေး ..."

"လုပ်ဦးဟ ..."

(ဖောင်း) ဆိုတာက ဘယ်သူ လက်ကမြင်းကျောထသွားသည် မသိ ကျွန်တော့်ထီးရဲ့ထိပ်ဖျား ထီးထိပ်ဖူးမှာ ဘောလုံးတစ်လုံးလို ဂိုမ်စ်ဘွန်းလို ပိပိရိရိ လာတပ်သွားသည့် ဘောလုံးရဲ့ ပေါက်ကွဲသံ ...

အမ,လေးလား .. အထိီး,လေးလား၊ အော်သံက ကျွန်တော့်ရှေ့မှာ ဖိနပ်ကြိုးချည်နေသူရဲ့ အော်သံ ...၊ လုပ်ဦးဟ ကတော့ ထုံးစံအတိုင်း ကျွန်တော် ...။

"အဖော် ကွဲသွားပြီ ..."

အဲသည်အသံက ကျွန်တော့်ဘေးက ပြုံးစေ့စေ့ ချာတိတ်ရဲ့ အသံ ဖိနပ်ကြိုးချည်နေသူ (အခုမှ ကောင်မလေးမှန်း ရိပ်မိပါသည်) ရိတ်မိသည်ဆိုလို့ နှုတ်ခမ်းမွေးရိတ်ပေးသည်မဟုတ်ပါ ...ဖြောင်ရှင်းရှင်းနဲ့ အလှသူဌေးမလေးက ဆောင့်ဆောင့်နဲ့အောင့်အောင့်ကို ပေါင်းပြီး မျက်စောင်းထိုး၍ ဘာ ...

"အသက်ကြီးပြီး အခုထိ ပေါချင်တုံး"





"လုပ်ဦးဟ ..မင်း ဘာစကားပြောတာလဲ"

"ရှင် လုပ်ပုံရော ဟုတ်လို့လား"

"မင်းကို ငါက ဘာလုပ်လို့လဲ လုပ်ဦးဟ ..."

ကောင်မလေးက စိတ်တွေ အတော်ဆိုးပြပါသည်။ ဘေးက ချာတိတ်က ...

"နေကြပါဦးဗျာ ..."

ကျွန်တော်က လူရှုပ်ကိုကြည့်ပြီး ...

"ဘယ်မှမသွားပါဘူး၊ တိုင်စီငှားမလို့လုပ်တုံး ..."

ကျွန်တော့်စကားကြောင့် ချာတိတ်က ခေါင်းကုတ်ပြီး ...

"အဲဒီ နေကြပါဦး မဟုတ်ဘူး၊ ကျွန်တော့်စကားဆုံးအောင် နားထောင်ဦးလို့ ပြောတာ"

"ကျွန်တော့်အဘွားဆုံးတာနဲ့ ငါနဲ့ ဘာဆိုင်လဲကွ ..."

"ဟာဗျာ ကျွန်တော့်စကား ဆုံးတာ ..."

"မင်းက ပီပီသသ ပြောလေကွာ ..."

"အစ်ကို့ထီး ဘောလုံးမှုတ်ပြီးချိန်သွားတာ ဟိုချာတိတ်ဗျ ..."

ကောင်လေး လက်ညှိုးညွှန်ပြရာကြည့်တော့ မျောက်မသား ချာတိတ်က ပေပေတေတေနဲ့ ကျွန်တော့်ကို မလှမ်းမကမ်းကနေ ပြောင်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က မျောက်ကမြင်းမသားလေးလဲ ..."

"ဒီနားဝန်းကျင်မှာ ပိုက်ဆံလိုက်တောင်းတဲ့ ကောင်လေး၊ အစ်ကို စာစောင်မဝယ်ခင်က အစ်ကိုဆီ ပိုက်ဆံလာတောင်းတော့ ယောက် လွှတ်လိုက်တဲ့ ကောင်လေး လေ ..."

"ရှင်က ထီးတစ်ချောင်းလုံး ချိတ်တာ မမြင်ဖူးလား၊ တော်သေး တာပေါ့ ထီးထိပ်မှာ လက်ပစ်ဗုံး မတပ်သွားလို့ ..."

"ဘယ်သိမလဲကွ ... ငါလည်း စာစောင်ပေါ် အာရုံရောက်နေ တော့ ..."

ကောင်လေးက ရယ်သည်။

"အစ်ကို့ ထီးထိပ်မှာ လာချိတ်သွားတာ ကြည့်ပါဦး"

ကျွန်တော် ထီးထိပ်က ဘောလုံးကို လှမ်းယူတော့ ချွဲကျိုကျို အဆီ ...။

"ဟာ ပေါက်သင်ညို ..."

"အဲဒါပေါ့ အဖော်ကွဲတဲ့ ငှက်ကလေးများဆိုတာ ..."

ကောင်မလေး ကျွန်တော်တို့ နှစ်ယောက်စကားကြောင့် မျက်နှာ အရဲသားနဲ့ ထွက်ပြေးပါတော့သည်။ ကျွန်တော်နဲ့ ချာတိတ်က တဟား ဟားနဲ့ သဘောကျမဆုံး ...။

"ကောင်းတယ်၊ အခုတော့ မစွာနိုင်တော့ဘူး၊ တချိုးတည်း လစ်





ပြီ ..."

"အေးကွာ ငါ အစက ယောကျ်ားလေးထင်လို့ ..."

"ဒါနဲ့ အစ်ကိုက သင်္ဘောသားလား ..."

ကျွန်တော် လူကဲခတ်တော်လွန်းတဲ့ ချာတိတ်ကို မျက်ခုံးပင့်ပြ ရင်း ...

"မင်းက ဘယ်လိုသိလဲ"

"ကျွန်တော်လည်း ဒီမှာ စာမေးပွဲ ဖြေနေတာလေ"

"ဘယ်နှစ်ခေါက်ရှိပြီလဲ"

"အခုမှ စတက်မှာ"

"လုပ်ပါဦး ငါ သင်္ဘောသားမှန်း ဘယ်လိုသိလဲ"

ကောင်လေးက ကျွန်တော့်စကားကြောင့် သဘောကျစွာ ရယ် ရင်း ...

"သိတာပေါ့ အစ်ကိုရာ ... သင်္ဘောကျင်ကိုလာတဲ့ သင်္ဘောသား တိုင်း သင်္ဘောသားမှန်းသိအောင် တချို့က ဆံပင်ရှည်ထားတယ်၊ မုတ် ဆိတ်မွေး နှုတ်ခမ်းမွေးနဲ့ ..."

"ငါက ဆံပင်အတိုပဲလေ"

ကောင်လေးက ခေါင်းကိုညိတ်ရင်း ...

"တချို့က အစ်ကိုတို့လို အင်္ကျီအဖြူနဲ့ ပုဆိုးဝတ်လာတတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် အိတ်တစ်လုံးပါရမယ်၊ နောက်တစ်ချက်က သင်္ဘောသား အများစုက အရက်သောက်များတော့ ချေးပြန်တယ်၊ အဲဒီတော့ လက်ကိုင်ပဝါ အများဆုံး ဆောင်ထားတတ်တယ်"

"တွက်ချက်ကတော့ အောင်မြင့်ထွန်းပဲဟေ့ ..."

"ဘာလဲဗျ အောင်မြင့်ထွန်း ..."

"ငါတို့ရပ်ကွက်က လောင်းကစား ချဲသလား တွက်လိုက်ရင် လွဲတာချည်းပဲ"

ကျွန်တော့်စကားကြောင့် ကောင်လေးက ရယ်သည်။

"အစ်ကိုက ဘယ်လိုင်းလဲ"

ကျွန်တော်က ကားတွေကို လှမ်းကြည့်ရင်း ...

"သုံးဆယ့်ရှစ် ပုဇွန်တောင်က စီးရမှာ"

"ဟာဗျာ လုပ်ဦးဟ ..."

"ဟေ့ကောင် အဲဒါ ငါ့စကားကွ ..."

"မဟုတ်ဘူး သင်္ဘောလိုင်းပြောတာ ..."

**"USK "**

"မကြားဖူးဘူး၊ ကိုရီးယားလိုင်းလား ..."

"ဦးရှင်ကြီးလို့ ပြောတာ ..."

"ဟာဗျာ အစ်ကိုက အတော်နောက်တာပဲ ..."





"မတော်အောင် နောက်ပြရမလား ..."

ကျွန်တော်နဲ့ ရှာတိတ် ရင်းရင်းနှီးနှီး ဖြစ်သွားပါသည်။ ကျွန်တော် က ကျွန်တော်စီးတဲ့လိုင်းနာမည်ကို ပြောပြသည်။

"အစ်ကို့လိုင်းက လိုင်းကြီးပဲ"

"လိုင်းကြီးဆို ငါတို့ သင်္ဘောက ဂေါ်ဇီလာတွေပဲတင်တာ"

ကျွန်တော့် ဟာသကို ဒီကောင်လေးက အရယ်နဲ့တုံ့ပြန်ပါသည်။

"တော်သေးတာပေါ့ ...ကင်းကောင်တို့ ငှက်ပျောကြော်တို့ မပါလို့ ..."

"ငါတို့ သင်္ဘောပေါ်မှာ အကြော်ဆိုင်မရှိဘူး"

"အစ်ကိုက ခင်ဖို့ကောင်းသားပဲ၊ ကျွန်တော့် နာမည်က မျိုးဇော်အောင်၊ တာမွေမှာ နေတယ်၊ သူငယ်ချင်းကတော့ မျိုးကြီးပဲခေါ်ကြတယ်"

"ငါနာမည်က လေးဖြူ၊ အဲလေ.. ယောင်လို့ .. မိုးသက်ထွန်း၊ မိုးသက် ဆို ရေထဲကလူတွေ သိကြပါတယ်"

"ရေထဲက ငါးတွေလား"

"ဟေ့ကောင် သင်္ဘောသားတွေကို ပြောကြတာကွ၊ ဒါနဲ့ မင်းက ဒြန်မှာလား"

"ဟုတ်တယ် အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"မင်း တာမွေဆိုတော့ လမ်းသင့်တာပဲ၊ ငါ **Texi** ငှားလိုက်မယ် လမ်းကြုံလိုက်ခဲ့ချင်ရင် လိုက်ခဲ့လေ"

"ကောင်းမွန်သင့်မြတ်ကြောင်းပါ အစ်ကိုတော် ..."

ဒီကောင်လေးကလည်း နောက်တတ်ပုံရသည်။ ကျွန်တော်တို့ **Texi** တစ်စီး လှမ်းတားပြီး ကားပေါ်ရောက်တော့ ...

"သင်္ဘောသားတွေ ကုန်းပေါ်ရောက်ရင် ရေထဲကငါး ကုန်းပေါ် တင်ထားလိုက်သလိုပဲ ..."

"ဘာဖြစ်လို့လဲဗျ"

"စပ်စလူးကို ခါနေတာပဲ၊ ဟိုယောင်နီး ဒီယောင်နီးနဲ့ ဘာလုပ်ရမှန်းမသိ ... ရောင်ခြောက်ဆယ် ဘဝ ..."

ကောင်လေးက ခေါင်းညိတ်ရင်း ...

"အစ်ကိုက ဘယ်မှာနေတာလဲ"

"အိမ်မှာပေါ့ဟ၊ ဘာလဲ ငါက ဧရပ်မှာ နေရမှာလား ..."

"မဟုတ်ဘူးလေ၊ ကျွန်တော် ပြောတာက ဘယ်အရပ်မှာ နေတာလဲလို့ ..."

"သင်တင့်လျောက်ပတ်သောအရပ် ..."

"တောင်ဒဂုံလား ..."

"ဟင့်အင်း၊ တောင်ဥက္ကလာ ..."





"တောင်အရပ်ဆိုကတည်းက အားရှိစရာ ခေါင်ခေါင်မြည် အရပ်ပဲ ... ဟော ရောက်ပြီ ကားဆရာ၊ ရှေ့ကလမ်းထိပ်မှာပဲ ရပ်လိုက်"

ကျွန်တော် ပတ်ဝန်းကျင်ကိုကြည့်ပြီး ...

"ဒါ မင်းတို့ လမ်းထိပ်လား ..."

ကျွန်တော့် စကားကြောင့် မျိုးကြီးက သွားအဖြီးသားလေးနဲ့ ...

"အဟီး ... ကျွန်တော်ရည်းစားလမ်း၊ ကျွန်တော်က ရှေ့နှစ်လမ်းကျော်"

"လုပ်ဦးဟ ..."

မျိုးကြီးက ကျွန်တော့်စကားကို သဘောကျစွာရယ်ပြီး ကားတံခါးဖွင့် နှုတ်ဆက်လက်ပြကာ လမ်းထဲဝင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ဦးဟ ...ငါ့မှာလည်း ပိုက်ဆံပြတ်နေပြီ၊ ချေးထားတာလေးတွေ ပေးကြပါဦး ..."

ကျွန်တော် လက်ဖက်ရည်ဆိုင်ထဲ ဝင်ဝင်ချင်းပြောတော့ အောင်မြင့်ထွန်းက အဆမတန် ပြုံးပြကာ ...

"ဟာ ပေးရမှာပေါ့၊ သိပ်မကြားဘူး ပိုက်ဆံနည်းနည်း ..."

"ဟိုး ... စတော့ ..၊ မင်းရဲ့ ဓာတ်ပြားဟောင်းကြီးကို ရပ်လိုက်တော့ .. မပေးဘူး၊ ဘယ်တော့မှ မပြောတဲ့ကောင် ..ပိုက်ဆံ နည်းနည်းလက်လွှန်းထားလို့ပါ၊ စိတ်ချ မင်းပိုက်ဆံ ညနေခွင်က ကလင်ဒါကျလိုလို ကလင်တန်ကျလိုလို ကလိန်ကြံ ကျသလိုလို ပြောတတ်တဲ့ ကောင်"

ကျွန်တော် အောင်မြင့်ထွန်း နာရင်းကို ပိတ်တီးထည့်ကာ ပြော





တော့ သိဟက အောင်မြင့်ထွန်းကို နာခေါင်းရှုံ့ကာ ...

"ကိုမုတ်ကြီးမို့လို့ ဒီလူကြီးကို ..."

"ဟော့ကောင် ..."

ကျွန်တော် မျက်လုံးအပြူးသားနဲ့ လှမ်းအော်တော့ အောင်မြင့်ထွန်းနဲ့ အောင်မင်းဒင်က ရယ်သည်။

"ဆေးရှိး လောသွားလို့ ကိုမိုးကြီးကလည်း ..."

"ဟော့ကောင်လေး လောတွေ လာအိုတွေ လုပ်မနေနဲ့ မင်းလည်း ဘာထူးမလဲ၊ ပြီးခဲ့တဲ့အပတ်က မင်းကောင်မလေးနဲ့ ချိန်းတွေ့ဖို့ ပိုက်ဆံမရှိလို့ဆိုပြီး ချေးထားတဲ့ တစ်သောင်းခွဲ ဆပ်ဖို့ စိတ်ကူးရော ရရဲ့လား ..."

"ဟာ ပေးရမှာပေါ့၊ ခွင်လေးနည်းနည်း ညှိလိုက်ရင် ..."

"တော်ပါတော့၊ အဲဒီစကား နားမှာကြား၊ ဒီလေသံရတိုင်း ကိုယ့်ပခုံးတို့ ထွက်လာသလို ခံစားရလို့ပါ"

ကျွန်တော့်အပြောကြောင့် ဘေးက အောင်မင်းဒင်က ...

"ကိုမိုးကြီးကလဲဗျာ ပေးရကမ်းရမယ့်လူလည်း ရှိတာ မဟုတ်ဘူး၊ တစ်ဦးတည်းသောသား .. အဖေက လုပ်ငန်းရှင် .. အမေက ဝန်ထမ်း .. ကိုယ်ကိုယ်တိုင်က သဘော်သား .. အေးဆေးပဲဟာကို.."

"ဟော့ကောင် လာမြှောက်မနေနဲ့ မင်းတို့ဒဏ်ခံရလွန်းလို့ သဘော်



www.burmeseclassic.com

www.burmeseclassic.com



သားကနေ ရုံးပတီသီးလောက်ပဲ ရှိတော့တဲ့ဘဝ ..."

ကျွန်တော် မျက်လုံးပြူးကာ မရှိမဲ့ရှိမဲ့ ဒေါသကို မနည်းမွေးပြီး ပြောတော့ ...

"ကိုမိုးကြီးရယ် စည်းစိမ်ချမ်းသာဆိုတာ သေရင် ကိုယ့်နောက် ပါမှာ မဟုတ်ဘူး"

သီဟ စကားမဆုံးခင် ဆိုင်ထဲကို လမ်းထဲက အရက်သမား ညိုထွန်း ဒယိမ်းဒယိုင်နဲ့ ဝင်လာတော့ ...

"ဟာ အစောကြီး တောင်းနေပါလား ညိုထွန်း ..."

ညိုထွန်းက ခေါင်းကို မနည်းညိတ်ပြပြီး အာလေးလျှာလေးနဲ့ ...

"မင်းကိုတွေ့လို့ ဝင်လာတာ၊ ငါ့ကို အရက်တစ်စိတ်လောက် တိုက်ကွာ ..."

ညိုထွန်း ပြောပုံကြောင့် အောင်မြင့်ထွန်းက ကျိတ်ရယ်သည်။ ကျွန်တော် နည်းနည်း စိတ်ပျက်သွားပါသည်။

"မင်းကို တစ်စိတ်ဖိုးပေးရအောင် မင်းက ဘယ်မှာ ဖရဲသီး ဝယ်စားမလို့လဲ ညိုထွန်း ..."

အရက်သမား ညိုထွန်း မျက်နှာ ရှုံ့မဲ့ရင်း ...

"အဲဒီတစ်စိတ်ပြောနေတာ မဟုတ်ဘူး၊ ပုလင်းတစ်စိတ် ..."





"ဟာကွာ ပုလင်းထဲကို အဆိပ်ခတ်သောက်ရတယ်လို့ ..."

ကျွန်တော် သိသိကြီးနဲ့ ရစ်နေတာကြောင့် အောင်မြင့်ထွန်းတို့က ရယ်ကြသည်။

ညိုထွန်း စိတ်ပျက်ပုံနဲ့ ...

"နေပါဦး မိုးကြီး .. မသောက်ထားပါဘူးနော် ..."

ကျွန်တော် မရယ်မိအောင်ထိန်းကာ ခပ်တည်တည်နဲ့ ...

"ဟ သောက်ထားတာပေါ့ကွ ..."

"အမ် ... မင်းသောက်ထားတယ်"

"အေးလေ ငါခုနကပဲ လက်ဖက်ရည်သောက်ထားတာ ..."

"ဟာကွာ လက်ဖက်ရည်သောက်ပြီး အရက်သမားကို ရစ်ရတယ်လို့ ကြား မကြားဖူးပေါင်ကွာ"

"ပေါင်တွေ ဒူးတွေ လာမပြောနဲ့ ညိုထွန်း၊ လက်ဖက်ရည် သောက်ပြီး အရက်သောက်တဲ့လူကို မရစ်ရဖူးလို့ ဘယ်သူပြောလဲကွ.. ဟေ့ ..."

ကျွန်တော်က အသံနည်းနည်း ထပ်မြှင့်ပြီး မူတဲ့ပုံစံနဲ့ ...

"ဟေ့ သတ္တိရှိတဲ့ကောင် ထွက်ခဲ့ .. .အေ့ ..."

"ဘာလုပ်မလို့လဲ"

ညိုထွန်းက ယိမ်းထိုးထိုးနဲ့ ပြောတော့ ကျွန်တော်က ညိုထွန်း၊



www.burmeseclassic.com

www.burmeseclassic.com



လက်စုံကို ဖမ်းဆုပ်ကာ ...

"မင်း လက်ခုံမှာ သတ္တိထိုးထားတယ် .. လာရှေ့ကို ထွက်ခဲ့သွား ဟိုခွေးနဲ့ ပြိုင်ကိုက် ..."

ရယ်သံတွေ ဆူညံသွားပါသည်။

"ငါက ... ဘာလို့ ကိုက်ရမှာလဲ ကိုက်ဖူး ..."

"မင်းမှာ သတ္တိရှိတယ်လေ"

ညိုထွန်းက လက်ကို အတင်းပြန်ရုပ်ကာ ...

"အဲဒါ စာအရ သတ္တိထိုးထားတာ ငါ့မှာ သတ္တိမရှိတော့ဘူး"

"ဟောကောင် လေးဖြူသီချင်း ဆိုနေတာလား .. လာစမ်းပါကွာ အဲဒီခွေးက အရမ်းဆိုးတာ .. အရက်ဖိုးပေးမယ်လေ"

"ဟင့်အင်း ဆို ..."

ညိုထွန်း လက်ကိုအတင်းပြန်ရုပ်ကာ ပွစိပွစိပြောကာ ထွက်သွားပါသည်။

"ကြား .. မကြားဖူးပေါင်ကွာ၊ အရက်သမားကို လက်ဖက်ရည် သောက်တဲ့သူက ပြန်ရစ်လာတယ်လို့ ..."

ညိုထွန်း စကားကြောင့် လက်ဖက်ရည်ဆိုင်ထဲကလူတွေ ပြုံးစိစိဖြစ်ကုန်ကြပါသည်။

သီဟ က ညိုထွန်းကို လှမ်းကြည့်ရင်း ...





"ဒီလူ အဲလိုလုပ်မှရမှာ ..၊ ကိုမိုးကြီး တကယ်တော်တယ်"

"ဟောကောင် အကြွေးမပေးချင်တိုင်း မြှောက်ပြောမနေနဲ့"

"ဟာဗျာ ... ခွင်လေးနည်းနည်း ..."

"တော် ...တော် ...လစ်ပြီ"

ကျွန်တော်ပါ တကျိုးတည်း ထပြေးရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓွဲလမ်းခြင်းအဆိပ်က သိပ်ပြင်းထန်တတ်သလား ... ကိုယ့်နှလုံးသားကို ကိုယ်မေးကြည့်ဖို့ အချိန်တန်ပြီ ...။

ဘဝမှာ အနှစ်သုံးဆယ်နီးပါး ပုတ်နိုးမခံရတဲ့ ငါ့နှလုံးသား လာဒ်ခေါ်မကောင်းတာကိုဘဲ ကျေးဇူးတင်နေပေမယ်။ တစ်ကြိမ်ပုတ်နိုးယုံနဲ့ အိပ်ပျော်နေတဲ့နဂါးလို အချစ်ဆိပ်တွေနဲ့ ရင်ထဲမှာ ဆူပွက်သောင်းကျန်းမှာ ငါကြောက်တက်ပါတယ် ...

ဟုတ်တယ်လေ အချစ်ဆိုတာ ရင်ထဲကိုဝင်လာ လက်ခံမိရင် နှလုံးသားကို တာလီတာန် စစ်သွေးကြွတွေကို အုံးအုံး ဒိုင်းဒိုင်းနဲ့ အတွင်းမှာ ဆူပွက်သောင်းကျန်နေတော့မှာကို ...။





အထူးသဖြင့် ၁၅၀၀ မော်ဝင်သိုင်းကွက်နဲ့ ထိပ်တန်းအဆင့် ကောင်မလေးတစ်ယောက်နဲ့ ထိပ်တိုက်မတိုးဖို့ပေါ့လေ ...။

နှုတ်ခမ်းမွေးတွေထား ဆံပင်အရှည်ထား ...မာဖီးယားဂိုဏ်သားလို မျက်နှာထားနဲ့ လူတစ်ယောက်ဟာ နှလုံးသားမနည်းရှုံးလို့ ဘယ်သူပြောလဲ ...

ဒါပေမယ့် ကံကြမ္မာက ပြောတယ် ...။

ဟော ...အချိန်တန်ပြီတဲ့ ....



www.burmeseclassic.com

မတော်တဆတွေထဲက မတော်တဆ တစ်ခုပေါ့လေ …ကမ္ဘာမှာ မတော်တဆတွေရှိပါတယ်။ စဉ်းစားကြည့်တော့ မတော်လို့ တစ်ဆပဲ ရတဲ့ အဓိပ္ပာယ်လား …တော်ရင် နှစ်ဆရမှာလား တွေးကြည့်စမ်းဗျာ…။

ထားပါတော့ အဲဒီ မတော်တဆတွေ ခဏထား၊ ကျွန်တော်ရဲ့ မတော်တဆကို ပြောရရင် .. ကျွန်တော် ဒီတစ်ခေါက် ပြန်တက်ဖို့ (အုန်းပင်) မဟုတ်ပါ .. သင်္ဘောပေါ်သို့သာဖြစ်သည်။ ဘယ်လိုင်းနဲ့ လိုက်ရင် ကောင်းမလဲ၊ ပြန်လာသူတွေ အဝင်အထွက် ကိစ္စတွေနဲ့ ဒေါ်ပုံရုံးမှာ အပေါင်းအသင်းတွေနဲ့ စကားစပ်မိရင် "ဟိုကုမ္ပဏီက ဘယ် လောက်ပေးတယ် .. အဆင်ပြေနိုင်တယ် ..

သတင်းရလို့ သူငယ်ချင်းညွှန်ရာ မြို့လယ်က သင်္ဘောကုမ္ပဏီ တစ်ခုကို သွားစုံစမ်းကြည့်တော့ …ကျွန်တော်နဲ့ အံ့ကိုက်အဆင်ပြေနိုင် ပေမယ့် ချက်ချင်းမထွက်သေးချင်တာကတစ်ကြောင်း၊ အိမ်က ဒါဒီ





အဲလေ ဒယ်ဒီကလည်း မင်း ဒီတစ်ခေါက်တက်ပြီးရင် နားပါတော့ မင်းလိုချင်တဲ့ အတွေ့အကြုံလည်း ရပြီးနေပြီ သူ့အလုပ်မှာ ဝိုင်းကူပါ တော့လို့ ဩဝါဒစကားတွေ ခြွေနေတာကြောင့်လည်း ထွက်ဖို့မထွက် ဖို့ ဝေခွဲရခက်နေတာကတော့ အမှန်ပါ …။

ဒေါ်ပုံရုံးက အပြန်မှာပေါ့ …ထုံးစံအတိုင်း ကျွန်တော်ထီးကောက် ကြီးက ပြဿနာကို ကောက်ကွေးပြီး ရှာတော့တာပါပဲ …

ဖြစ်ချင်တော့လည်း နဂို ကားမှတ်တိုင်မှာ ကားစောင့်နေရင်း …

ဟိုတစ်ခါ ပြဿနာတက်တဲ့ ကိစ္စတစ်ခုကို အမှတ်ရသဖြင့် ဆော ဘီကို ကမန်းကတန်းကြည့်မိသည်၊ တော်သေးတာပေါ့ ဟိုပိုက်ဆံလိုက် တောင်းတဲ့ အစွန်းရောက် အကြမ်းဖက်သမားလေး မတွေ့မိလို့ပေါ့။

ကားစောင့်နေရင်း ထိုင်ခုံမှာထိုင် ထီးကို ပေါင်ပေါ်တင်ရင်း …ဟို ကုမ္ပဏီကပေးတဲ့ လစာကို မြန်မာငွေနဲ့ တွက်ချက်စဉ်းစားရင်း ကျွန် တော် ရှေ့ခပ်လှမ်းလှမ်းက ငှက်ပျောခွံတစ်ခုကို သတိပြုမိပါသည်။ ပြီးတော့ ငှက်ပျော ဒဿနအတွေးတွေလည်း တွေးမိသည်။ လူဆိုတဲ့ အရာမျိုးက အစား စားတာတောင် ငှက်ပျောသီးဆိုတဲ့ အထဲက အရာ ကို စားဖို့ ဘာမဟုတ်တဲ့ အခွံကို သုံးပွင့်ဆိုင် ပန်းပွင့်လေးဖြစ်အောင် နွာပြီး အထဲက အရသာရှိတဲ့ အသီးကိုစားပါသည်။ ပြီးရင် ဖြစ်သလို သည်းကမ်းမဲ့ ပြစ်လိုက်တော့ အခုလို ပလက်ဖောင်းပေါ်မှာ အနိုက်တ

www.burmeseclassic.com



ကွဲ အကျိုးနည်းသူ မျက်နှာကို လူမြင်မခံပဲ မျက်နှာကို ပလက်ဖောင်းနဲ့ ဖုံးကွယ်အရှက်သည်း ငိုကြွေးနေသူလို ...

ငှက်ပျော်ခွံအဘိဓာန်ကိုတွေးနေရင် မျက်မှောင်ကြုတ်မိပြန်သည်။ ခုနကအတွေးက သာယာလှပတဲ့အတွေး၊ မသာယာမလှတဲ့အတွေးနဲ့ တွေးမိရင်း အဲဒီ ငှက်ပျောခွံကိုများ တစ်ယောက်လောက်နင်းမိရင် ...

"လုပ်ရဦးမယ် မဖြစ်ဘူး၊ လူတွေအသက်ကို ငါ ကယ်ရမယ်"

ပေါတီပေါချာစကားကို အသံထွက်အောင်ရေရွတ်ရင်း ပေါင်ပေါ်မှာတင်ထားတဲ့ထီးကို ခေါင်းကကိုင်ရင်း ထီးလက်ကိုင်ချိတ်နဲ့ လှမ်းအဆွဲမှာ ...

"အမလေး ..."

"ဟာ လဲပြီ ..."

မြင်ကွင်းထဲကို ရုတ်တရက်ကြီး ဝင်လာတဲ့ ခြေထောက်တစ်ဖက်က တိုက်ဆိုင်စွာ သူ့ ငှက်ပျောခွံကို လှမ်းအဆွဲ ရုတ်တရက် ဝင်လာတဲ့ ခြေထောက်တစ်ဖက်ချက်ကြောင့် သူ့ရဲ့ ထီးလက်ကိုင်ကောက်ဟာ အဲဒီ ဝင်လာတဲ့ ခြေကျင်းဝတ်ကို လှမ်းဆွဲသလိုဖြစ်ကာ ခြေကျင်းဝတ်အဆွဲခံထားရတဲ့ ပုဂ္ဂိုလ် ကိုးရိုးကားယားလဲကျကာ ဖလက်ဖောင်းပေါ်မှာ ...





သူက ကမန်းကတမ်းထ,ရပ်ရင် လဲနေသူကို ထူပေးမယ် လုပ်တော့ ...

"ဆောရီး ..."

"ဖယ်စမ်းပါ ..."

အသံလေးက နူးနူးညံ့ညံ့လေး သာယာနာပျော်ဖွယ် အသံပေါ့.. မသာယာတာက ကျွန်တော် ထူပေးမယ့်လက်ကိုပုတ်ချပြီး စူးစူးတောက်တောက်ဒေါသလေးနဲ့ ရန်ထောင်ကြည့်တဲ့ အကြည့်တစ်ချက် ...

"ဟာင် ...မင်း ..."

"တောက် တွေ့ရပြန်ပြီ ဒီအကုသိုလ် ..."

"ဘာဖြစ်ပြန်ပြီလဲ အစ်ကို ..."

နောက်တစ်ယောက် ထပ်ရောက်လာပါတယ်။

"ဟာင် အငဲ ..."

"မိုးကြီးပါ အစ်ကိုရယ် ..."

အကြောင်းတိုက်ဆိုင်စွာ ဒီကောင်လေးပါ ရောက်လာတော့ သူတို့သုံးယောက်ဆုံလျှင် ပြဿနာတစ်ခုခုက အမြဲကပ်ပါလာတာ အတိပြုမိပါသည်။

"ရှင် ဒါ တမင်လုပ်တာမဟုတ်လား ..."

"လုပ်ဦးဟ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့် ..."

ကျွန်တော်ရဲ့ အကျင့်ပါနေတဲ့ စကားကြောင့် ကျွန်တော့်ပါးစပ်ကို ကျွန်တော့် အမြန်ပိတ်မိပါသည်။

"မဟုတ်ဘူး၊ ငှက်ပျောခွဲကိုနင်းမိရင် ချော်လဲမှာစိုးလို့ ဖယ်လိုက်တာ .. စေတနာအလဲပါဗျာ .. မယုံရင် မေးကြည့် ..."

"ဘယ်သူ့ကိုမေးရမှာလဲ ..."

ကျွန်တော် ဘယ်သူကို လက်ညှိုးညွှန်ရမှန်းမသိ .. နောက်တော့ ငှက်ပျောခွံကို ညွှန်ပြပြီး ....

"ငှက်ပျောခွံကို ..."

ကျွန်တော် ပြောမိပြောရာ ပြောတော့ ကောင်မလေးက ဒေါသထွက်သလောက် မျိုးကြီးနဲ့ ဘေးကရပ်ကြည့်နေသူတွေ ပြုံးစေ့စေ့...

"အသက်ကြီးပြီး ပေါချာချာနဲ့ ဘယ်လိုလူမှန်းမသိဘူး"

ကောင်မလေးက ဆောင့်ဆောင့်အောင့်အောင့်နဲ့ နောက်ဆုံးပေါ်ကားလေးလို ကြွကြွရွရွ ထော့နင်း ထော့နင်းနဲ့ ထွက်သွားပါသည်။

"အစ်ကိုတို့က ဒီမှတ်တိုင်ရဲ့ ဖူးစာဖက်လားမသိဘူး"

မျိုးကြီးနဲ့ ကျွန်တော် မှတ်တိုင်မှာ ပြန်ထိုင်ရင်း မျိုးကြီးက ပြောတော့ ...

"ငါနဲ့ သူနဲ့က ကျောင်းတော်ကရန်စလည်း မရှိပါဘူးကွာ"





"သူ့အဖေနဲ့ ရှိဖူးမှာပေါ့ ..."

"သူ့ အဖေက ဘယ်သူလဲ ..."

"သူ့အမေရဲ့ ယောကျ်ားလေ ..."

"ဒါဆို သူ့အမေက ..."

"သူ့အဖေရဲ့ မိန်းမပေါ့ .."

"ဟာ ရှုပ်နေတာပဲ၊ ရှင်းသွားအောင် သူဌေးမဆီသွားမယ်"

"သူဌေးအထီးဆီ ဘာလို့ မသွားတာလဲ ..."

"ဟာ ...ဒီကောင် ဟိုမှာ မမြင်ဘူးလား ..."

ကျွန်တော် ညွှန်ပြတဲ့ဆိုင်းဘုတ်ကို မျိုးကြီး ကြည့်လိုက်တော့ သူဌေးမစားသောက်ဆိုင်ဖြစ်နေပါသည်။

"ကောင်းတယ်၊ မြင်ရတာတင် မူးချင်စရာပဲ ..."

နှစ်ယောက်သား ဆိုင်ဆီ ဦးတည်လျှောက်မိကြပါသည်။

"မင်းက ဘာလာလုပ်တာလဲ ..."

"သင်တန်းတစ်ခုလာစုံစမ်းတာ၊ အစ်ကို့ကိုမြင်လိုက်လို့ လျှောက်လာရင်း အစ်ကိုရဲ့ရေစက်ပါရမီလေးနဲ့ ပြဿနာတက်တာတွေ့တယ်၊ လှမ်းအော်လို့လည်း မဖြစ်တာမို့ ဒီအတိုင်းပဲ ကြည့်နေလိုက်တာ"

"တော်တော်အားကိုးရတယ်"

ကျွန်တော် စကားကြောင့် မျိုးကြီးက ရယ်သည်။ ဆိုင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘီယာတစ်ဂျား၊ အာလူးကြော်တစ်ပွဲ မှာပါသည်။

"ကောင်မလေးက ချစ်စရာလေးနော် ..."

"လုပ်ဦးဟ ..."၊

ကျွန်တော် အလန့်တကြား ပြောတော့ မိုးကြီးက သဘောကျစွာ ရယ်ပါသည်။ ကျွန်တော်လည်း ဘီယာလေးငုံလိုက် ဂျစ်တစ်တစ် ဂျစ်ကန်ကန် မျက်နှာလေးကို မြင်ယောင်မိရင်း ပြုံးမိပါသည်။

"တစ်ယောက်တည်း ပြုံးမနေနဲ့လေ ...ကြည်နူးစရာရှိတာ ကျွန်တော်လည်း မျှဝေပေးမှပေါ့ ..."

"မင်းပြောတော့ ငါလည်း သတိရသွားတာပေါ့ကွ၊ တကယ့် ချစ်စရာကောင်းတဲ့ ရှူးကလီယားထိပ်ဖူးလေ ..."

"ဘာလဲဗျ ..."

"ဩော် .. သူ့ပေါက်ကွဲမှုက ပန်းတွေ ပွင့်သလိုပဲ ..."

"ဩော် .. ရေသည်ယောက်ျားကနေ ကဗျာဆရာဖြစ်သွားပြီကိုး..."

"ဘာလဲကွ ရေသည်ယောက်ျား ..."

"ရေသည်ယောက်ျား သဘောသားလေ ..."

**မိုးကြီး စကားကြောင့် ကျွန်တော် သဘောကျစွာ ရယ်မိပါသည်။**





"မို ...ဝိုင်းဝိုင်းလည် ..."

ကျွန်တော် အော်သံကြောင့် လူတစ်ယောက်နဲ့ ရပ်စကားပြောနေတဲ့လူက လှည့်ကြည့်သည်။ ကျွန်တော်က မိတ္တူကူးဆိုင်မှာ စာရွက်စာတမ်းတွေကို မိတ္တူကူးနေတာကို စောင့်နေခြင်းဖြစ်သည်။ ဝိုင်းဝိုင်းလည်ဆိုတဲ့ ပုဂ္ဂိုလ်က လမ်းပြကာ စောဆိုတဲ့ သဘောနဲ့ အချက်ပြပြီး သူနဲ့ စကားပြောနေတဲ့လူနဲ့ ဆက်စကားပြောနေပါသည်။ မိတ္တူကူးနေတဲ့ကောင်လေးက စာရွက်စာတမ်းတွေကို ကလစ်နဲ့ချုပ်ပြီး သူ့ သဘောသား ပတ်စပို့ကို ပြန်ပေးရင်း ...

"နာမည်ကလည်း၊ ဝိုင်းဝိုင်းလည်ဆိုတော့ ကောင်မလေးတွေ ဝိုင်းနေတတ်လို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရယ်ရင်း ပက်စပို့ကို အိပ်ထဲ အရင်ထည့်ကာ ...

"မဟုတ်ဘူး၊ သူ့မည်ကကို စိုးမိုးကျော် ထီဆိုင်နာမည်နဲ့ တူလို့ တောင် မိုင်းတိုင်းလည်းလို့ခေါ်တာကွ ...ကဲ ဘယ်လောက်လဲ ..."

"ထောင့်ရှစ်ရာ အစ်ကို ..."

ကျွန်တော်က ပိုက်ဆံထုတ်ပေးပြီး ဆိုင်ထဲက ထွက်လာတော့ ကိုစိုးမိုးကျော်က တစ်ယောက်တည်း စောင့်နေပါသည်။

"ဟေ့ကောင်လေး ...ဘယ်တုန်းက ပြန်ရောက်လဲ ..."

"မကြာသေးဖူး အစ်ကို နှစ်ပတ်လောက်တောင် မရှိသေးဘူး ..."

"ကိစ္စတွေ ပြီးပြီလား ..."

"ပြီးပြီ ..."

"ဒါဆို ငါနဲ့ လိုက်ခဲ့ ..."

"ခင်ဗျား ...ပြုစုရမှာနော် ..."

"ဖြစ်ပါတယ်ကွာ ...မြို့ထဲမှာ သွားလဲလိုက်ဦးမယ် ...မင်းရော လဲပြီးပြီလား ..."

"အကုန်တော့ မလဲရသေးဖူးဗျ ..."

ကိုစိုးမိုးကျော်က တိုင်စီးတစ်စီးငှားပြီး မြို့ထဲထွက်ခဲ့ကြပါသည်။ မြို့ထဲရောက်တော့ လဲနေကျနေရာမှာလဲလှယ်ပြီး ဆိုင်တစ်ဆိုင်ကောင်းကောင်းမှာ စားကြသောက်ကြရင်း စကားပြောဖြစ်ပါသည်။





"ပြီးခဲ့တဲ့ တနင်္လာနေ့ကမှ ဖော်ဖော် တက်သွားတာကွ ..."

"စဏစဏ ဖြစ်နေရင် မကောင်းဖူးဗျ ..."

ကျွန်တော့်စကားကြောင့် ကိုစိုးမိုးကျော်က မျက်မှောင်ကြုတ်ရင်း ...

"မင်းက ဘာပြောတာလဲ ..."

"ဒီကောင် တက်, တက်တဲ့ ရောဂါရှိလို့ မဟုတ်လား ..."

"ဟာကွာ ...သင်္ဘောနောက်တစ်ခေါက် တက်သွားတာ ပြောတာကွ ..."

"သိဖူးလေဗျာ ..ရော ကုန်တာပေါ့ ...'

"အေးပါ မင်း ငါ့ကို အကြောင်းရိုက်တာ ဟိုတစ်ခေါက် တစ်စီးတည်း အတူစီးကတည်းကနော် ခွေးကောင် ..."

ကျွန်တော်နဲ့ ကိုစိုးမိုးကျော်က ကျွန်တော် ဒုတိယတစ်ခေါက် တက်တုန်းက ညီရင်းအစ်ကိုလို တော်တော်ခင်ခဲ့ပါသည်။ အဲဒီ အခေါက်တုန်းက မြန်မာဆိုလို့ သူရယ် ကျွန်တော်ရယ် ချိန်ကုပ်ရယ်ပဲရှိသည်။ သူနဲ့ ကျွန်တော်နဲ့က တော်တော်ခင်ပါသည်။ အဖြူကောင်နှစ်ကောင်နဲ့ ကိုစိုးမိုးကျော် ပြဿနာတက်တုန်းက သူနဲ့ အဖြူကောင်တွေ ဆော်ကြရင်း သူ့လက်ဖျံမှာ အခုထိ ချုပ်ရိုးကြောင်းက သေရာပါ ...။

နောက်ပြီး ကုန်းပေါ်တက်လည်ကြရင်း အမူးလွန်၍ အိပ်ပျော်သွားကာ သင်္ဘောက ထွက်သွားသောကြောင့် နောက်တစ်စီးနဲ့ပြန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပါသည်။ အဲဒီတုန်းကလည်း သူကြီးကောင်းပေလို့သာပေါ့ …။

"ဒါနဲ့ မမထား နေကောင်းလား"

"ကောင်းပါတယ်ကွာ မင်းတော့ အပြောခံရမှာ သေချာတယ် မိုးသက် …ပြန်ရောက်ရောက်ချင်း သူ့ဆီ မလာလို့ …"

ကျွန်တော်က ကိုစိုးမိုးကျော် စကားကြောင့် ရယ်ရင်း …

"လာမလို့ပါ အစ်ကိုရာ …မမထားအတွက် ပစ္စည်းတွေတောင် ဝယ်ထားတာရှိတယ် …ပြန်ရောက်ရောက်ချင်း အလုပ်က ရှုပ်ကာ ခင်ဗျားလည်း သိရဲ့သားနဲ့ …"

"အေးပါ ဒါနဲ့ မင်းပြန်ထွက်ဖို့ နီးပြီလား …"

"သုံးလလောက်တော့ နေဦးမယ်ဗျာ …ခင်ဗျားရော …"

"အင်း ..ငါလည်း အဲလောက်တော့ နေဖြစ်မယ်ထင်တာပဲ …"

"နေပါဦး မင်း ဒီလိုနေသွားမှာလား …"

ကျွန်တော်က မတ်တတ်ထရပ်ကာ ခုံကို ရွှေ့ထိုင်တော့ …

"ဘာဖြစ်လို့လဲ …"

"ဟင် ခင်ဗျားပဲ ဒီလို နေသွားမှာလားဆို …"

"ခွေးကောင်လုပ်ပြီ မင်း အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူးလားလို့ …"

"တော်ပါဗျာ..ကိုယ့်ကိုယ်ကိုတောင် ချစ်လို့ အားမရသေးဘူး"





"ဟောကောင် မင်း အသက်မငယ်တော့ဘူး …"

"အသက်လည်း မကြီးသေးပါဘူး နှစ်ဆယ်ခုနစ် နှစ်ဆယ့်ရှစ် အသက်ကြီးတယ်ပြောလို့ရသလား အိမ်ထောင်ပြုတယ်ဆိုတာ အသက်ကြီးမှ အသိပျက်တာပါဗျာ …"

ကျွန်တော် စကားကြောင့် ကိုစိုးမိုးကျော် နှာခေါင်းရှုံ့ပါသည်။

"ပြောလိုက်ရင် …ဆင်ခြေ၊ ဆင်လက်၊ ဆင်နားရွက် စုံပါ ဟော့ကောင် ငါ့ဘက်က အမျိုးမရှိပေမယ့် မင်း မမထားရဲ့ ညီမ ဝမ်းကွဲ အချောအလှတွေ တပုံချည်းပဲ …"

"ဝေါ့ …တပုံချည်းပါတယ်ဆိုတည်းက ရွံ့စရာဗျာ …"

ကျွန်တော် လုပ်ပုံကြောင့် ကိုစိုးမိုးကျော်က ပြုံးတွေ့တွေ့နဲ့ …

"မင်း မတွေ့သေးလို့ပါ မိုးသက်ရာ …"

"တွေ့ရင် တစ်ခါတည်း ထွက်ပြေးရမှာလား …"

"အင်း …အငယ်မကတော့ မင်းထွက်ပြေးသွားနိုင်ပါတယ် …အကြီးမကတော့ မင်းတွေ့ရင် အတွေ့နောက်ကျရတာ ကံဆိုးလိုက်တာပါဗျာလို့ မင်းညည်းကို ညည်းသွားမှာ သေချာတယ် ငါ့ကောင် …"

"မာတိကာနဲ့တင် စိတ်ဝင်စားဖို့ ကောင်းနေပြီ …"

"စိတ်ဝင်စားရင် မင်းလိပ်ဖြင်စားလိုက်လေ …"

ကိုစိုးမိုးကျော်က သူ့ခွင်ထဲ ရောက်တော့ ပြန်နောက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောကောင် အိမ်လာဦး …မင်းရောက်နေမှန်း သိရင် မင်း မမထား ဒေါ်ပွနေမှာ ကျိမ်းသေပဲ ငါ့ကောင် …"

"လုပ်ဦးဟ …"

ကျွန်တော် ပြောနေကြ စကားကြောင့် ကိုစိုးမိုးကျော်က ရယ်ပါသည်။

နောက်တော့ ကျွန်တော် ဒီရက်ပိုင်းအတွင်းလာခဲ့မယ့် အကြောင်း ကိုစိုးမိုးကျော်ကို အာမခံကာ ပြန်လာခဲ့ရပါသည်။





အဖော်မရှိလို့ပါဆိုတဲ့ အောင်မင်းခင်ကြောင့် ကျွန်တော် အောင်မင်းခင်နဲ့ အဖော်လိုက်လာခဲ့ရပါသည်။ သိပ်ဝေးဝေးလံလံတော့ မဟုတ်ပါ၊ လမ်းတစ်လမ်းကျော်က အောင်မင်းခင်တို့ အဒေါ်အိမ်ဖြစ်ပါ သည်။

အောင်မင်းခင်တို့အဒေါ် ခြံရှေ့နားရောက်တော့ ကျွန်တော်က…

"ငါ ဒီကပဲ စောင့်မယ် မင်းခင်"

"ဟာ လိုက်ခဲ့ပါ .. ဘာဖြစ်လို့လဲ"

"မင်းအဒေါ်နဲ့ ငါနဲ့မှ မသိတာ .. ပျင်းစရာကြီး သွားပါကွာ"

ကျွန်တော့်စကားကြောင့် အောင်မင်းခင် စိတ်မရှောန်နှင့် …



www.burmeseclassic.com

www.burmeseclassic.com



"စောင့်နေနော် .. ပြန်မသွားနဲ့ဦး"

"ပျံစရာ ငါ့မှာ အတောင်ပံလည်းမရှိဘူး .. စိတ်ချ"

အောင်မင်းဒင် အထဲဝင်သွားတော့ ကျွန်တော် အပင်ရိပ်အောက်ကအုတ်ခုံမှာသွားထိုင်ရင်း လေလေးတချွန်ချွန်နဲ့ ဟိုကြည့်ဒီကြည့်ပေါ့။

ညနေစောင်းဖြစ်တာ တစ်ကြောင်း၊ ရာသီဥတုလေပြည်နဲ့ ညနေစောင်းလမ်းလျှောက်သူတွေ စိတ်ရဲ့ကြည်နူးမှုနဲ့ သီချင်းခပ်တိုးတိုးဆိုမိပါသည်။

"လေနှင်ရာလွင့်ရာဦးမယ် ဘဝပါ"

လွမ်းမိုး သီချင်းလေးပါ၊ ကြိုက်လည်းကြိုက်တဲ့ သီချင်းပေမယ့် သီချင်းစာသားက မေ့နေတာကြောင့် နောက်တစ်ကြိမ် ပြန်ဆိုတာ သီချင်းကို ထပ်ဆက်ဖို့ အားထုပ်မိပါသည်။

"လေ...နှင် ...ရာ ...လွင့်...ရာ...ဦး...မယ် ...ဘဝပါ ..."

"ခင်ဗျား ဘာစကားပြောတာလဲ"

"ဗုဒ္ဓေါ .. လုပ် ဦး ဟ"

ကျွန်တော်လည်း ရုတ်တရက် ဒေါသကီလိုမိတာအပြည့်နဲ့ ဖြန်းဆို ကျွန်တော်ရှေ့ရောက်လာတဲ့ ကောင်မလေးကြောင့် ကျွန်တော်လန့်ဖျပ်သွားပါသည်။

"ဩော် ... ခင်ဗျားကြီးကို ..."





သူမရဲ့ ရိုပ်မိဟာန်မကျေနပ်ဟာန်စကားကြောင့် ကျွန်တော် သေချာကြည့်တော့ မတော်တဆနဲ့ ကြုံတောင့်ကြုံခဲပြသနာဖြစ်ခဲ့တဲ့ ကောင်းမလေး ...။

အထူးသဖြင့် ...

"ဩော် ...အဖော်ကွဲတဲ့ ငှက် ..."

"ဘာရှင့် ..."

"ဟင် ...မင်းနာမည်က ဘာရှင့် ကုလားမလား ...ကုလားမဆိုလုပ် ဘာနူးတို့ ပတေးတိုး ပေးရမှာပေါ့ ..."

ဆရာမင်းလူရဲ့ ဇာတ်ကောင်တွေကို ကျွန်တော် ရည်ညွှန်းပြောတော့ ...

"အသက်ကြီးပြီး မိုက်ရိုင်းတဲ့ဟာချည်း ... ရှင် ခုန ဘာစကားပြောတာလဲ"

အသလွတ်ကြီး ရန်ဆိုတဲ့ဟာကြီးကို ထောင်ပြနေတဲ့ ဟာမလေးကြောင့် ကျွန်တော် စိတ်ပျက်ရပေမယ့် ပျော်သလိုလိုတော့ရှိသည်။

"ခုန ငါ ဘာစကားပြောမိလို့လဲ၊ နေပါဦး မင်းနဲ့ငါ မသိဘူးနော်၊ ဘာလဲ မင်းက ငါ့ကို စိတ်ဝင်စားလို့လား ..."

"ခင်ဗျားကြီးနော် .. ပါးကျွတ်ကျွတ်ကျိုးသွားချင်လို့လား"

"ပါးကို ကျွတ်ကျွတ်ကျိုးသွားရအောင် ငါ့ပါးက ဒယ်အိုးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြော်ထားတာမဟုတ်ဘူး၊ အေး .. ငါ့ပါးကိုလာနမ်းရင်တော့ နဖူးကျိုး သွားမှာပေရှာတယ် ဟော့ကောင် ... အဲ ...ဟော့ကောင်မလေး .."

"ရှင် ... ရှင် ..."

မဒန်းပေါက်လေးလို ခုန်ဆွခုန်ဆွနဲ့ ဒေါသတရားကို ရုပ်လုံးကြွ အောင် သူလုပ်ပြပါသည်။

"ကိုမိုးကြီး ဘာဖြစ်လို့လဲ"

"လေနှင်ရာ .. ညီမလေး ..."

မင်းဒင်နဲ့ မိန်းကလေးတစ်ယောက် ရောက်လာပါသည်။ မင်းဒင် က ကျွန်တော့်ဘေးမှာ ရပ်ပြီး နောက်ရောက်လာတဲ့ မိန်းကလေးက လေနှင်ရာလို့ အမည်ဆန်းဆန်း မဒန်းပေါက်လေးနားမှာ ရပ်ပါသည်။

နောက်ရောက်လာတဲ့ မိန်းကလေးက လေနှင်ရာထက် အသက် ပိုမည်မှန်း ကျွန်တော် ရိပ်မိသလို ထိုမိန်းကလေးသည် ငြိမ်းချမ်းအေး မြတဲ့ လေပြည်လေညင်းလို့ အလှတရားတွေ ပေါင်းစပ်ထားပါသည်။ အထူးသဖြင့် သူမရဲ့ ကျောလည်လောက်ဆံနွယ်တွေ မြန်မာဆန်ဆန် ဝတ်ထားဆင်ယင်မှုဟာ နိုင်ငံတကာကို လှည့်ပတ်နေသူ ကျွန်တော့် အတွက် အထူးအဆန်း ...။

"လေနှင်ရာ ညီမလေး ဘာဖြစ်တာလဲ"

"ဒီလူပေါ့ .. တစ်ခါလည်းမဟုတ်ဘူး သမီးကို ..."





လေနှင်ရာ့ရဲ့ အဘိဓာန်ကြောင့် မင်းဒင် မျက်လုံးပြူးတာ ...

"ဟင် ကိုမိုးကြီး သူ့ကို ဘာလုပ် .."

"ဟော့ကောင် မင်းစကားက ငါ့ကို သေတွင်းထဲနှစ်နေပြီ"

ဆံပင်ရှည်မလေး အရုက်သည်းဟန် ခေါင်းကိုငုံ့သည်။ မင်းဒင် နှင့် သိပုံရတဲ့ လေနှင်ရာက ...

"ဟဲ့ မင်းဒင် .. ငါပြောတာက ရိုးရိုးသားသားဟဲ့ .. ဒီလူကြီး ငါ့ကို အနှောင့်အယှက်ပေးတာ သုံး,လေးခါ ရှိပြီပြောတာ"

"ဩော် ..."

မင်းဒင်က 'ဩော်' နိုင်ပေမယ့် ကျွန်တော်က မအော်ရှာပါ ...။

"မင်းကို ငါ ဘာလုပ်လို့လဲ၊ အကြောင်းတိုက်ဆိုင်လို့ ဖြစ်သွားတဲ့ ကိစ္စမှာ ငါ့ပယောဂ မပါဘူး"

"ပယောဂတွေ အောက်လမ်းတွေ လာမပြောနဲ့ ...၊ ဒါဆို ခုန ရှင်ဘာလို့ ကျွန်မကို သီချင်းဆောင်းဆိုလဲ"

"ဆောင်းဆိုရအောင် ငါမှာ ဂစ်တာလည်းမပါဘူး၊ ဆောင်းလည်း မပါဘူး"

"နေကြပါဦး လေနှင်ရာရယ် ..."

လေပြည်လေးနဲ့တူတဲ့ ဂီတနဲ့ ဆံပင်ရှည် မိန်းကလေးက ဖျောင်း ဖျပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးကြီးက ဘာသီချင်းဆိုလို့လဲ"

"ငါလည်းပျင်းတာနဲ့ သူ့ရှိမှန်းမသိပါဘူးကွာ၊ ဟိုသီချင်းလေကွာ.. လွမ်းမိုးသီချင်း .. လေနှင်ရာလွင့်ရဦးမယ်ဘဝပါ .. အဲဒီသီချင် ..."

ကျွန်တော့်စကားကြောင့် လေနှင်ရာ အော်ငေါက်သည်။ ဆံပင်ရှည်မလေးက ခေါင်းငုံ့ကာပြုံးသည်။

မင်းဒင်က တဟားဟား ...။

"မင်းက ဘာရယ်တာလဲ"

"ရယ်ဆို ...သူ့နာမည်က လေနှင်ရာလေ ကိုမိုးကြီးရ ..."

"လုပ်ဦးဟ ..."

"ရှင်နော် ..."

ကျွန်တော် ပြုံးနေကျ အသုံးအနှုန်းကြောင့် လေနှင်ရာက ကျေနပ်ဟန်မတူ။

သူမကို စောင်းမြောင်းပြောနေဟန် ထင်ပုံရပါသည်။

"ဒီစကားက ကိုမိုးကြီး အကျင့်ပါနေကျ ...လေနှင်ရာ ..."

"သူ့ဘာသာ အကျင့်ပဲပါပါ ...ချိုးပဲပါပါ ငါကိစ္စ မဟုတ်ဘူး"

"ငါက ဘာလို့ ချိုးပါရမှာလဲ၊ မင်းပဲ ချိုးပါ"

"တော်ကြပါတော့ ...၊ ဩော် ...မမသဒ္ဒါကို မိတ်ဆက်ပေးရဦးမယ်၊ ဒီကအစ်ကိုက ကိုမိုးသက်တဲ့ .. သဆော်သားပေါ့"





"တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မ အေးသဒ္ဒါ ပါ"

"ဟုတ်ကဲ့"

ကျွန်တော်တို့ကို မိတ်ဆက်တော့ ပဓာနစောင်းစောင်း ဟာမလေးက ...

"သဆော်သားတဲ့ ..၊ သဆော်သားပုံမပေါက်ဘဲ လေ့စုတ်သမွန်စုတ်လျော်တဲ့ရုပ် ..."

"ငါက သမ္မန်သမား ထားပါပြီ၊ မင်းပုံစံက ယောက်ျားမကျ မိန်းမမကျ ယောက်ပြားရုပ် ..."

သူမက ခွေ့ခွေ့ခုန်ပါသည်။ ပြီးတော့ သူ့အစ်မလက်ကို အတင်းအဓမ္မဆွဲကာ ဆောင့်ဆောင့်နဲ့ ထွက်သွားပါသည်။ ဒီတစ်ခါ ကျွန်တော် ရယ်ရမည့်အလှည့်ပါ။

"ကိုမိုးကြီးနဲ့ လေနှင်ရာက ဇာတ်လမ်းရှိခဲ့လို့လား"

"ရှိတာပေါ့ကွာ .. လမ်းပေါ်က ရန်စပေါ့"

"ဟာဗျာ ကျောင်းတော်ကရန်စပဲ ကြားဖူးပါတယ်"

"ငါတို့က ကျောင်းတော်မှာဖြစ်ကြတာ မဟုတ်ဘူး၊ လမ်းပေါ်မှာဖြစ်ကြတာ ..."

နောက်တော့ မြန်မာ့အသံကဇာတ်လမ်းကို ဒန်..ဒန် ..ဒန်..ဒန်.. ပတီးတော့ဘဲ တိုက်ရိုက် အတိုချုံးပြောပြမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးကြီး ပြောနေကျစကားနဲ့ ပြောရမယ်ဆိုရင် လုပ်ဦးဟ လို့ ညည်းရမလိုပဲ၊ ကဲ ... ငါးရံ့နှစ်ကောင်တော့ တွေ့ပြီ၊ ဘယ်အကောင် ကိုရွေးမှာလဲ၊ လေနှင်ရာ ..လား ..."

"ဖွဟဲ့ လွှဲပါစေကွာ"

"ဒါဆို မအေးသဒ္ဒါ ..."

"လုပ်ဦးဟ ..."

ကျွန်တော် ပြောနေကျစကားကြောင့် မင်းဒင်က တဟားဟား ရယ်သည်။





"မိုး .. အိပ်ချင်လို့ အိပ်ချင်လို့ .."

ကျွန်တော်အထုပ်တွေနဲ့ နဂိုအတိုင်း အိမ်ထဲဝင်လာတော့ မမထား ကျွန်တော့်ကို နှောက်ကျောပေးပြီး စကားပြောနေတဲ့ ညွှန့်သည် ကြောင့် ကျွန်တော် ဣန္ဒြေပြန်ဆည်လိုက်ရပါသည်။

မမထားက ကျွန်တော့်ကိုမြင်တော့ ဝမ်းသာအားရနဲ့ထ,ရပ်ကာ...

"သေနာလေး ...နင်ရောက်တာကြာပြီဆို ... ဟဲ့ ရောက်ရောက် ချင်း ဘာလို့မလာတာလဲ ..လာစမ်း ..လာစမ်း ..."

မမထားက မောင်နှမလို ခင်မင်နေတာကြောင့် ကျွန်တော့် နား ကို ဆွဲလိမ်ပါသည်။ ကျွန်တော် ရယ်ရင်း မမထားနဲ့အတူ ဝင်ထိုင် ရင်း ညွှန့်သည်ကို သတိပြုမိတော့ ....

"ဟင် ..မအေးသဒ္ဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



အေးသဒ္ဒါက ကျောင်းစိမ်းဝတ်စုံနဲ့ ကျောင်းကပြန်လာပုံရပါသည်။

အပြုံးအေးအေးလေးနဲ့ ကျွန်တော့်ကို အသိအမှတ်ပြု ပြုံးပြတော့ .. မမထားက ...

"ဟဲ့ ...နင်တို့က ဘယ်တုန်းက သိကြတာလဲ"

မမထားစကားကြောင့် အေးသဒ္ဒါက ...

"သိဆို ... မမညီမ ...လေနှင်ရာနဲ့ ကိုမိုးသက်တို့က ရန်ဖြစ်ပေါ့ ရန်ဖြစ်ဖက်လေ ..."

"နင်ကတော့ ဖြစ်ရမယ် မိုးသက်ရယ် .. လေနှင်ရာက ဗြဟ္မာဦးခေါင်းနဲ့ အမျိုးတော်တယ်ဟဲ့ ..၊ သူ့အိမ်မှာ သူ ဗိုလ်ပဲ"

"ဖြစ်နိုင်ပါတယ်၊ ရုပ်ကိုက ဗိုလ်ကီတ်ပဲရုပ် ..."

ကျွန်တော် နှာခေါင်းရှုံ့ကာ ပြောတော့ မမထားနဲ့ အေးသဒ္ဒါက ရယ်သည်။

"ဟော မိုးသက်တောင် ရောက်နေပါလား"

ရေမိုးချိုးပြီးစပုံစံနဲ့ ကိုစိုးမိုးကျော် ဝင်လာတော့ မမထားက ...

"ဒီမှာလေ ရှင့်ညီက ...ပါဝါရိမ်းဂျားနဲ့ ရန်ဖြစ်ဖက်တဲ့ ..."

လေနှင်ရာရဲ့ ဘွဲ့ထူးဂုဏ်ထူးတွေ ဒီလောက်များမယ်မှန်း ကျွန်တော် အခုမှ သိပါသည်။





"နေပါဦး လေနှင်ရာက ယောက်ကလျားလား"

ကျွန်တော့်ပြောပုံကြောင့် ရယ်ကြပါသည်။ အေးသဒ္ဒါက အပြုံးလေးဖွတ်ဖျန်းရင်း ...

"သဒ္ဒါ့ ညီမက မိန်းကလေးအစစ်ပါ၊ သူက ဒီကို လွတ်လွတ်လပ်လပ်ပဲ ဝတ်တတ်တယ်လေ"

ကိုစိုးမိုးကျော်က ကျွန်တော့်ကို အဓိပ္ပာယ်ပါပါနဲ့ ...

"အေးပါကွာ .. မင်းတို့ အခုလို နဂိုကတည်းက ခင်မင်ပြီးသားဆိုတော့ မိတ်ဆက်ပေးစရာမလိုဘူးလေ ... မိုးသက် မင်းကို ငါပြောပြောနေတဲ့ ထားရဲ့ ညီမဝမ်းကွဲဆိုတာလေ ..."

ကိုစိုးမိုးကျော် စကားကြောင့် မမထားက ပြုံးစိစိနဲ့ ကြည့်သည်။ ထိုပြုံးစိစိကြီးက ကျွန်တော်တောင် အနေခက်ရပါသည်။ သဒ္ဒါကတော့ ခေါင်းငုံ့နေပါသည်။

ကျွန်တော်ပါလာတဲ့ လက်ဆောင်ထုပ်တွေကိုပေးတော့ မမထားက ရေမွှေးဘူးတစ်ဘူးကို သဒ္ဒါ့ထံ ပေးကာ ...

"ရေမွှေးတွေက မင်းအစ်ကိုပါလာတာ .. အိမ်မှာ များနေပြီ၊ သက်နဲ့သဒ္ဒါနဲ့ ခင်မင်ပြီးသားဆိုတော့ မိုးသက်က သဒ္ဒါ့ကို လက်ဆောင်ပေးတယ် သဘောထား .."

ဟောကြည့် .. မမထားတို့က လုပ်ပြီ၊ ကျွန်တော် အားနာတော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကမန်းကတန်း ...

"ဟုတ်တယ် ကျွန်တော်လည်း ပေးဖို့စိတ်ကူးရှိတယ်၊ အစုမှ ခင်မင်တယ်ဆိုတော့ တစ်မျိုးထင်မှာစိုးလို့ ..."

သဒ္ဒါက ရှက်ကိုးရှက်ကန်းကို ဣန္ဒြေလေးနဲ့ထိန်းရင်း ...

"ကျေးဇူးပါပဲ ကိုမိုးသက်၊ ကဲ မမ ... သဒ္ဒါ ပြန်ဦးမယ်"

မမထားက သဒ္ဒါ နှုတ်ဆက်တော့ ခပ်တည်တည်ကြီးနဲ့ ချောင်းတွင်းထဲချတာလား ရွှေတွင်းထဲ ပြစ်ချတာလားမသိ ...။

"ဟဲ့ မိုးသက် အတော်ပဲ .. နင်တို့နဲ့ သဒ္ဒါတို့က သိပ်မဝေးဘူး၊ ဟဲ့ ငါ့ညီမကို လမ်းကြုံလိုက်ပို့ပေးပါလား"

ကျွန်တော် မျက်ခုံးမြင့်မတတ် ..။ ကျွန်တော် သဒ္ဒါ့ကို မသိမသာကြည့်တော့ သဒ္ဒါက ဆွဲခြင်းလေးကိုကိုင်ပြီး ကျွန်တော့်ကို မျက်ဝန်းပင့်ကြည့်သည်။

ကိုစိုးမိုးကျော်က ပြုံးဖြီးဖြီး။ ကျွန်တော် ကိုစိုးမိုးကျော်ကို အံကြိတ်ပြရင်း ...

"ဟုတ်ကဲ့ မမထား"

"အေး .. မနက်ဖြန် နင်လာဦး ..."

ကျွန်တော် ခေါင်းညိတ်ပြကာ သဒ္ဒါနဲ့အတူထွက်လာခဲ့ပါသည်။ လမ်းမပေါ်ရောက်တော့ အတူလျှောက်လာရင်း သဒ္ဒါ ကို သတိထား





ကြည့်မိပါသည်။ ဣန္ဒြေသိက္ခာတရား အဖြူအစိမ်းဝမ်းဆက်နဲ့ သဒ္ဒါဆိုတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘေးမှာ အခုလို အတူတွဲလျှောက်ခွင့်ရခဲ့ခြင်းဟာ အိပ်မက်တစ်ခုလို့ သတ်မှတ်လို့ရပါတယ်။

"ကိုမိုးသက်အကြောင်းကိုတော့ မမထားနဲ့ စကားစပ်မိလို့ အမြဲကြားဖူးပါတယ်"

"ကျွန်တော့်အကြောင်း ..."

ကျွန်တော့် အပြောစကားကို သဒ္ဒါ ခေါင်းညိတ်ပြပါသည်။ ဆောင်းနဲ့ နှင်းကိုကိုယ်စားပြုတဲ့သူမရဲ့အငွေ့အသက်သည် ကျွန်တော့်ရင်ကို ကူးစက်စေသည်။

"ကိုကြီးစိုးနဲ့ ညီအစ်ကိုလို ခင်မင်တဲ့အကြောင်း၊ ပြီးတော့ ကူညီဘတ်တဲ့ စိတ်ရင်းရှိတဲ့အကြောင်းတွေလေ ..."

"သဒ္ဒါပြောမှ ကျွန်တော် နေရထိုင်ရ ခက်နေပြီဗျ"

"အခု လမ်းလျှောက်နေတာလေ .. နေရထိုင်ရမခက်ပါဘူး"

သူမရဲ့ အပျော်စနောက်မှုက ရင်းနှီးမှုတိုးစေပါသည်။

"သဒ္ဒါက ဘယ်ကျောင်းမှာ စာသင်တာလဲ"

ကျွန်တော့်အမေးက သူမပြုံးစိစိနဲ့ မော့ကြည့်တော့ ကျွန်တော် သူမကို ရင်ဆိုင်ကြည့်ဖို့ ခက်ခဲတာ အမှန် ...။

သူမက သူမ စာသင်တဲ့ ကျောင်းရဲ့အမည်ကို ရွတ်ပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သိပြီ၊ မမထားတို့လမ်းထိပ်က ကျောင်းပဲ .."

သူမက ခေါင်းညိတ်ပြပါသည်။

"အဲဒီကျောင်းနားမှာ ကျွန်တော် အဒေါ်တစ်ယောက်နေတယ်ဗျ"

မရှိတဲ့အဒေါ်ကို အဲဒီကျောင်းနားမှာ အတင်းရှိစေတော့ ..သဒ္ဒါ မိုးသက်ကိုကြည့်ပြီး ရယ်ချင်မိသည်။

ဒီအရွယ် မိန်းကလေးတစ်ယောက်အနေနဲ့ မုဆိုးရဲ့ရန့်ကို အလို လိုသိပြီးသား ...။

တကယ်တော့ မိုးသက် အမှန်အတိုင်းပြောတာဖြစ်ပါသည်။

"သဒ္ဒါ့ကို လေနှင်ရာ သူ့စက်ဘီးလေးနဲ့ အပို့အကြိုလုပ်ပေး တယ်လေ .. ဒီရက်ပိုင်းအတွင်း သူစာမေးပွဲရှိလို့ အပို့အကြိုမလုပ်ဖြစ် ဘူးလေ ကိုမိုးသက်"

"ကောင်းပါတယ်"

"ရှင် .."

လွှတ်ခနဲထွက်သွားတဲ့ စကားကြောင့် သဒ္ဒါ မျက်လုံးပြူးသွားပါ သည်။

မိုးသက် အယောင်ယောင်အမှားမှားနဲ့ ...

"ဟိုလေ ...သူနဲ့ ကျွန်တော်တွေ့ရင် ပြဿနာက အမြဲဖြစ်တတ်လို့"

သဒ္ဒါ ခေါင်းငုံ့ကာ ရယ်မိပါသည်။





သဒ္ဒါတို့လမ်းထိပ်ရောက်တော့ နှစ်ယောက်သား လမ်းခွဲဖို့ ပြင် ဆင်ရပါတော့သည်။

"ကဲ ... သွားမယ်နော် ကိုမိုးသက် ကျေးဇူးပဲနော် ..."

"ဟုတ်ကဲ့ ..."

ညနေခင်းက ပူလောင်မှုတွေမရှိပါ။

နွေရဲ့အစွမ်းကြောင့် သစ်ရွက်ကြွေတော့ မြေပြင်မှာ လေးအဝှေ့ ကြောင့် ရွေ့လျားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်း ...သဒ္ဒါဆိုတဲ့ ကျောင်းဆရာမလေးကို စိတ်ဝင်စားနေတယ်ပေါ့ ..."

"ဟုတ်တယ်"

အောင်မြင့်ထွန်းစကားကြောင့် ကျွန်တော် အခုလိုပြောတော့ သီဟနဲ့အောင်မင်းဒင်က တခွီးခွီး ...။

"လခွီးထဲမှပဲ ကိုယ်ကြိုက်နေလား ...မကြိုက်ဘူးလားတောင် မသိရအောင် မင်းက ဒုလာဖြစ်နေလို့လား"

"မင်းကြီးတော် ငါက ဒုလာဖြစ်ရမှာလဲ၊ မင်းဖြစ် ..."

"ငါက သွေးဆုံးနေပြီ"





အောင်မြင့်ထွန်း စကားကြောင့် ကျွန်တော် ဆဲမိပါသည်။

သီဟ က လက်ဖက်ရည်စားပွဲခုံပေါ်က ပန်ကန်လုံးကို ဆော့ကစားရင်း ...

"ဒါဆို ကိုမိုးကြီး စိတ်ဝင်စားနေတာ ...လေနှင်ရာ ဖြစ်မယ်"

ကျွန်တော် ပါဝါရိမ်းကျားမလေးရဲ့ နာမည်ကြောင့် မျက်နှာရှုံ့မဲ့တော့ အောင်မင်းဒင်က ...

"ဟာကွာ ဒီလောက် ကိုမိုးကြီးနဲ့တွေ့တိုင်း ခွေးရူးလို့ အပြိုင်အဆိုင်ကိုက်နေကြတာကိုး ..."

ကျွန်တော် ကိုယ့်ကိုယ်ကို 'ဂိန်' လို့ မအော်ရယုံတမယ်ပါပဲ။

"မင်းဒင်ရယ် မင်းလုပ်မှ ငါ ခွေးလုံးလုံးဖြစ်တော့တယ်"

"အဲဒါဆိုလဲ မင်း အူပြလိုက်လေ ..."

"ခွေးကောင် အောင်မြင့်ထွန်း မင်းပဲ အူ ..."

ကျွန်တော် စကားကြောင့် သီဟ က ...

"ကန်တော့နော် ... ကိုအောင်မြင့်ထွန်း ခွေးဖြစ်ရင် ခွေးလောင်းလျာသမားဖြစ်မှာ ..."

"ခွေးကောင်လေး .."

"မင်းတို့ကလည်း အချစ်အကြောင်း ပြောနေရာက ...ခွေးတော်ပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မင်းခင်စကားကြောင့် အားလုံး သဘောကျစွာရယ်ကြသည်။ သီဟက စာတ်လမ်းကို ပြန်ဆက်ပြန်သည်။

"ရန်ဖြစ်တယ်ဆိုတာ ...တော်ရုံပါရမီနဲ့ ရန်ဖြစ်လို့မရဘူး"

"ပါရမီနဲ့မရရင် အဓိပတိနဲ့ ဖြစ်ကွာ ..."

ကားလိုင်းနာမည်တွေနဲ့ အချစ်ရေးတွေ ရောကုန်ကြပြန်ပါသည်။

"ငါပြောတာက ရှင်းရှင်းလေးကွာ ..."

"နားထောင်ရသူက မရှင်းဘဲ ရှုးချင်နေပြီ သီဟ ..."

"ကဲ သီဟ စကားဆုံးအောင် နားထောင်လိုက်ပါဦးကွာ"

အောင်မြင့်မြေးက ခေါင်းကုတ်ကာ ဖျန်ဖြေတော့မှ သီဟက ဆရာကြီး စတိုင်နဲ့ ...

"မိန်းကလေးတစ်ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် ပြဿနာကို တကူးတက ပိုးမွေးသလိုမွေးမြူပြီး ရန်ဖြစ်ရတာ ဘာအကြောင်းရှိမှာလဲ"

"ရန်ဖြစ်ချင်တဲ့အကြောင်းပေါ့ ..."

ကျွန်တော် အခုလိုပြောတော့ သီဟ က ...

"တော်တော်တုံးတာပဲ၊ ကိုမိုးကြီး ညအိပ်ရင် မှောက်မအိပ်နဲ့"

"ဟော့ကောင်လေး ..."

"ပက်လက်လှန်ပြီး နဖူးပေါ်လက်တင်ပြီး စဉ်းစားခိုင်းတာပါဗျ





စကားလည်းဆုံးအောင် နားထောင်ပါဦး၊ ဒီလိုရန်ဖြစ်ရတာ လေနှင်ရာ စိတ်ထဲမှာ မသာယာဘူး၊ ကိုမိုးကြီးစိတ်ထဲမှာ ကျေနပ်နေတယ် ဟုတ်၊ မဟုတ် ကာယကံရှင်နှစ်ယောက်ပဲ သိကြမှာ ..."

"ဟုတ်လား မိုးသက် ..."

ခေတ်ပေါ်ချာတိတ်တွေရဲ့ အတွေးအခေါ်တွေက မနက်မိုးလင်း ကုန်စိမ်းတွေလိုပဲ လတ်လတ်ဆက်ဆက် ...။

"ဒါဆို မသဒ္ဒါက ..."

"မသဒ္ဒါက မကပါဘူး၊ ကျောင်းဆရာမပါကွာ"

မင်းခင်က စကားကပ်နေတဲ့ သီဟာလက်မောင်းကို လှမ်းထိုးသည်။

"သူ့ဘက်ကလည်း ကိုမိုးကြီးပြောတဲ့ မမထားတို့ လင်မယား တွေရဲ့ ရေစီကောင်းအောင် အမှိုက်ရှင်နေတော့ ..."

"မြောင်းဖောက်တာပါကွာ ..."

"ရေစီးကောင်းအောင် အမှိုက်ရှင်းရတယ်ကွ ..."

"ထားပါ"

"အပေါင်ဆိုင်မှာလား ..."

"မင်းရှည်းစားကိုထား ..."

"ဒီနှစ်ကောင်တော့ တော်သလင်း မဝင်သေးဘူး ..."

အောင်မြင့်မြေးစကားကြောင့် ဟိုနှစ်ယောက် 'ကိန်' ဖြစ်တာမလို



www.burmeseclassic.com

www.burmeseclassic.com



လို သီဟ က စဥ်းစားဟန်နဲ့ ...

"ဒီအချိန်လောက်ဆို မသဒ္ဓါလည်း ကိုမိုးကြီးအကြောင်း ခေါင်းထဲ ရောက်နေလောက်ပြီ"

မင်းဒင် က သီဟ စကားကြောင့် ...

"ဒီကိစ္စက ၄က်ဖျားပိုး ခေါင်းထဲရောက်တာထက်ဆိုးတယ်"

ကျွန်တော် အဲဒီနှစ်ယောက်အတွက် အားနာပါးနာနဲ့ နှစ်ယောက်လုံးကို ရည်းစားစကားပြောရမယ့်ကိန်းပဲ ...။

"မင်းတို့ ပြောပုံအရဆို ငါကို နှစ်ယောက်လုံးကပဲ စိတ်ဝင်စားနေသလိုလို ..."

"အဲဒီလို ပြောမိလို့လား ..."

သီဟ စကားကြောင့် ကျွန်တော် ...

"လုပ်ဦးဟ ..."

"ဖြစ်နိုင်ခြေကို ပြောတာပါဗျာ .. ဖြစ်နိုင်သလား မဖြစ်နိုင်သလားတော့ မသိဘူး"

"ခွေးကောင်လေး ..."

ကျွန်တော် သီဟကို အခုလိုဘဲတော့ မင်းဒင် က ...

"ဒါနဲ့ ကိုမိုးကြီး စိတ်ဝင်စားနေတာက ..."

"ဟ .. ရရင်တော့ နှစ်ယောက်လုံးကို ယူချင်တာပေါ့"





ကျွန်တော့စကားကြောင့် ဟိုကောင်တွေ မျက်စောင်းထိုးသူ ထိုးနားခေါင်းရှုံ့သူရှုံ့ကြပါသည်။

"မလွန်လွန်းဘူးလား"

"ဘောလုံးအသင်းမှာတောင် အရန်ထားရသေးတာပဲ မင်းဒင်ရယ်..."

"ဒါဆိုလည်း လုပ်ဦးဟ ..."

ကျွန်တော့်စကားကို ယူသုံးတော့ ရယ်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"**မင်း** မိန်းမယူတော့ မိုးသက် ..."

"ဘယ်မှာရောင်းလို့လဲ အဖေ ... လတ်ရဲ့လား ..."

"ခွေးမသား ..."

"ကိုကျော်သက် .."

မေမေရဲ့ နောက်ဆက်တွဲအော်သံကြောင့် ဖေဖေ နည်းနည်းတွန့်သွားပါသည်။ ဖေဖေက ယောကျ်ားအယောက်တစ်ရာနဲ့ ချရဲပေမယ့် မေမေ့အသံကိုတော့ကြောက်သည်။

"ဟော့ကောင် မင်းကို ဆုံးမနေတာကွ ..."

"ဟာ မိန်းမယူရမယ်လို့ ဆုံးမစကား ရှိလို့လား ဖေဖေရာ ..."

"အစက မရှိပေမယ့် အခုရှိတယ်ကွာ"





ကျွန်တော် အားကိုးတကြီး မေမေကို ကြည့်မိတော့ ...

"ဟုတ်တယ် သားအဖေပြောတာ မှန်တယ်။ သား .. အသက်မငယ်တော့ဘူး၊ မင်း ဒီတစ်ခေါက်ပြန်လာရင်တော့ မင်းနားတော့၊ မင်းအဖေအလုပ်ကို လုပ်ချင်လုပ် .. မလုပ်ချင်ရင် ဈေးထဲက မေမေ့ဆိုင်ကိုထိုင်၊ အေး ... မင်းမှာ ရည်းစားမရှိဘူးဆိုရင်တော့ ငါတို့ ရှာအောင်ရှာပြီး မင်းကို ပေးစားမယ်"

"ဟာ .. သား မာတာဂါမတွေနဲ့ ဆက်စပ်လို့မရဘူး မေမေ ..."

ကျွန်တော့်စကားကြောင့် ဖေဖေ ကပ္ပလီပင်လယ်ကို ဗဟိုပြုပြီး ဒေါသအတင့်အသင့် ဖြစ်သလိုပါပဲ ...။

"ငါ ထကန်ရင်တော့ မင်း သွားသုံးဆယ့်နှစ်ချောင်း ငါ့ အိမ်ခြံဝင်းရိုးကို အတန်းလိုက် စိုက်သွားမယ်"

"ဟာ ဖေဖေကလည်း သားမှ မိန်းမ မယူချင်တာ ..."

"အဲဒါဆို ယောကျ်ားယူ ..."

"ဗျာ ..."

မေမေကလည်း ခပ်တည်တည် ...

"ငါပြောပြီးနော် မိုးသက် .. မင်း မိန်းမယူမလား၊ ယောကျ်ားယူမလား စဉ်းစား .. ဒါပဲ ..."

ဒီတစ်ခါတော့ ကျွန်တော် နည်းနည်းတွန့်သွားပါသည်။ လူ



www.burmeseclassic.com

ကြားလို့လည်း မကောင်းပါ၊ တွေးရင်နဲ့တောင် ကြက်သီးထစရာ ...။

"သား မိန်းမပဲ ယူတော့မှာပဲ ဖေဖေ ..."

"ငါတို့ ရှာပေးရမှာလား ..."

"ဟင့်အင်း ... သားဘာသာ ရှာပါ့မယ်"

"မင်း ဒီတစ်ခေါက်သွားရင် ဘယ်လောက်ကြာမှာလဲ"

"တစ်နှစ်ကျော်ကျော်ပေါ့ ဖေဖေ ..."

"အေး .. မသွားခင် ရအောင်ရှာ .. မတွေ့ရင်ပြော ငါတို့ ရှာပေးမယ်၊ ယောကျ်ားလိုချင်ရင် ယောကျ်ားရှာပေးမယ်"

"ရတယ် ဖေဖေ .. မိန်းမပဲ ..."

"တကယ်နော် ..."

"ဟုတ်ကဲ့ ဖေဖေ .. သား သွားလို့ရပြီလား"

"ဘယ်လဲ"

"သူငယ်ချင်းတွေဆီ ..."

ဖေဖေက ဆရာကြီးစတိုင်လ်နဲ့ ခေါင်းညိတ်ပြတော့ ကျွန်တော် တချိုးတည်း အိမ်ပေါ်က ဆင်းပြေးပါတော့သည်။

မိုးသက် ဆင်းသွားတော့ ဦးကျော်သက် ကျေနပ်ဟန်နဲ့ ...

"တွေ့လား မိန်းမ ...၊ မင်းယောကျ်ား ပညာပြပေးလိုက်တာ မင်းသား မိန်းမယူဖို့ တစ်ခါတည်း ခေါင်းကိုညိတ်သွားတာပဲ ..."





ဒေါ်မြမိုးက မကြား၊ တစ်ခုခုကို အသေအလဲ စဉ်းစားနေပုံ ရှိသည်။

ဦးကျော်သက် သူ့မိန်းမကို အသံနည်းနည်းမြှင့်ကာ ...

"မိန်းမ ဘာတွေ စဉ်းစားနေတာလဲ"

ဒေါ်မြမိုး အခုမှ ကြားသွားပုံနဲ့ သူ့ယောကျ်ားကို မော့ကြည့်ပြီး...

"ရှင် အစက ယောကျ်ား ယူဖူးလားဟင် ..."

"ဟိုက် ..."

www.burmeseclassic.com



"ခင်ဗျား ကျွန်တော့်အစ်မနောက် လိုက်နေတယ်ဆို ..."

ကျွန်တော့်ရှေ့မှာ ခြေနှစ်ချောင်းခွဲကာ ဂျင်းဘောင်းဘီ ဂျင်းအကျႌ ဝမ်းဆက်နဲ့ လေနှင်ရာက ဂျစ်ကန်ကန်ပြောသည်။ မိုးသက် ဂျစ်ကန် ကန်ဟာမလေးကို စိုက်ကြည့်နေတော့ သူမ မဖဲ့တတ်ဟန် ...။

"ပြောလေ ..."

"ငါ အနောက်က မလိုက်ပါဘူး၊ ဘေးချင်းကပ် လိုက်တာပါ"

"ရှင် ကပ်မပြောနဲ့ ..."

မိုးသက် လေနှင်ရာကို ကြည့်မိသည်။ မျက်တောင်ခပ်စိတ်စိတ် ဝန်းရံထားတဲ့ မျက်ဝန်းနဲ့ နှာခေါင်းလုံးလုံး ပါးစပ်ဖူးဖူးလေးတွေနဲ့ ဒီ ကောင်မလေး ဂျစ်တစ်တစ်မျက်နှာလေးနဲ့ ယောက်ျားလေးတစ်ယောက် လို ဝတ်တတ်ပေမယ့် သူမရဲ့ နှာကိုယ်အလှက ပျောက်မသွား ...။



"ရှင် ဘာကြည့်တာလဲ"

အတန်ကြာငေးမောမှုကို လေနှင်ရာ က ကျေနပ်ဟန်မတူ ..။

"ဩော် ...မင်း အစ်မနဲ့ မင်းက တစ်ယောက်တစ်မျိုး ကြည့်လို့ ကောင်းတယ်လို့ ..."

"ဘာ ..."

လေနှင်ရာ သူ့ကို ကြည့်လို့ကောင်းတယ် ပြောတော့ ရှက်ကိုး ရှက်ကန်း ကျုံးအော်တော့ မိုးသက် တကယ်ကို လန့်ဖျပ်သွားပါသည်။

"ဖြည်းဖြည်းသက်သာအော်စမ်းပါကွာ .. မိန်းကလေးပီပီ အပေါ် နှုတ်ခမ်းအစွန်နဲ့ အောက်နှုတ်ခမ်း ထိရုံဆိုရုံလေး .. အသံလေးကို ချိုသွားအောင် ..."

"ရှင်နော် ရှင် ..."

"ရှင်နော်ရှင် က ...စာရေးဆရာမ အသစ်လား .. အဆိုတော် လား"

"တောက် ..."

"ဝတ္ထုခေါင်းစဉ်လား .. မဆိုးပါဘူး"

လေနှင်ရာ ဒေါသတွေ တရိပ်ရိပ်တက်လာပါသည်။ လာတုန်း က ဒီလူကို ချဲလင်းလုပ်မယ်ဆိုပြီး လာခဲ့တာပါ။ တကယ်တမ်းတွေ့ ထိုလူနဲ့တွေ့ရင် သူမပဲ အမြဲခံခဲ့ရပါသည်။

www.burmeseclassic.com

နှုတ်ခမ်းကို လေနှင်ရာ ဖိကိုက်မိပြီး မိုးသက်ကို နာကျင်ဒေါသနဲ့ လက်ညှိုးထိုးမိသည်။

"ရှင် ကျွန်မအခန်းမှာနဲ့ ဝေးဝေးနေပါ"

"ဒါဆို မင်းနဲ့ရော နီးနီးနေရမှာလား ..."

"တောက် ...မိုက်ရိုင်းယုတ်မာတဲ့လူ ..."

မိုးသက် မျက်ခုံးပင့် ပခုံးတွန့်ပြကာ သူမ မခံချင်အောင် ရီသွဲ့သွဲ့ပြုံးမိသည်။ လေနှင်ရာ မျက်ဝန်းထဲမှာ မိုးသက်အပေါ် နာကျင်ရိပ်ကမိုးသက် တွေ့နေရပါသည်။ ဒီကောင်မလေးမြင်တိုင်း သူမ မခံချင်အောင်စ,ချင်နေမိတာ ဘာဖြစ်လို့လဲ မိုးသက် မတွေးတတ်မိ ...။

သူမ မိုးသက်အပေါ် အခဲမကျေသမျှ မြေပြင်ကို အပြီးထားကာ ဆောင့်နင်း၍ ထွက်သွားပါသည်။

လေနှင်ရာ ထွက်သွားပြီး သိပ်မကြာလိုက်ပါ သဒ္ဒါ ဆွဲခြင်းလေး ဆွဲပြီး ကျောင်းကပြန်လာပါသည်။ သူ့အနီးရောက်တော့ သူ့ရဲ့ လက်ကျန်အပြုံးတွေမြင်ကာ ...

"ဘာတွေ သဘောကျနေတာလဲ မိုးသက် ..."

မိုးသက် လေနှင်ရာ လာသွားသည်ကို မပြောချင်တာနဲ့ ...

"ဘာမှမဟုတ်ပါဘူး သဒ္ဒါ၊ ခုန ခွေးပေါက်လေးတစ်ကောင် အသလွှတ်ကြီး ရန်တွေ့သွားလို့ ..."





သဒ္ဒါက မျက်မှောင်လေးကြုတ် ပြုံးရင်း ...

"ဟောင်သွားတယ် ပြောပါ မိုးသက်ရယ် ..."

သူကလည်း လက်ပိုက်ကာ ခေါင်းညိတ်ရင်း ...

"ဟုတ်ကဲ့ပါ ဆရာမ ..."

"မိုးသက်နော် ..."

ညနေခင်းမှ ရယ်သံ ငှက်ငယ်တွေ ပျံ့ဝဲနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမနော် အဲဒီလူကြီးနဲ့ တွဲသွားတွဲလာ မလုပ်နဲ့ ..မကြိုက်ဘူး"

လေနှင်ရာ သူမ ကျောင်းကပြန်ရောက်ရောက်ချင်း ပြောတော့ သဒ္ဒါ ပြုံးမိကာ ...

"သူ့ဘာသာသူ လာစကားပြောတာပဲ ညီမလေးရယ် ..."

"အို .. ပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ"

ရှုပုတ်ပုတ်နဲ့ ညီမငယ်ပြောစကားကြောင့် သဒ္ဒါ သက်ပြင်းချကာ...

"မမက ကျောင်းဆရာမတစ်ယောက်ပါ ညီမလေးရယ် .. လမ်းမပေါ်မှာ ဣန္ဒြေပျက်လောက်အောင် မမ နေတတ်ထိုင်တတ်မယ်လို့ ညီမလေး ထင်လို့လား ..."





မေမေက သဒ္ဒါ့အကြောင်း သိနေသူမို့ ဘာမှဝင်မပြော၊ ညီမနှစ်ယောက် စကားပြောဆိုနေကြသည်ကို သိုးမွေးထိုးရင်း လှမ်းအကဲခတ်ကာ ...

"မိုးသက် ဆိုတာ မောင်စိုးမိုးရဲ့ သူငယ်ချင်းဆိုတာလား သမီး"

မေမေ့စကားကြောင့် သဒ္ဒါက ရှိုရှိုသေသေ ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ မေမေ"

ကြည့်ရတာ မမခင်ထား မေမေကို အရိပ်အမြွက်ပြောထားပုံရပါသည်။

"သမီးတို့ ချင်းက ..."

"သမီးတို့ချင်းက ခင်တာ မကြာသေးပါဘူး မေမေ၊ ပြီးတော့ ရိုးရိုးမိတ်ဆွေအဆင့်ပါ"

"အေးလေ ..ငါ့သမီး ဘယ်လိုနေတယ် .. ဘယ်လိုထိုင်တယ်ဆိုတာ မေမေသိပါတယ်"

မေမေ့ထောက်ခံစကားကြောင့် လေနှင်ရာ ပို့ပြီး စိတ်တိုသွားမိဟာ ...

"ဟာ ...မေမေကလည်း သဘောသားဆိုကတည်းက နိုင်ငံပေါင်းမှာ ဆွဲရှုပ်မယ့်လူ .. သမီးတော့ မမကို သဘောမတူနိုင်ဘူး ...မမနော်"



www.burmeseclassic.com

www.burmeseclassic.com



မေမေကာ့လေနှင်ရာ့စကားကြောင့် ရယ်ရင်း ...

"သမီးက ခေတ်လူငယ်ဖြစ်ပြီး အတွေးအခေါ်တွေက ရှေးရိုးစွဲ တွေးတောတတ်တုန်းပဲ ..."

မေမေကပွင့်လင်းသည်။ ပြီးတော့ မေမေ့ စိတ်ထားက နူးညံ့ သည်။

"သဘော်သားဖြစ်ရတာနဲ့ ပွေမယ်ရှုပ်မယ်ဆိုရင် သဘော်သား မှန်သမျှ မကောင်းဘူးပေါ့။ ဒါဆို သမီးလေးလေး ကရော .."

သမီးလေ့လေး ဆိုကတည်းက လေနှင်ရာ နှုတ်ခမ်းထော်သွား ပါသည်။ မေမေ့မောင် လေလေးထွန်းက သဘော်သား၊ ဒါပေမယ့် ဘုရားတရားသမားစစ်စစ်၊ မြန်မာပြည် ပြန်ရောက်ပြီဆိုရင် တရား စခန်းမှာသာ အချိန်ကုန်တက်ပါသည်။

"ဒါကတော့ မေမေရယ် ..လေးလေးနဲ့ အဲဒီလူနဲ့ တူမလား ..."

"သမီးပြောတဲ့ သဘော်သားပဲလေ ...ပျဉ်းကတိုးသား တစ်ခုမှ မပါဘူး"

မေမေရဲ့ အနောက်အပြောင်ကို လေနှင်ရာ မရယ် .. လေနှင်ရာ ရဲ့ အလိုမကျမျက်နှာလေးကို သဒ္ဒါ အကဲခတ်လေ့လာနေပါသည်။

အဲဒီအလိုမကျမှုက ပျောက်မသွား။ ဖေဖေလာလို့ ထမင်းစားခန်း ဝင်တော့လည်း ပန်းကန်က ဘာဖြစ်တယ် ညာဖြစ်တယ်၊ ဟင်းက





မကောင်းဘူးနဲ့ ဆူညံပွက်လော်ကျနေတော့ မေမေ့ မျက်နှာထား တင်း တင်းနဲ့ ...

"လေနှင်ရာ ညည်း တော်ရုံတန်ရုံလောက်ပဲ ဂျစ်ကြတာကောင်း တယ်၊ နေပါဦး .. ညည်းက ဘာဖြစ်လို့ ဘာအကြောင်းပြချက်နဲ့ ဂျစ်ကျနေတာလဲ ပြောစမ်း ..."

"မေမေရယ် ..."

"သဒ္ဒါ ညည်း ဝင်မပါနဲ့ ...၊ ညည်းနဲ့ ညည်းအဖေကြောင့် ဒီ ကောင်မလေးဆိုးနေတာ၊ ငါမပြောချင်လို့ကြည့်နေတာကြာပြီ"

"တော်ပြီ မစားတော့ဘူး"

ဆောင့်ဆောင့်အောင့်အောင့်နဲ့ ထမင်းကို ဆက်မစားတော့ဘဲ လေနှင်ရာ ထွက်သွားတော့ ...

"ညီမလေး ..."

"ချော့မနေနဲ့ သမီးကြီး .. သူဆာရင် လာစားလိမ့်မယ်"

သဒ္ဒါ ဆက်မပြောတော့ ..။ ဒီအိမ်မှာ လေနှင်ရာ ဆိုတဲ့ ညီမ လေးက ဗိုလ် ... ဖေဖေရဲ့ ဦးစားပေးအလိုလိုက်မှု၊ သူမရဲ့ အလျှော့ပေး ကြောင့် ညီမလေးသည် ဆိုးချင်တိုင်း ဆိုးခွင့်ရနေပါသည်။

ပြီးတော့ ညီမလေးရဲ့ အလိုမကျမှုက ဘာလဲ ..၊ သူ့ကိုလား ဒါမှ တတ် မိုးသက်ကိုလား..။ အခါတိုင်း သူမကို ချဉ်းကပ်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးမှန်သမျှ လေနှင်ရာ တစ်ခုမဟုတ်တစ်ခု ဒုက္ခပေးနေကျ ...။ မိုးသက် အတွက် သူမ စိတ်ပူမိပါသည်။ ပြီးတော့ မိုးသက်ကိုလည်း ဒေါသဖြစ်မိပါသည်။ သူမအနားရောက်လာတိုင်း ချစ်စကားကြားလိမ့်နိုးနိုးထင်ရပေမယ့် ကိုတေမိက မဟုတ်တဲ့အကြောင်းအရာတွေကို ရွေးချယ်ပြောနေခဲ့လို့လေ ...။ သူမ မိုးသက်အကြောင်း စဉ်းစားမိတော့ ...

"သမီး ထမင်းဟင်းတွေက ရယ်စရာပါနေလို့လား"

မေမေ့အသံကြောင့် သူမ လန့်ဖျပ်ပြီး ဟင်းချိုကို ခပ်သောက်မည်ပြုတော့ ...

"သမီး အဲဒါ လက်ဆေးရေလေ ..."

သူမ မျက်လုံးပြူးပြီး ရှက်ကိုးရှက်ကန်နဲ့ ဖွန်နဲ့ခက်ရင်းကို လက်ဆေးရေထဲ ထည့်ကာ ...

"သမီး ထမင်းစားလို့ပြီးလို့ ဇွန်းခက်ရင်း ဆေးမလို့ မေမေ ..."

သမီး တချိုးတည်းလစ်ထွက်သွားတော့ ဒေါ်မိမိဦး ပြုံးမိပါသည်။





"ရှင်လွန်လာပြီနော်၊ ရှင် မနေ့ခင့်ယှက်နဲ့လို့ ပြောပြီးသားကို..."

သူ့ကို ချဲလင်လုပ်ဖို့ တာဆူနေတဲ့ ဂျစ်တစ်တစ်ဟာမလေးကြောင့် သက် နှောင့်ယှက်မှုအပေါင်း သရုပ်ဆောင်းခဲ့ပြီလို့ ညည်းရမလိုလို၊ တ်တယ်လေ .. သူမကိစ္စမဟုတ်တဲ့နဲ့ ဇွတ်အတင်းချည်းကြားဝင်ဖြစ်ပါသည်။ ဟိုဘဝက မှောင်ခိုလက်မှတ်ကြားဖြစ်ရင်း သေလို့ စား တဲ့ ကောင်မလေးလား မသိပါ ...။

"ဟော့လူ ရှင့်ကို ပြောနေတာ မကြားဘူးလား"

"ကျားတွေ ခြသေ့်တွေ သိချင်ရင် မင်း တိရစ္ဆာန်ရုံ သွားလေ တိတ်၊ မင်းနဲ့ ဘာဆိုင်လဲ ချာတိတ်ရာ ...၊ နောက်ပြီး မင်းကို ညည်းစားစကားပြောနေတာလည်း မဟုတ်၊ မင်းကို စိတ်ဝင်စား တာလည်းမဟုတ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ မိုးသက်ရဲ့ ရိုသဲ့သဲ့စကားကြောင့် မျက်နှာတွေ ထူပူကာ ဒေါ်သတွေ ထွက်မိပါသည်။ သူမရဲ့သိက္ခာကို အသလွတ်ကြီး စော်ကားသွားတဲ့စကားကြောင့် ဒေါသက လည်ချောင်းဝမှာတစ်နေသလို ခံစားမိပါသည်။

"ရှင့်ကို ကျွန်မအစ်မနဲ့ သဘောမတူနိုင်ဘူး"

"မင်းက သဘောမတူရအောင် မင်းက သူ့အဖေလား၊ ဒါမှမဟုတ် ငါ့ကို စိတ်ဝင်စားနေလို့လား .. သွားစမ်းပါကွာ"

မိုးသက် စိတ်ပေါက်ပေါက်နဲ့ပြောပြီး သူမကိုကျော်ထွက်လာတော့ လေနှင်ရာ အသားတွေတဆတ်ဆတ်တုန်လာပါသည်။ ဒေါသနဲ့ အရှက်တရားကြောင့် ဘာမှမစဉ်းစားနိုင်တော့။ ဘေးဘီကို ကြည့်တော့ အနီးနားမှာ အုတ်ခဲကျိုးတစ်လုံးကိုတွေ့သည်။ အဲဒီအုတ်ခဲကို သွားကောက်ယူပြီး သူမကို ကျော်ခိုင်းကာထွက်သွားသော မိုးသက်ရဲ့ ဦးခေါင်းကို အားနဲ့ထုမိပါသည်။

"ခွပ် ..."

"အား ..."

"ညီမလေး ..."

မိုးသက်ခွေကျသွားပါသည်။ ခေါင်းမှာ မူးဝေနောက်ကျိုမှုတွေ၊ သဒ္ဒါရဲ့အော်သံခေါ်သံ၊ ခေါင်းကို အုပ်ကိုင်ကြည့်တော့ စေးကပ်ကပ်





အရည်၊ နောက်တော့ သူ ဘာမှမသိတော့ ...။

သဒ္ဒါ အနားကိုရောက်လာတော့ မလှုပ်မယှက်ရပ်ကြည့်နေတဲ့ ညီမလေး ..၊ ခွေခွေလေးလဲကျကာ သွေးတွေပေကျံကာ သတိလစ်နေတဲ့ မိုးသက်တို့ကြောင့် ပျာယာခတ်ကာ အနီးအနားကလူတွေကို အားကိုးတကြီး အကူအညီတောင်းမိပါသည်။ ညီမလေးကို ကြည့်တော့ မျက်ရည်တွေ စီးကျကာ ရှိုက်ကြီးတငင်ငိုနေသောကြောင့် သူမ ပွေ့ဖက်ကာ ...

"ညီမလေး ဘာမှ မဖြစ်ဘူး .. မမရှိတယ် .. တိတ်တိတ်"

သူမ မိုးသက်ကို ဆေးရုံတင်ဖို့ စီစဉ်ရပါသည်။ အနီးအနားက လူတွေကလည်း သူမနဲ့အတူ မိုးသက်ကိုပွေ့ထူကာ ကားတစ်စီးတားပြီး ဆေးရုံကိုတင်ရပါသည်။ ဆေးရုံရောက်တော့ ရဲမှုခင်းနဲ့ ပတ်သက်သောဖြစ်ရပ်မို့လို့ ရဲစခန်းကိုအကြောင်းကြားရပါသေးသည်။ ရဲအရာရှိက မစိုးရိမ်ပါနဲ့ ..၊ ခဏထိန်းသိမ်းရုံဆိုပြီး လေနှင်ရာကို ခေါ်သွားတော့ သူမ ရှိုက်ကြီးတငင်ငိုမိရင်း မမထားကို အကြောင်းကြားကာ မိုးသက်အိမ်ကလူကြီးတွေကို ခေါ်ခိုင်းခဲ့ရပါသည်။

ပြီးတော့ ဖေဖေနဲ့ မေမေ ...



www.burmeseclassic.com

www.burmeseclassic.com



"**မင်း**ကွာ မိန်းကလေးတစ်ယောက်ကို နှောင့်ယှက်လို့ အဲဒီ မိန်းကလေးက ခဲနဲ့အထုခံရတယ်တဲ့ .. ကြားမကြားဖူးပေါင်ကွာ"

မိုးသက် အဖေ ဦးကျော်သက် တစ်ဖက်၊ မိန်းကလေး ကာယကံ ရှင် မိဘနှစ်ပါးကို အားလည်းအားနာသောကြောင့် ခေါင်းမှာက ပတ် တီးအဖွေးသားနဲ့ ဆန်ပြုတ်သောက်နေတဲ့ မိုးသက်ကို ဖိကျိန်းမိပါ သည်။

မိုးသက်က ဘာတစ်ခွန်းမှမပြော၊ ဆန်ပြုတ်ကိုသာ ဖြည်းညင်း စွာစားရင်း ဘယ်သူကိုမှမကြည့်၊ လေနင်ရာ ဖေဖေ့ပခုံးကို မျက်နှာ အပ်ပြီး ကိုမိုးသက်ကို ခိုးကြည့်မိပါသည်။





လေနင်ရာ့ဖေဖေနဲ့မေမေက သမီးဖြစ်သူထံမှ အကြောင်းစုံ သိရ သားပြီမို့ မောင်မိုးသက်အဖေ စကားကြောင့် မောင်မိုးသက်ကို အားနာမိ ပါသည်။

သတိပြန်ရတော့ မှုခင်းအရာရှိကို အမှုကျေအေးကြောင်းနှင့် သူ ညည်းစားစကားပြောမိလို့ ကောင်မလေးက ရှက်ကာ ခဲနှင့် ထုသည် သို့ ဝန်ခံခဲ့တော့ သဒ္ဓါရော သဒ္ဓါ အဖေနဲ့အမေပါ အံ့သြရပါသည်။

သမီးငယ်ဖြစ်သူရဲ့ ပြောပြချက်အရ အားလုံးသိထားနှင့်သည်မို့ ဆေးရုံကို ကိုယ်တိုင်ရောက်လာပြီး မောင်မိုးသက် အဖေနဲ့အမေကို အမှုပိတ်ပေးဖို့ ကျေးအေးကြောင်း အနူးအညွတ်တောင်းဆိုဖို့ လာခဲ့ သမယ့် သူတို့ ထင်ထားသလိုမဟုတ်။

မောင်မိုးသက် သမီးငယ်ဖြစ်သူအတွက် ငဲ့ညှာလိုက်မှန်းလည်း သိပါသည်။

"အမှန် ဒီက သမီးက သေအောင်ကို ထုလိုက်ရမှာ ...ခင်ဗျားတို့ ကိုလည်း ကျုပ်သားအတွက် တောင်းပန်ပါတယ်ဗျာ ..."

ဦးကျော်သက် စကားကြောင့် ဖြစ်ရပ်မှန်တွေကို အမှန်အတိုင်း သိထားခဲ့သည်မို့ သဒ္ဓါ ဖေဖေ ဦးရန်အေးက ဘာပြောရမှန်းမသိအောင် မောင်မိုးသက်ကို သနားနေမိသည်။

"မဟုတ်ပါဘူးဗျာ .. ကျုပ်သမီးငယ်ကိုက မလုပ်သင့်တာဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေးဖြစ်ပြီး ဒီလို လုပ်ရတယ်လို့ .. သမီး လေနှင်ရာ ညည်း အစ်ကိုတို့ တောင်းပန်လိုက်"

လေနှင်ရာက ဗွန်းဆုတ်ဆုတ်နဲ့ မတောင်းပန်။ အမှန်က လေနှင်ရာ ကိုမိုးသက်ကို မျက်နှာချင်းမဆိုင်ရဲ .. စကားမပြောရဲတာပါ။ ဒါကို မိုးသက် မေမေ ဒေါ်မြမိုးက ဘယ်လိုထင်သွားသည်မသိ ...။

"အို ...တောင်းပန်ရင်း တောင်းပန်ရမှာက သားက တောင်းပန် ရမှာပါရှင် ...၊ ဒီက ဒေါ်မိမိဦးကိုလည်း သားအစား ကျွန်မ တောင်းပန် ပါတယ်ရှင်"

"အို .. ရပါတယ် မမြမိုးရယ် ..."

သူ့ထက်ငါ အလုအယက်တောင်းပန်နေတာကြောင့် မိုးသက် စိတ်ပျက်ရပါသည်။ သဒ္ဒါက မိုးသက်ကိုကြည့်ပြီး ပိုပြီး စာနာနေမိပါ သည်။

"နေလို့ထိုင်လို့ သက်သာလား မိုးသက် ..."

မိုးသက်က မော့မကြည့်ဘဲ ဆံနွယ်ပြတ်ကို ခပ်ဖြည်းဖြည်းသောက် ရင်း ခေါင်းညိတ်ပြပါသည်။

"ဟော ...မောင်စိုးမိုးကျော်တို့တောင် လာပြီ ..."

ကိုစိုးမိုးကျော်နဲ့ ခင်ထားက နှစ်ဖက် မိဘရဲ့အခြေအနေ တင်းမာ မမာကြည့်ပြီး အရယ်အမောအပြုံးတွေတွေ့မှသက်ပြင်းချမိရပါသည်။





ဟုတ်တယ်လေ ..၊ သူတို့က နှစ်ဦးနှစ်ဖက်လုံးနဲ့ ဝတ်သက်နေရ သည့်သူတွေကို ...။

"ငါ့မှာကွာ .. ခုတင်ပေါ်မှာ မိုးသက်တစ်ယောက် ပက်လက် ကလေးလှန်ပြီး ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်ပြီထင်လို့ ...ခုတော့ အမာကြီး ပါလား .. ကျားစာကျွေးရင်တော့ ရင့်လွန်းအားကြီးလို့ ရှာလကာရည် ထည့်ပေါင်းရမယ့်ကိန်းပဲ ..."

ကိုစိုးမိုးကျော်က ပြောနေကျမယ့် ဖေဖေတို့က ရယ်နေပါသည်။ ကိုစိုးမိုးကျော်နဲ့ မမခင်ထားတို့ကြောင့် နှစ်ဦးနှစ်ဖက် ပိုမိုရင်းနှီးမှုလွယ် ကူစေပါသည်။

သဒ္ဒါက မိုးသက်ကို ဆေးတိုက်၊ လိုအပ်သမျှ ပြုစုပေးတော့ မိုးသက် ဖေဖေက အပြုံးပြုံးနဲ့ ကျေနပ်နေပါသည်။

"ကဲ ...ကျုပ်တို့လည်း ပြန်ဦးမယ်၊ ဆေးရုံက ဘယ်နေ့ဆင်းရ မှာလဲ ကိုကျော်သက် ..."

"မနက်ဖြန်လို့ ပြောတယ် ကိုရန်အေး ..."

"အေးဗျာ ..ဒါဆိုရင် ကျုပ်တို့ ခင်ဗျားအိမ်မှာပဲ လူနာလာကြည့် တော့မယ်"

ကိုရန်အေး စကားကြောင့် မိုးသက် မေမေက အခိပ္ပာယ်ပါပါနဲ့

"သမီးလေးပါ ခေါ်ခဲ့နော်"



www.burmeseclassic.com

ဦးရန်အေး စ,ချင်နောက်ချင်တာနဲ့ ...

"အငယ်မကို ထပ်ခေါ်လာလို့ မောင်မိုးသက် နောက်ထပ် ဆယ်တစ်ချက် ချုပ်နေရဦးမယ်"

ဦးရန်အေး စကားကြောင့် အားလုံး ရယ်ကြပါသည်။

သဒ္ဒါ မျက်နှာက ရှက်ပြုံး ...၊

လေနှင်ရာ မျက်နှာပေါ်မှာ ဝမ်းနည်းဆုံးရှုံးမှု ...။





"မိုက်တီးရဲ့ရိုက်ချက် လာပြီဟေ့ ...လုပ်ဦးဟ ..."

မိုးသက် လက်ဖကရည်ဆိုင်ထဲဝင်တော့ အောင်မြင့်ထွန်းက လှမ်းအော်သည်။ သူ့ အရိုက်ခံရမှုနဲ့ပတ်သက်၍ လေနှင်ရာကို သူတို့နောက်ကွယ် ...'မိုက်တီး' လို့ ခေါ်ကြပါသည်။ ဟိုက ကြားရင်ဘယ်လိုနေမလဲမသိ ...။

ကျွန်တော် ဝင်ထိုင်တော့ အောင်မြင်ထွန်း က ...

"အဆင်ပြေချင်တဲ့ ကောင်များကွာ ...ဆေးရုံကဆင်းမှ ဓာတာတွေ ဆန်းတွေ ပွင့်နေတယ်၊ ဆေးတိုက်ပေမယ့်သူ၊ ဆန်ပြုတ်တိုက်တာက တစ်ယောက် ..."

မနေ့က ဒီကောင်တွေ လူနာလာမေးစဉ် သဒ္ဒါ သူ့ကို ဆေးတိုက်နေစဉ် သဒ္ဒါ မေမေက မေမေ မအားတာကြောင့် လေနှင်ရာကို

www.burmeseclassic.com



နောက်ဖေးမှာ ဆန်ပြုတ်သွားထည့်ခိုင်းတာကြောင့် ဟိုကောင်မလေးက ဆောင့်ဆောင့်အောင့်အောင့်နဲ့ သွားယူပေးရင်း ပြန်ထွက်လာတာကို ဒီကောင်တွေ ကြုံတွေ့လို့ ပြောခြင်းဖြစ်ပါသည်။

"မင်း မထင်ပါနဲ့ကွာ .. မိုက်တီးက စေတနာနဲ့လုပ်ပေးတာ မဟုတ်ဘူးဟေ့.. မသာမယာနဲ့ ဆောင့်ဆောင့်အောင့်အောင့်ဆိုပြီး နာစီအကျဉ်းစခန်းထဲက အကျဉ်းသားကို စစ်ဖိနပ်နဲ့ကန်ပြီး ကျွေးသလိုပဲ ..."

ကျွန်တော့်ဥပမာကြောင့် အားလုံးက သဘောကျစွာရယ်ပါသည်။

"ဒါပေမယ့် အခုဆိုရင် ကိုမိုးကြီးတို့နဲ့ မသဒ္ဒါတို့က ရေလမ်း၊ ကုန်းလမ်း ဖောက်နေကြတာ အသိသာကြီး ..."

သီဟ စကားပုံကြောင့် အားလုံးက ကြောင်သွားသည်။

"ဟာကွာ ...ရွှေလမ်း ငွေလမ်းပါကွာ ..."

အောင်မြင့်ဌေး စကားကြောင့် သီဟ က...

"နှစ်ဦးနှစ်ဖက် အကျိုးတူပူပေါင်းမှုကို ရေလမ်းကုန်လမ်းလို့ ခေါ်တယ်ဗျ။ သံတမန်ဆန်ဆန်ပြောတာ ...အဲဒါကြောင့်မို့ ခင်ဗျား အမြဲရှုံးရှုံးနေတာ ..."

"အေးကွာ ဒိုင်ကောင်းကောင်းက ရဲဖမ်းလို့ ထွက်ပြေးတာနဲ့





ကုန်သလောက် ဖြစ်နေတာ ..."

"ဟာ ရှိပါတယ်ဗျ"

"ဘယ်သူလဲ"

"ကိုဝင်းမြင့် လေ ..."

အောင်မြင့်ထွန်းက မသိ၊ ကျွန်တော်နဲ့ အောင်မင်းဒင်က ပြုံးစိစိ...။

"စိတ်ချရပါတယ်၊ ခင်ဗျားအတွက် အထူးဆုအနေနဲ့ နိုင်းတူးဖိုက် ဟမ်းချိန်းနှစ်ကုံးပေးလိမ့်မယ်"

"ဟေ.. ဖွတာပဲ၊ သူက-ဘယ်မှာနေတာလဲ၊ ငါ့ကို ဆက်သွယ်ပေးကွာ ..."

အောင်မြင့်ထွန်းက ဝမ်းသာအားရပြောတော့ သီဟက ရယ်ဖြဲဖြဲနဲ့ ...

"ရဲစခန်းမှာနေတာလေ ...သူက နယ်ထိန်းလေ ..."

"ဖွဟဲ့ ခွေးမသား ...သီဟ ..."

အောင်မြင့်ထွန်းက စိတ်ဆိုးမာန်ဆိုးနဲ့ သီဟကို လိုက်ထိုးတော့ သီဟ ဝိုင်းကို ပတ်ပြေးပါသည်။

"အကောင်းနဲ့လည်း ငြိမ်းငြိမ်းချမ်းချမ်းနေရပါစေလို့ဆိုပြီး ညီလေးက ဆက်သွယ်ပေးရသေးတာကို၊ ..."

"တော်ပါကွာ၊ မင်းပြောတဲ့ စတီးဟမ်းချိန်းကြီးကို ကြောက်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လို့ ..."

ပတ်ပြေးပြီး မောမောနဲ့ ပြန်ထိုင်တော့ ...

"ထောင်ဆိုတာကြီးကို ကြောက်ကြတယ်နော်"

သီဟ စကားကြောင့် အောင်မြင့်ထွန်း က ...

"မကြောက်တဲ့သူ ရှိပါတယ်ကွာ"

"ဘယ်သူလဲဗျ ..."

အောင်မင်းဒင်က မေးသည်။ အောင်မြင့်ထွန်းက စကားနဲ့မပြော၊ မျက်ခုံးပင့်ပြီး မေးဆတ်ပြသည် ပစ်ကွင်းက မိုးသက် ...။

"ဟ .. ငါက ဘယ်က ပါလာတာလဲ ... လုပ်ဦးဟ ..."

"မင်း ထောင်ကို မကြောက်ပါဘူး ... အိမ်ထောင်လေ ..."

"ခွေးကောင် လုပ်ဦးဟ ..."





ကိုမိုးသက်နဲ့ မမတို့ရဲ့ ပြင်ပကသတင်းတွေ၊ နောက်ပြီး နှစ်ဖက်စလုံးကမိဘတွေကလည်း သဘောတူကြည်ဖြူနေကြသည့်ပုံပေါ်လွင်နေပါသည်။

ထိုသတင်းတွေသည် သူမအတွက်တော့ စစ်ရှုံးပြီလို့ ကြေငြာခံလိုက်ရသလိုပါပဲ ဘာကြောင့်လဲ ...။

မသိစိတ်တွေက ဘာလို့ ကိုကိုမိုးသက်အပေါ် စွဲလမ်းစိတ်နဲ့ လက်လွှတ်အဆုံးရှုံးခံရမှာ ကြောက်နေတာလဲ။ နောက်ပြီး မမနဲ့ သဘောမတူပါဘူးလို့ အကြောက်အကန်ငြင်းဆန်ပြီး ကိုကိုမိုးသက်အပေါ် ချစ် ကျရန်လိုမှုတွေ လုပ်ခဲ့ရတာလဲဆိုတာ .. သူမ ကိုမိုးသက်ခေါင်းကို ဆိုက်ပြီးကတည်းက သိလိုက်ရပါသည်။ သွေးထွက်လွန်ကာ အတိ



www.burmeseclassic.com

www.burmeseclassic.com



လစ်နေတဲ့ ကိုကိုမိုးသက်ကို ကြည့်ပြီး သူမ ရှိက်ကြီးတငင် ငိုယိုမှုသည် သူမ အဖမ်းခံရမှာကြောက်လို့တော့မဟုတ်မှန်း သူမ သိနေခဲ့ပါသည်။

သိပ်မကြာခင် သူမကို အချုပ်က လာထုတ်တော့ သူမ အံ့ဩမိသည်။ အမိပွားယ်က ကိုကိုမိုးသက် သူမကို နှောင့်ယှက် လိုက်စကားပြောလို့ သူမက စိတ်ဆိုးပြီး ခဲနဲ့ထုလိုက်ပါသည်လို့ ပြောခဲ့သည်တဲ့။ နောက်ပြီး အမှုကို ကျေအေးပေးခဲ့တာ ...

ဒီဖြစ်ရပ်တွေသည် သူမအတွက် အကာအကွယ်ပေးခဲ့တဲ့ ကိုကိုမိုးသက်ရဲ့ စေတနာအစစ်မှန်ဖြစ်မှန်း သူမ သိလိုက်ရတော့ သူမ ဝမ်းနည်းမှုတွေ ဆုံးရှုံးမှုတွေနဲ့ အိပ်ရေးပျက်ခဲ့တဲ့ညတွေ များနေခဲ့တာ ကိုကိုမိုးသက် သိမည်မထင် ...။

ပြီးတော့ မမ ရရှိခဲ့တဲ့ ကိုကိုမိုးသက်ဆောနားမှာ ဆေးတိုက်ပြုစုစောင့်ရှောက်ခဲ့တဲ့ အခွင့်အရေးကို သူမ ဆုလာဒ်တစ်ခုလို့ မက်မောနေတာ ဘယ်သူမှမသိပါ။ တစ်ခါရရှိဖူးတဲ့ မမ မအားလို့ ဆန်ပြုတ်သွားယူပေးခဲ့ရတဲ့ အခွင့်အရေးကို သူမ မကျေမနပ်ဟန်နဲ့ ဆောင့်ဆောင့်အောင့်အောင့် ယူပေးသည့်ဟန်နဲ့ ထ,ထွက်သွားပေမယ့် သူမရင်ထဲက ပျော်ရွှင်မှုကို ဘယ်သူမှမသိ ...။ အဲဒီအခွင့်လေးရလိုက်မှုကို သူမ တစ်သက်လုံး ပျော်ရွှင်လို့မဆုံးပါ ..။

အခုတော့ ကံတရားက သူမ အခွင့်အရေးကို တံခါးပိတ်ဖို့ ကြိုး





စားနေပါပြီ ...။

"သမီး ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် .. မေမေ ..."

မေမေက သူမဆောမှာဝင်ထိုင်တော့ သူမ မော့ကြည့်မိပါသည်။ သူမ အခန်းထဲမှာ ပြတင်းတံခါးကိုဖွင့်ပြီး အဝေးကို ငေးကြည့်တွေးနေမိစဉ် မေမေ ရောက်လာခြင်းဖြစ်ပါသည်။ မေမေက သူမဆောမှာဝင်ထိုင်ရင်း နဖူးကိုစမ်းတော့ သူမ ဝမ်းနည်းအခံကြောင့် မျက်ရည်ဝဲမိတော့ ...

"ဘာဖြစ်လို့လဲ သမီး၊ နေမကောင်းဘူးလား ..၊ မျက်ရည်တွေကလည်း ဝဲနေလိုက်တာ ..."

မေမေက ပျာပျာသလဲ မေးတော့ ...

"ခေါင်းနည်းနည်းကိုက်လို့ပါ မေမေ ..."

"ဟင် အရမ်းကိုက်နေလား သမီးလေး ..."

"သက်သာသွားပါပြီ မေမေ၊ သမီး ဆေးသောက်ပြီးပါပြီ"

"သမီးရယ် ခေါင်းစ,ကိုက်ထဲက မေမေကို ပြောပေါ့"

"မေမေ ..."

"ဘာလဲ သမီး ..."

မေမေက သူမဆံပင်တွေကို ပွတ်သပ်ပေးတော့ သူမ မေမေ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်မှာ မှီရင်း ...

"မမနဲ့ ကိုမိုးသက်တို့ အခြေအနေကရော .."

မေမေက သူမကို ငုံ့မိုးကြည့်ရင်း ...

"ဘာလဲ ..၊ သမီးက သဘောမတူဘူးလား"

သူမ သက်ပြင်းကျိတ်ရှိုက်ရင်း ...

"တူပါတယ် မေမေ"

သူမ ခက်ခက်ခဲခဲ ပြောယူရတဲ့စကားကြောင့် မေမေက တိုးတိုးရယ်ရင်း ...

"သမီး တူတာကြီးကလည်း ..၊ မောင်မိုးသက်က စိတ်ရင်းကောင်းပါတယ်ကွယ်၊ သမီးကြီးကတော့ မောင်မိုးသက်နဲ့ စကားပြောကြည့်ဦးမယ် ...တဲ့ ..."

"ဘယ်လို ..."

"ဟုတ်တယ်လေ၊ သူတို့တွေက သမီးရည်းစားတွေမှ မဟုတ်ကြသေးတာ ..."

သူမ ဒီစကားကို မယုံကြည်ပါ။ ဒါဟာ ကိုမိုးသက်နဲ့ မမတို့ရဲ့ လူကြားကောင်းအောင် ပြောနေကျစကားဖြစ်ကြမည်ထင်သည်။

အခန်းတံခါးခေါက်သံကြောင့် မေမေက ..

"ဘယ်သူလဲ ..."





"အထွေးပါ မေမေကြီး ..."

"ဘာကိစ္စလဲ အထွေး ..."

"မမငယ် သူငယ်ချင်း ဆုစန် ရောက်နေလို့ပါ"

"သမီး ခြံထဲမှာပဲ စကားပြောတော့မယ် မေမေ ..."

"ကောင်းတယ်သမီး၊ ခေါင်းလည်း ကြည်တာပေါ့၊ မေမေလည်း ချက်ပြုတ်စရာတွေ ရှိသေးတယ်"

သူမ သပ်သပ်ရပ်ရပ်ပြင်ဆင်ပြီး အောက်ထပ်ဆင်းလာတော့ ဆုစန်က ဆိုဖာမှာထိုင်ရင်း ...

"အောင်မယ် ... နင်က အိမ်မှာ နှပ်နေတာပေါ့"

"လာဟာ ... ခြံထဲ ဆင်းရအောင် ..."

"ကောင်းတယ်၊ နင့်ကို ငါ ပြောစရာရှိတယ်"

သူမ မျက်ခုံးလေး တွန့်လာမေးမိသည်။

"ဘာကိစ္စလဲ ..."

ဆုစန် ပတ်ဝန်းကျင်ကို အကဲခတ်ပြီး ...

"နင်ရဲ့ ညီညီဇော်လေ ..."

"သွားစမ်းပါဟာ .. အခြောက်တိုက် ဘဝင်မြင့်နေတဲ့ကောင်"

သူမက မကျေမနပ်ပြောတော့ ...

"အဲဒါတော့ မသိဘူး ဒီကောင် နင့်ကိုအိနေတာ ငါတို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



သိနေတာပဲဟာ ..."

ညီညီဖော်ဆိုတာ သူတို့နဲ့ တဖွဲ့တည်းသူငယ်ချင်းဖြစ်သည်။ ဘာအလုပ်မှမလုပ်၊ လျှောက်လေလွင့်နေတဲ့ကောင် .. မိဘအရိပ်အဝါနဲ့ ဘဝင်မြင့်တတ်သည့်ကောင်၊ ဒါပေမယ့် ညီညီဖော်က သူမ စကား တစ်ခွန်းပါပဲ ...။

"ဟုတ်တယ်ဟ ... နင့်ကို တွေ့ချင်လို့တဲ့ ..."

"တွေ့ရအောင် ဒီကောင်က ငါ့ရည်းစားမှမဟုတ်တာ ..."

သူမတို့ ထိုင်ခုံမှာဝင်ထိုင်ထိုင်ချင်း ဆူဇန်က ပြုံးစေ့စေ့နဲ့ ...

"ဒါဆို နင့်အိပ်မက်ကိုကိုကရော ..."

ဆူစန်က အနာဟောင်းကို အပ်နဲ့လာဆွနေပါသည်။ သူမ မျက်နှာ မကောင်းတော့ ...

"ဘာဖြစ်လို့လဲ ဟဲ့ ..."

"သူ လက်ထပ်တော့မယ်"

ဆုံးရှုံးမှုက နီးကပ်နေပါပြီ ...။

"ဘယ်သူနဲ့လဲ ..."

"ငါ့အစ်မနဲ့ဟ ..."

ဆူစန် ရင်ဘတ်ဖိကာ မျက်လုံးပြူးသွားပါသည်။

"ဗုဒ္ဓေါ ဘယ်လိုက ဘယ်လိုဖြစ်ကြတာလဲ"





သူမနဲ့ ကိုမိုးသက် စတွေ့ ပြဿနာတက်ခဲ့သည့် ကိစ္စမှန်သမျှ ဆူစန် အကုန်သိသည်။ နောက်ဆုံး သူမ တိတ်တခိုး ကျိတ်ချစ်နေခဲ့သမျှ ဆူစန် သိသည်၊ ဆူစန်သည် လေနင်ရာရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်။

သူမ မျက်ရည်စို့ ငေးငိုင်တော့ ဆူစန်က သက်ပြင်းချကာ ...

"ကဲ ဝမ်းနည်းစရာတွေ တွေးမနေနဲ့ ..၊ ရွှေရည်တို့နဲ့ ချိန်းထားတယ်ဟ၊ လာဟာ.. နင်လည်း စိတ်ပြောင်းသွားအောင်ပေါ့ ..."

"ငါ မလိုက်ချင်ပါဘူးဟာ ..."

"ကျွတ် ... နင်ဟာ ခေါင်းမရှုပ်ရှုပ်အောင် အပိုဗီအားတွေ ထည့်ရတယ်လို့ .. လာပါဟာ ..."

အတင်းစွတ်ခေါ်နေတာကြောင့် ပြောလို့မရတဲ့အဆုံးမို့ ...

"ဒါဆိုရင် ခဏစောင့် ..၊ ငါ မေမေ့ကို သွားပြောလိုက်ဦးမယ်"

"မြန်မြန်လုပ်နော် ..."

"အေးပါဟာ ..."

သူမ တိုက်ထဲပြန်ဝင်ကာ မေမေရှိရာ မီးဖိုဆောင်ထဲသို့ဝင်ကာ ...

"မေမေ .."

မေမေ့ခါးကို ဖက်ပြီး ပြောတော့ မေမေက ထွေးထွေးတို့ကို ချက်ပြုတ်ရန် ညွှန်ပြနေရာမှ ...

"ဘာလဲ သမီးလေး ..."



www.burmeseclassic.com

www.burmeseclassic.com



"သမီး သူငယ်ချင်းတွေနဲ့ သွားစရာရှိလို့ ..."

"သွားလေ ...ထမင်းစားအမီ ပြန်လာမှာလား ..."

"ဟုတ်ကဲ့ မေမေ ..."

"ဒါဆိုရင် သမီး မမ ခင်ထားတို့ဆီ မေမေ မှာတာ ဝင်ပြောပေးပါ သမီးရယ် ..."

"ဘာကိစ္စလဲ မေမေ ..."

မေမေက ဆီသတ်ဖို့ ထွေးထွေးကို ညွှန်ကြားပြီးမှ ...

"သမီးကြီးကြီး ရောက်နေပြီတဲ့ ..."

သူမ နှာခေါင်းရှုံ့မိပါသည်။ ကြီးကြီးနှင့် သူမက မတည့်။ မေမေ့က သူမ နှာခေါင်းရှုံ့တာမြင်တော့ ရယ်သည်။ ကြီးကြီးက စည်းကမ်းကြီးသည်။ မမနဲ့တော့ တည့်သလားမပြောနဲ့ ..၊ ကြီးကြီးဆိုတာက မမခင်ထားရဲ့အဖေ ဦးထွန်းရဲ့အထက်က ..၊ မေမေက ဦးထွန်း ပြီးရင် အငယ်ဆုံး။

"သမီးတော့ မလိုက်ဘူးနော် မေမေ ..."

ကြီးကြီးလာရင် တစ်အိမ်လုံး ဦးထွန်းတို့ အိမ်မှာ သွားအိပ်တတ်ပြီး ဆွေမျိုးတွေစုံစုံလင်လင် ရင်းရင်းနှီးနှီးနေတတ်ကြတာ အစဉ်အလာ ...။

"အေးပါ .. သဒ္ဒါပဲ မေမေခေါ်သွားမှာပါ၊ သမီး ခင်ထားကို





ပြော လိုက်၊ လင်မယားနှစ်ယောက်လုံး ကိုထွန်းတို့အိမ်ကို ညအိပ်လာခဲ့လို့ ..."

"ဟုတ် ..."

"ကဲ ..ကဲ သွား သွား နောက်ကျမနေနဲ့ မေမေတို့ကရှိမှာ မဟုတ်ဘူး ..စောစောပြန်ခဲ့ ..."

"စိတ်ချပါ မေမေရယ် ..."

မေမေ့ကို ကတိပေးပြီး သူမ အခန်းကိုဝင်ကာ အဝတ်အစားလဲပြင်ဆင်ပြီး ဆူစန့်ကားနဲ့ ထွက်လာခဲ့ပါသည်။

"ဆူစန် မမထားတို့အိမ် အရင်ဝင်ဟာ .. မေမေမှာတာ ဝင်ပြောမလို့ ..."

ဆူစန်က မမထားတို့ အိမ်ကို သိတာကြောင့် ခေါင်းညိတ်ပြပါသည်။

မမထားတို့ ခြံရှေ့ရောက်တော့ ဆူစန်က ကားရပ်ရင်း ...

"နင်ပဲ ဝင်ပြောလိုက် ကား ခြံထဲဝင်ရင် အထွက်ရခက်တယ်ဟ"

မမထားတို့ ခြံတံခါးက ကျဉ်းသောကြောင့် ဆူစန်ပြောတာကို ခေါင်းညိတ်ပြပြီး ခြံထဲဝင်ခဲ့ပါသည်။

ခြံထဲရောက်တော့ လူသံတွေ တိတ်ဆိတ်နေပါသည်။ အပြင်ထွက်သွားလာနေကျမို့ ...သူမ အိမ်တံခါးဖွင့်ပြီး ဝင်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲရောက်တော့ ကိုစိုးမိုးကျော်က သူမကို နောက်ကျောပေးကာ ဖုန်းဆက်နေပါသည်။

"အေး မင်း ဒီညလာခဲ့ ..၊ အေးပါ မိုးသက်ရာ .. ငါ ဂျော်နီ တစ်တောင့် ရထားတယ်၊ ဘာဖြစ်လဲ ... နောက်ကျလည်း လာခဲ့၊ အိမ်မှာပဲအိပ်လိုက် ဟုတ်ပြီလား ..."

ကိုစိုးမိုးကျော်က သူမဘက်လှည့်တော့ ဖုန်းကို လက်ဝါးနဲ့ ကွယ်ကာ ....

"လေနှင်ရာ ပါလား ... အေး ...ခင်ထား နောက်ဖေးမှာ ...ဟာ မင်းကိုပြောတာမဟုတ်ဘူး၊ လေနှင်ရာကို ... အေး ...ဖုန်းချလိုက်ပြီနော် ... ငါလည်း အခုပဲ မြို့ထဲတက်မလို့ .. အိမ်အဝင် နောက်ကျမယ် ဒါပဲ ဒါပဲ ..."

သူမ ခေါင်းထဲမှာ လက်ခနဲဖြစ်သွားခဲ့တဲ့ အတွေးတစ်ခု ကိုစိုးမိုးကျော်က ဖုန်းကိုပိတ်ပြီး ဖိနပ်စင်ကိုလျှောက်လာရင်း ဖိနပ်စီးကာ...

"ဘယ်က လှည့်ဝင်လာတာလဲ ဟ ..."

သူမ ကိုစိုးမိုးကျော် စကားကြောင့် နားရွက်ကို လက်နဲ့ကာပြီး...

"ရှင် ... သိပ်မကြားရဘူး နားထဲရေဝင်လို့ ..."

ကိုစိုးမိုးကျော်က မျက်နှာရှုံ့မဲ့ပြီး အသံကျယ်ကျယ်နဲ့ ...

"နားဆေးခန်းလေး သွားပြဦး၊ ကြားလား ..."





"ကြားတယ်"

"ကဲ ငါလည်း မြို့ထဲသွားလိုက်ဦးမယ်"

သူမက မကြားဟန်နဲ့ ...

"ဘာ မြေပဲသွားစိုက်ဦးမယ်၊ သဘောမတက်တော့ဘူးလား ..."

ကိုစိုးမိုးကျော် ခေါင်းတခြင်းခြင်းကုတ်ပြီး အိမ်ပေါ်ကဆင်းသွားပါသည်။ သူမ သဘောကျစွာရယ်ကာ ..နောက်ဖေးဆောင်မှာ ချက်ပြုတ်နေတဲ့ မမခင်ထားအနားကို မသိအောင် ခပ်ဖွဖွလျှောက်လာပြီး အနားနားရောက်မှ ...

"ဟိတ် ..."

"ဟဲ့ ကိုရီးယား ဇစ်နံ အမလေး လန့်လိုက်တာ လေနှင်ရာ ရယ် ..."

သူမ မမခင်ထား ယောင်ပုံကြောင့် သဘောကျစွာရယ်ရင်း ...

"မမခင်ထား ယောင်တာကြီးကလဲ ဘာလဲ ..ကိုရီးယား ဇစ်နံ..."

"သြော် .. ဈေးထဲမှာ ဆန်ရောင်းတဲ့ ဒေါ်မြင့်က ဇစ်နံဆန် အကြောင်းပြောတာ သတိရနေရင်း ဒီည ကိုရီးယားကား ဘာကား ဘာမလဲ တွေးမိတော့ ရောကုန်တာပေါ့ဟ .. ဟဲ့ ...ဘာကိစ္စလဲ"

မမခင်ထား ပြောပုံကြောင့် သူမ နှုတ်ခမ်းဆူပြီး ...

"တွေ့လား မမခင်ထားတို့က ညီမလေးလာရင် ဘာကိစ္စလဲ ဘာကိစ္စလဲ မေးပြီ၊ မမသဒ္ဒါ လာရင်တော့ အခုမှ လာတော့တယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တယ်နဲ့ သိပ်သိတာပဲ"

သူမရဲ့ ဆူပွပွပြောပုံလေးကြောင့် မမခင်ထားက သူမကို ဖက်ကာ ... "

"သြော် .. လေနှင်ရာရယ် .. မမခင်ထားက ဒီ ညီမချောချောလေးကို ပိုချစ်တာပေါ့"

သူမက ကျေနပ်သွားဟန်နဲ့ ...

"အပြောကတော့ ဒေါ်ခင်ထားပဲ၊ ကဲ လာရင်းကိစ္စပြောမယ် .. ဒီနေ့ ကြီးကြီး ရောက်မယ်၊ မမခင်ထားနဲ့ ကိုကြီးစိုးမိုးကျော် ..."

"ထုံးစံအတိုင်း အဖေ့အိမ်မှာ အိပ်ရမှာပေါ့" ..

လေနှင်ရာ ခေါင်းညိတ်ပြလိုက်ပါသည်။ မမခင်ထားကို အကဲခတ်တော့ ဒီည ကိုကြီးစိုးမိုးကျော်နဲ့ ကိုကိုမိုးသက် ဒီည ဝိုင်းဖွဲ့သောက်မှာ သိပုံမရသေးမှန်း သိသာပါသည်။

"ကဲ သွားမယ် မမခင်ထား၊ ဆူစန်လည်း ပါတယ်၊ သွားစရာရှိလို့"

"ညည်းရော လိုက်အိပ်မှာလား"

သူမက ပခုံးတွန့်ပြတော့ မမခင်ထားက ရယ်ရင်း ...

"စတေး ရှောင်ပြီပေါ့ ..."

"ဒါပေါ့ ..."





မမခင်ထားလည်း ကြီးကြီးနားမှာနေရမှာ စိတ်ညစ်နေမှန်း သိသာသည်။ မမခင်ထားကို နှုတ်ဆက်ပြီး ထွက်လာကာ၊ ကားထဲဝင်တော့ ဆူစန် က ...

"ကဲ မရွှေလေနှင်ရာ ကျုပ် ဘယ်ဆက်မောင်းပေးရဦးမလဲ"

သူမ မျက်လုံးမှေးပြီး စဉ်းစားနေတော့ ...

"ဟဲ့ မေးနေတာ ဖြေဦးလေ .. ဘာဖြစ်နေမှန်းမသိဘူး"

"ဆူစန် ..."

"ပြော ..."

"နင် ငါပြောတဲ့အတိုင်း မောင်း ..."

"ဘာလုပ်ဦးမလို့လဲ"

"လမ်းကျရင် ပြောပြမယ်"

"ဘာတွေလဲဟာ ..."

သူမ ကိုကိုမိုးသက် ပြောလေ့ ပြောထရှိတဲ့ စကားတစ်ခွန်းကို ပြောမိသည်။

"လုပ်ဦးဟ ..."

အဲဒီစကားကြောင့် ဆူစန်က ရယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"**ဟော** ဘယ်က လှည့်လာတာလဲ ..."

သူမ မျက်စန်းကဲ နေရာအနှံ့ရှာဖွေနေပါသည်။ ဆူစန်က သူမရဲ့လက်ကို အသာလာကုတ်တော့ သူမ တွေ့ကြောင်း အချက်ပြသည်။ ဆူစန်က လျှင်ပါရဲ့ ...။

"ဘယ်သူမှ မရှိကြဘူးလား"

ကိုမိုးသက်က နေရာထိုင်ခင်း ညွှန်ပြရင်းကဲ ...

"ဘယ်သူမှ မရှိဘူး၊ ကဲ ...ဆို ဘာကိစ္စ ..."

"ရေလေးတစ်ခွက်လောက်ရမလား မသိဘူး"

"ဗျာ ..."

ဆူစန့်စကားကြောင့် မိုးသက် အံ့သြသွားသည်၊ ဆူစန်က ရယ်ချင်ဟန်နဲ့ ...





"ဟိုလေ ရေငတ်လို့ ..."

"ဪ ဟုတ်ကဲ့၊ အကြည် ...ဪ မေ့နေတယ် အပြင်ခိုင်းထားတာပဲ .. ခဏနော် ..."

မိုးသက်ကိုယ်တိုင် ထ,ယူမှဖြစ်မှာမို့လို့ နောက်ဘက်ထဲ ဝင်သွားပါသည်။ အလျှင်းသင့်ချင်တော့ မိုးသက်က သူ့ရဲ့ဟန်းဆက်ကို ဖစ္စည်းအလှထားတဲ့ရှိုးကေ့စ်ဘေးက ပန်းအိုးပုလေးနားမှာ ထားထားပါသည်။

လေနှင်ရှာ ခပ်မြန်မြန်သွားယူပြီး လော့ခ်ချလိုက်ပါသည်။

"ဟဲ့ ...ဘာလုပ်မှာလဲ ..."

သူမ ယူသွားလို့လည်း မဖြစ်၊ ဒီဖုန်း ဒီတစ်နေ့တော့ ကိုကိုမိုးသက် မမြင်မှ ဖြစ်မည်။ သူမ ပတ်ဝန်းကျင်ကို ကြည့်မိပြီး ...

"ရပြီ ဆူစန် ..."

ခပ်လှမ်းလှမ်းက အမှိုက်ပုံးထဲကို ဖုန်းကိုပစ်ထည့်ကာ အမြန်ထိုင်လိုက်ချိန် ... မိုးသက် ဖန်ခွက်ယူပြီးလာတဲ့အချိန် ကွက်တိပါပဲ။

"လေနှင်ရှာတို့ ဒီနားက သူငယ်ချင်းတစ်ယောက်ဆီလာရင်း ရေငတ်တာနဲ့ ရေဝင်သောက်တာ ..."

မိုးသက် တော်တော်ကပ်စေးနည်းတဲ့ဟာမလေးတွေလို့ တွေးမိပါသည်။ ရေငတ်တာများ လမ်းဘေးဆိုင်တစ်ဆိုင်က ရေသန့်ဘူး



www.burmeseclassic.com

www.burmeseclassic.com



တစ် ဘူး ဝယ်သောက်လည်းဖြစ်တဲ့ဟာကို ...။

ဆူစန် ရေသောက်ပြီး ရှေ့မှာပြန်ချထားတော့ လေနှင်ရာ ဒီက နေ အမြန်ဆုံးခွာသင့်ပြီလို့ တွေးမိပါသည်။

"သွားပြီနော်"

"အေး ...အေး ..."

နှစ်ယောက်သား အမြန်ဆုံး မိုးသက်ရှေ့က ကိုယ်ယောင်ဖျောက် ခဲ့ကြရပါသည်။ လေနှင်ရာတို့ ထွက်သွားပြီးတော့ ဒေါပုံ သဘော်ကျင်း ကို ဝင်စရာကိစ္စရှိတာကြောင့် ရေချိုးခန်းဝင် ရေမိုးချိုးပြီး အိတ်ကို လွယ်ကာ သူ့ရဲ့ဟန်းဖုန်းကို လိုက်ရှာနေမိခဲ့ပါသည်။

ရှာလို့ကမတွေ့၊ ဘယ်နေရာမှာ အထားမှားမိသလဲ ပြန်စဉ်းစား တော့ စဉ်းစားလို့မရနိုင်ခဲ့။ အိမ်တစ်ခုလုံး ဖြောင်းဆန်အောင်ရှာပြီးလို့ မတွေ့မှ နောက်ကျနေမှာစိုးတာကြောင့် အိမ်တံခါးသော့ခတ်ပြီး ထွက် လာခဲ့ပါသည်။

သော့က မေမေတို့ တစ်ချောင်း သူတစ်ချောင်းမို့ စိတ်ပူစရာ မရှိ ...။





လက်ကနာရီကြည့်တော့ ဆယ်နာရီခွဲစပြုနေပါပြီ ...။

"ရပြီ .. ဒီမှာပဲရပ်လိုက် ..."

အငှားကားဆရာကိုရပ်ခိုင်းပြီး သူပိုက်ဆံရှင်ကာ ကိုစိုးမိုးကျော်တို့ ခြံတံခါးကို ဖွင့်ပြီးဝင်လာခဲ့ပါသည်။

တိုက်ရှေ့ရောက်တော့ ...

"ကိုစိုးမိုးကျော် .. ကိုစိုးမိုးကျော် .. မမထား ..."

အော်ခေါ်ကြည့်တော့လည်း ထူးသံမကြားရ၊ နောက်တော့ သေချာကြည့်မှ သော့ခတ်ထားတဲ့ သော့ခလောက်နှင့်အတူ စာတစ် စောင် ..၊ စာကို သူ ယူပြီးဖွင့်ဖတ်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



(မိုးသက် .. ခင်ထား ကြီးတော် တောင်ကြီးကလာလို့ ဒီည ငါတို့ ခင်ထားအိမ်မှာ သွားအိပ်ရတယ်၊ ခွင့်လွှတ်ကွာ ... အိမ်မှာပဲ မင်းအိပ် လိုက်တော့၊ မင်းအတွက်ပြင်ဆင်ထားတယ် ....

စိုးမိုးကျော် ...)

"လုပ်ဦးဟ ..."

စိတ်ပျက်လက်ပျက်ညည်းရင်း ရောက်ပြီးမှတော့ မထူးဘူးဆိုပြီး အိမ်စောင့်ရင်းအိပ်လိုက်တော့မည်လို့ဆုံးဖြတ်ကာ သော့ ထားနေကျ နေရာကို လက်နဲ့စမ်းလိုက်တော့ သော့ကိုတွေ့သည်။ သော့ကိုယူပြီး သော့ဖွင့်ကာ ပြန်ပိတ်ပြီး သော့ကို ထားနေကျနေရာမှာပဲ ပြန်ထား လိုက်ပါသည်။

အိမ်ထဲရောက်တော့ အိတ်ကိုဆွဲဖြုတ်ကာ ချိတ်မှာချိတ်ပြီး ကျွန်တော်လာရင် အိပ်နေကျအခန်းကိုဝင်ကြည့်တော့ ကျွန်တော် အတွက် အသင့်အိပ်ဖို့ ပြင်ဆင်ပြီးသားကွက်တိ။ တံခါးကိုပြန်ပိတ်ပြီး ထမင်းစားခန်းဝင်ပြီး အုပ်ဆောင်းကိုဖွင့်လိုက်တော့ ...

"အားပါး လုပ်ဦးဟ ..."

ချက်ပြုတ်ရှုးခပ်ပြီးအသင့် ..၊ နောက်ပြီး ဂျော်နီဝါးကားက ထောင်ပြီးသား မြည်းဖို့က အသင့် ...။

"နေဦး ရေချိုးလိုက်ဦးမယ်"





ခေါင်းနည်းနည်းမကြည်တာကြောင့် အခန်းထဲဝင် ရေမိုးချိုးပြီး တစ်ယောက်တည်းရှိတာမို့ ခါမှာ သဘက်ပတ်ကာ မီးဖိုးဆောင်ထဲမှာ တစ်ယောက်တည်း စာစောင်တစ်စောင်ယူဖတ်ပြီး စိမ်ပြေနပြေ သောက်နေမိပါသည်။

စာစောင်လေးဖတ်လိုက် သောက်လိုက်နဲ့ သုံး,လေးခွက်အပြီးမှာ အိမ်ရှေ့မှာ တီဗွီကြည့်ရင်းသောက်ရင် ပိုအဆင်ပြေမယ်လို့ တွေးမိကာ ထိုင်းစားလိုက် အိမ်ရှေ့က ခြေသံလိုလို တံခါးဖွင့်သံလိုလို ကြားတာနဲ့...

"ဟိုက် သူခိုးများလားမသိဘူး"

နောက် ပြန်စဉ်းစားကြည့်မိတော့ ကိုစိုးမိုးကျော်တို့ ပြန်လာတာ သည်းဖြစ်နိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် သွားကြည့်လိုက်တာက ပိုကောင်း သည်လို့တွေးမိကာ ခြေသံကို ခပ်ဖွဖွနင်းပြီး အိမ်ရှေ့လိုက်ကာကို အသာဟကြည့်တော့ ...

"လုပ်ဦးဟ ..."

သော့က နဂိုခပ်ထားတဲ့အတိုင်းပါပဲ။ ကိုစိုးမိုးကျော် ပြန်ရောက်ရင် သူ့ကိုလှမ်းခေါ်မှာ သေချာပါသည်။

"ဘုရား ဘုရား သရဲများလား ..."

တွေးမိတွေးရာတွေးရင်း လိုက်ကာမှာအရိပ်မြင်လိုက်တာကြောင့် လိုက်ကာကို ဆတ်ခနဲဖွင့်ကာ အဲဒီအရိပ်ကို လုံးထွေးဖက်ကာကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေါ်လိမ့်ချလိုက်ပါသည်။

"ဘယ်သူလဲ ... လွှတ် လွှတ် ..."

မျက်စိစုံမှိတ်ပြီးဖိထားရာမှ ဒီအသံကြားဖူးပါတယ်လို့ စဉ်းစားမိကာ ကမန်းကတန်း ရင်ခွင်ထဲကအရိပ်ရှင်ကို ကြည့်မိတော့ ...

"ဟင် လေနှင်ရာ ..."

"ဟင် ကိုမိုးသက် ..."

တစ်ယောက်နဲ့တစ်ယောက် ကြည့်ပြီးမှ လန့်ဖျပ်သွားကြရပါသည်။ သူမက ထဘီရင်လျား ..ခြုံထားတဲ့သဘက်က ကြမ်းပြင်မှာ၊ သူက သဘက်တစ်ခုကို ခါးမှာပတ်ထားသည်။ အဲဒီအချိန်မှာ ...

"အိမ်ရှင်တို့ ..."

ဆံပင်တွေ ထောင်သွားမတတ် ..၊ နှစ်ယောက်လုံး သော့ခတ်ထားတဲ့တံခါးဝကိုကြည့်လိုက်တော့ ...

"ဟာ ရပ်ကွက်လူကြီးနဲ့ ရဲတွေ ..."





"ကျွန်တော် တကယ်ပြောတာပါဗျာ၊ မယုံရင် ဒီမှာကြည့်ဟင် ..."

သက်သေခံ ကိုစိုးမိုးကျော် ရေးခဲ့တဲ့ စာရွက်က ဘယ်နေရာမှာထားလို့ ဘယ်မှာကျန်ခဲ့သည်မသိ ..၊ ရပ်ကွက်ရုံးခန်းထဲမှာ လေနှင်ရာတစ်တော့ တရှုံ့ရှုံ့ငိုနေပါသည်။ ရပ်ကွက်လူကြီးက ပြုံးရင်း ...

"ကျွန်တော်တို့ လူငယ်တွေရဲ့အခြေအနေကို သဘောပေါက်ပါတယ်၊ အခုဟာက အိမ်ထဲမှာ နှစ်ယောက်တည်းဗျာ .. ညှိစရာရင်းလည်းမတိုင်ဘူး၊ ပြီးတော့ ကျုပ်တို့အားလုံးမြင်နေရတဲ့ ခင်ဗျားတို့ပုံစံတွေက ..."

ဘယ်လိုရှင်းရှင်း ဒီစကားပဲ ပြန်လည်လာခဲ့ရပါတော့မည်။

"ဟော ... ကိုစိုးမိုးကျော်တို့ လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးမိုးကျော် ဆိုတဲ့အသံဆိုတာကြောင့် အားတက်သွားပါ ယ်။

"မေမေ ..."

"သမီး ..."

ရုံးခန်းထဲကိုဝင်လာတဲ့ လူရိပ်တွေကြောင့် 'ဒီနေ့တော့ ကံမကောင်းတော့ပါ' လို့ တွက်ပီလို့ ညည်းရပါတော့မည်။

ကိုစိုးမိုးကျော်အပြင် လေနှင်ရှာ မိဘနှစ်ပါးနဲ့ သဒ္ဒါ၊ ပြီးတော့ အဘွားကြီးတစ်ယောက်၊ နောက်ပြီး ကျွန်ဖော့် အဖေနဲ့ အမေ ..။

ကျွန်တော် ဖုန်းဆက်ခေါ်တုန်းက ကိုစိုးမိုးကျော်နဲ့ မမထား နှစ်ယောက်တည်း ... အခုတော့ ...။

"မိုးသက် ဘယ်လိုဖြစ်ကြတာလဲ"

"ဟော့ကောင် .. မင်း ဘာလုပ်ပြန်ပြီလဲကွာ"

ဖေဖေ့အသံ၊ ကိုစိုးမိုးကျော်အသံတို့နဲ့အတူ ရပ်ကွက်ဥက္ကဋ္ဌရဲ့ ဖြစ်ပျက်မှုတွေကို ပြောပြပုံတွေ ...။

"ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို ဘယ်လိုဖြေရှင်းရမလဲ၊ နိုးပြေးလာလို့ဆို ဧည့်စာရင်းနောက်ကျလို့မတိုင်မိတာ လက်ခံပါတယ်၊ အခုဟာက ယောကျ်ားပျိုနဲ့ ဒီကလေးက မဟုတ်ဘူး၊ ဘာမှမဖြစ်ကြဘူးဆိုတော့ ဘယ်လိုအခ်ိပ္ပာယ်သက်ရောက်သွားလဲ၊ ကျွန်တော်တို့ ဥပဒေအတိုင်း စီစဉ်ကြရမလား ..."





"အို .. ဒီအခြေအနေရောက်မှတော့ ပေးစားရမှာပေါ့"

"သွားပြီ ..." လို့ မအော်မိရုံပါ။ ကိုစိုးမိုးကျော် တိုးတိုးကပ်ပြောပါသည်။ "အဲဒါ သဒ္ဒါတို့ .. ခင်းထားတို့ ကြီးကြီး၊ သိပ်စည်းကမ်းကြီးတာ တဲ့ ..."။

ဖေဖေ၊ မေမေတို့နဲ့ ကြီးကြီး ဆိုတဲ့ အမျိုးသမီးကြီးအပြင် လေနှင်ရှာ မိဘတွေကပါ ရပ်ကွက်အဖွဲ့အစည်းနဲ့ ခေါင်းချင်းဆိုင်တိုင် ပင်ဆွေးနွေးနေကြပါသည်။

ကိုစိုးမိုးကျော် မမခင်ထားနဲ့ ကျွန်တော့်ကို ခပ်လှမ်းလှမ်းကိုခေါ်ထုတ်ကာ မေးပါသည်။ သဒ္ဒါက သူ့ညီမကိုဖက်ပြီး နှစ်သိမ့်နေပါသည်။

ကျွန်တော် ဖြစ်ပျက်ခဲ့သမျှအကြောင်းစုံကို တစ်ခုမကျန် ရှင်းပြပါသည်။ ကိုစိုးမိုးကျော်က စိတ်ပျက်လက်ပျက် ...

"ဒီဟာမလေးက ဒီကိုဘယ်လိုရောက်လာတာလဲ"

ကျွန်တော် စိတ်ပျက်လက်ပျက် သက်ပြင်းချရင်း ...

"သူလည်း မမထားတို့မရှိမှန်းသိတယ်၊ သူငယ်ချင်းတွေဆီက အပြန်နောက်ကျလို့ မထူးတော့ဘူး .. မိုးလည်းချုပ်နေတာနဲ့ မမထားတို့အိမ်မှာဝင်အိပ်မယ်ဆိုပြီး ..."

"ကောင်းကွာ၊ ဒါနဲ့ ဟိုဟာ ... ရင် .. ရင်လျားနဲ့ပျော ..."



www.burmeseclassic.com

www.burmeseclassic.com



မမထားက ကိုစိုးမိုးကျော်ကို မျက်စောင်းထိုးသည်။

"သူလည်း အိပ်ခါနီးရေချိုးမယ်ဆိုပြီး မမထားအခန်းမှာ အဝတ်လဲပြီး အိမ်ရှေ့မှာ သူ့အိတ်ကျန်ခဲ့လို့ သွားအယူ .. အဲဒီမှာ..."

"တမင်စီစဉ်ထားတဲ့အတိုင်းပါပဲလား ..."

"ဘာပြောတယ်"

မမထားက သူ့ညီမထိတော့ နာပုံရပါသည်။ ကိုစိုးမိုးကျော် က စိတ်ပျက်ပျက်နဲ့ ....

"မင်းညီမကို ပြောတာမဟုတ်ပါဘူးကွာ၊ ကံကြမ္မာကိုပြောတာ"

"အခု ဘယ်လိုလုပ်ကြမလဲ မိုးသက်"

ကိုစိုးမိုးကျော်ရဲ့အမေးကြောင့် စိတ်ပျက်စွာ ခေါင်းခါရင်း ...

"ဘယ်လိုလုပ်ရမှန်း မသိသေးပါဘူးဗျာ ..."

"လွယ်တော့ မလွယ်ဘူး မိုးသက် ..."

ကျွန်တော် လေနှင်ရာဘက်ကို လှမ်းကြည့်တော့ သဒ္ဒါက တသိမ့်သိမ့်ငိုရှိုက်နေတဲ့ သူ့ညီမကို ဖက်တွယ်ထားပြီး သူ့ကို မျက်ရည်လဲ့လဲ့နဲ့ ငေးကြည့်နေတာ တွေ့ရပါသည်။ သူ့ မျက်နှာလွှဲမိပါသည်။

အချိန်အခါကျလို့ပဲ ထင်ပါရဲ့ ....။





"အခုတော့ ကောင်းကြသေးရဲ့လား မိုးသက် ..."

"ကောင်းပါတယ်"

"ဘာကွ ..."

အိမ်ပြန်ရောက်လို့ ဆာဆာနဲ့ နောက်ဖေးဝင်ကာ ထမင်းစားနေရင်း ဖေဖေက သူစားနေတဲ့ထမင်းစားဝိုင်းကို ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ လိုပတ်ကာ အခုလိုပြောခြင်းဖြစ်သည်။ ကောင်းကြသေးရဲ့လားလို့ မေးတော့ ဟင်းကောင်းတာမေးတာထင်ပြီး ပြောတော့လည်း ဖေဖေ က ဒေါသနဲ့ ကျူးအော်ပါသည်။ ဖေဖေက စိတ်ပျက်ဟန် ...

"ဟောကောင် ဒီလောက်ဖြစ်နေတာကို ငါလုပ်လိုက်ရင် ..."

"ကိုကျော်သက်ရယ် .. ဖြစ်လာပြီးပြီပဲ ဒေါသဖြစ်မနေပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ...“မဟုတ်ပါဘူးကွာ” လို့ ညည်းရင်း ...

“ဒီကောင် လုပ်ပုံတွေမဟုတ်သေးဘူး မြမိုး၊ ပထမတစ်ခေါက် အရိုက်ခံရတုန်းကလဲကြည့် ..၊ အခုကွာ ... အကြီးမနဲ့ သဘောတူလို့ မဆုံးသေးဘူး ...”

ကျွန်တော် ဆက်စားလို့ မရတော့ ...။

“မဟုတ်ဘူး ဖေဖေ၊ ဖေဖေတို့ကလည်း ...ကိုစိုးမိုးကျော် ကိုယ်တိုင်ရှင်းပြပြီးပဲ ... သားဘက်က ဘာမှမမှားဘူး”

ဖေဖေက အံ့ကြိတ်ကာ ခါးထောက်ပြီး ...

“မင်းကသာ မမှားတာ .. အခု ယူရတော့မယ်”

“ဟာ .. သားနဲ့ ဘာဆိုင်လဲ၊ သားလည်း မှဲ့တစ်ခုပေသွားအောင်...”

“မှဲ့တစ်ပေါက်စွန်းသွားအောင် ...”

မေမေက လှမ်း၍ မသိမသာပြင်ပေတော့ သူခေါင်းကုတ်ရင်း ...

“အဲ ... မှဲ့တစ်ပေါက်စွန်းသွားအောင် ဘာမှမလုပ်ခဲ့တာ ...”

“ဘာကွ မင်းက အခွင့်အရေးရရင် လုပ်ချင်သေးတယ်ပေါ့”

“ကိုကျော်သက် ရှင်တို့ စကားကလဲ ...”

“ဟ.. မင်းသား ပြောပုံကြည့်ပါလား ..၊ အခု ကိုရန်အေးက နားလည်ပေမယ့် မမိရဲ့အစ်မတို့က မကျေနပ်ဘူး၊ သူ့တူမကို ယူဖို့





စီစဉ်ပြီးပြီ၊ ငါတို့လည်း မငြင်းသာတော့ ရပ်ကွက်လူကြီးရှေ့မှာ ခေါင်းညိတ်လိုက်ရပြီ”

ကျွန်တော် ဘာမှဆက်မပြောနိုင်တော့။ ငြင်းနိုင်ဖို့ အခွင့်အရေးလည်း မရှိတော့ပါ။ မေမေက စိတ်မကောင်းဟန်နဲ့ ...

“သမီး သဒ္ဒါတော့ တော်တော်ရှက်မှာပဲ”

သဒ္ဒါ့အတွက် သူ စိတ်မကောင်းဖြစ်မိပါသည်။ ဖေဖေက သက်ပြင်းမှုတ်ထုတ်ရင်း ...

“ရှက်တာထက် ဒီကလေးမ တော်တော်ခံစားရမှာကွ”

အဲဒီနေ့ရက်တွေ နောက်ပိုင်း ကျွန်တော် အပြင်ထွက်လေ့ သိပ်မရှိပါ။ မင်္ဂလာပွဲအတွက် ပြင်ဆင်စရာရှိတာတွေ လူကြီးတွေပဲ လုပ်ကြသည်။ ဖေဖေက သဘော်ပြန်မထွက်ဖို့တားမြစ်ထားပါသည်။ ကျွန်တော် လေနှင်ရာနှင့်လည်း တစ်ခါမှမတွေ့ပါ။ ပြီးတော့ သဒ္ဒါတို့ကိုလည်း မတွေ့ဖြစ်ပါ။ တစ်နေ့ ကျွန်တော့်ဆီ ကိုစိုးမိုးကျော် ရောက်ရှိလာပါတယ်။

“လာကွာ .. အပြင်မှာ တစ်ခုခုစားရင် စကားပြောရအောင်”

ကျွန်တော်လည်း အပြင်မထွက်တာ ကြာပြီဖြစ်တာကြောင့် အပေါ်အင်္ကျီကောက်ဝတ်ကာ ထွက်လာခဲ့ပါသည်။

တစ်ဆိုင်ဆိုင်ကိုရွေးပြီး သူတို့ ဘီယာသောက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သဒ္ဒါ အေးအေးဆေးဆေး စကားပြောချင်လို့တဲ့၊ ငါ့ကို ပြောခိုင်းလိုက်တယ်"

ကျွန်တော် ခပ်ဖေးလေး ခေါင်းညိတ်ပြမိပါသည်။ ကိုစိုးမိုးကျော်က ကျွန်တော့်ကို ငေးကြည့်ရင်း စိတ်မကောင်း ...။

"အဲဒီနေ့က မင်းဆီ ငါ ဖုန်းဆက်တယ်၊ မင်း ဖုန်းပိတ်ထားတယ် မိုးသက် ..."

ကျွန်တော် ရုတ်တရက် ဖုန်းပျောက်သွားခဲ့တာ မပြောပြမိ။ နောက်ပြီး အမှိုက်ပုံးထဲက ရှာတွေ့ခဲ့တာလည်း မပြောပြဖြစ်တော့ပါ။ ပြောလည်းထူးမှာမှ မဟုတ်ခဲ့တာကို ...။

"သဒ္ဒါ ပိုစတင်နဲ့ နယ်ပြောင်းတော့မယ်"

"ဗျာ ..."

ကျွန်တော် ပါးစပ်အဟောင်းသား။ ကိုစိုးမိုးကျော်က နာနာကျင်ကျင်ရယ်ရင်း ...

"ငါ့ခယ်မ အစိုးရကပြောင်းခိုင်းလို့ နယ်ပြောင်းတာတော့ မဖြစ်နိုင်ဘူး၊ သူ့နှလုံးသားက ပိုစတင်နဲ့ ပြောင်းခိုင်းလို့ ပြောင်းတာဖြစ်မှာပါ"

ကိုစိုးမိုးကျော် စကားကြောင့် ကျွန်တော် သက်ပြင်းချမိပါသည်။

"အေးကွာ .. မင်းတို့အဖြစ်ကလည်း လူကြားလို့မကောင်း၊ အစ်မနဲ့ စီစဉ်ပြီးမှ ညီမနဲ့ လက်ထပ်ရတယ်လို့ ..."





"တော်ပါတော့ ကိုစိုးမိုးကျော်ရာ ..."

သူ့စိတ်ပျက်စကားကြောင့် ကိုစိုးမိုးကျော်က စာနာစွာ ကျွန်တော့်ပခုံးကိုပုတ်ပြီး ...

"မင်း ပြန်ထွက်ဖို့ အခြေအနေရော ..."

"နောက်မှပဲ စဉ်းစားတော့မယ် အစ်ကို ..."

"ငါကတော့ လိုင်းချိတ်ပြီးပြီ၊ ထွက်ဖို့စောင့်နေတာ မိုးသက် ..."

"ဘယ်တော့လောက်ထွက်မှာလဲ"

"နောက်လထဲ ထင်တာပဲ"

နောက်တော့ ဒီကိစ္စတွေမေ့ပစ်ကာ သင်္ဘောပေါ်ကအကြောင်းတွေကို ပြောဖြစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အေးအေးဆေးဆေး တွေ့ကြလေ ..."

ကိုစိုးမိုးကျော်ရဲ့ စကားကြောင့် သဒ္ဒါ့ မျက်နှာကို ကျွန်တော် မော့ကြည့်တော့ သဒ္ဒါ့ မျက်ဝန်းက ခံစားချက်မဲ့လူတစ်ယောက်လို။

"ကျွန်မတို့ ခြံထဲမှာပဲ အေးအေးဆေးဆေး စကားပြောရအောင် ကိုမိုးသက် ..."

စကားသံတွေသည် စိမ်း၏။

"ဟုတ်ကဲ့"

အခုအချိန်မှာ ကျွန်တော် အဘက်ဘက်က ကျရှုံးနေသူ တစ်ယောက် ...





သူမ ဦးဆောင်ရာ နောက်ကို ကျွန်တော်လိုက်ခဲ့ပါသည်။ သူမ အသ ခြံထဲကခုံတန်းမှာထိုင်သည်၊ ကျွန်တော် ဝင်မထိုင် ...။

"ဖြစ်ပြီးသားကိစ္စတွေမှာ ဘယ်သူအပြစ်ရှိတယ်၊ ဘယ်သူ အပြစ်ရှိဘူးလို့ အပြစ်တင်နေလဲ အပိုပါပဲ"

"မဟုတ်ဘူး သဒ္ဒါ ..၊ ကျွန်တော့်ဘက်က ..."

သူမ အပြုံးလို့ထင်ရပေမယ့် နာကျင်မှုနဲ့ရောစွက်နေသည်။ ပြီးဘော့ လက်ပြပါတယ်။

"ဒါတွေ ထားလိုက်ပါတော့ ကိုမိုးသက်၊ ကျွန်မ ပြောချင်တာက အခု ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ပျက်ခဲ့တာတွေ အတွက် ..."

"နေဦး သဒ္ဒါ .. ကျွန်တော် ပြောပါရစေ၊ အဲဒီစကားတွေအတွက် ကျွန်တော် သဒ္ဒါ့ကို တောင်းပန်ချင်တယ်"

"ဘာများလဲ ကိုမိုးသက် ..."

"တကယ်ဆို ..."

သူ့ရင်ထဲက မွန်းကျပ်မှုတွေ သဒ္ဒါ့ ထံ ကူးစက်သွားစေခဲ့မှာ အမှန်ပါ၊ အဲဒီနေ့က ကျွန်တော်နဲ့ သဒ္ဒါ စကားတွေ အများကြီး ...။

သဒ္ဒါ ကျွန်တော့်စကားတွေကို လေးလေးနက်နက် နားထောင်နေပေးပါတယ်။

"အဲဒီအတွက် ကျွန်မ ကိုမိုးသက်ကိုကျေးဇူးတင်ပါတယ်။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နက်ဖြန် ပခုက္ကူကို ပိုစတင်နဲ့ ပြောင်းရတော့မယ်၊ တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ် ကိုမိုးသက် .. ပြန်ဦးမယ်နော်"

"ကိုစိုးမိုးကျော့်ရော့ကို နှုတ်ဆက်မသွားတော့ဘူးလား"

သဒ္ဒါက ထ,ရပ်ရင်း နွမ်းလျလျအပြုံးတစ်ချက်နဲ့ ...

"ကျွန်မ နှုတ်ဆက်သွားတယ်လို့ ကိုမိုးသက်ပဲ ပြောပေးပါ"

ကျွန်တော် ခေါင်းညိတ်ပြခဲ့ပါသည်။ သဒ္ဒါ သူ့ရှေ့က ထွက်ခွာသွားခဲ့ပါသည်။ သူမ ထွက်သွားတော့ သဒ္ဒါ့အကြောင်းစဉ်းစားမိရင်း သူမအတွက် ခံစားရပါသည်။ ပေးဆပ်ရတဲ့ သူမရင်ထဲကဝေဒနာကို နားလည်မိသည်။ သူမဘက်က နားလည်ပေးဆပ်တဲ့ ချစ်ခြင်းမေတ္တာရဲ့သဘောကိုလည်း မလေးစားဘဲမနေနိုင်။

"သဒ္ဒါရော ..."

ကိုစိုးမိုးကျော်က ကျွန်တော့်ကိုပခုံးပုတ်ပြီး ပြောတော့ ...

"ပြန်သွားပြီ ကိုစိုးမိုးကျော် ..."

"ဟာ ...တို့တောင် နှုတ်ဆက်မသွားဘူး"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီ ...

"ကျွန်တော်ကတစ်ဆင့် နှုတ်ဆက်တယ် ပြောပေးပါတဲ့၊ နောက်ပြီး သူ မနက်ဖြန် နယ်ပြောင်းရတော့မယ်လေ ..."

"ဟေ ... မြန်လှချည်လား ..၊ တို့တောင် မသိပါလား ..."





"ကျွန်တော်တောင် သူပြောမှသိတာ ကိုစိုးမိုးကျော် ..."

"ခင်ထားတော့ သူ့ညီမ နယ်ပြောင်းတဲ့ကိစ္စ ပြောမသွားလို့ ကဗျစ်တောက်တောက် ပြောနေတော့မှာပဲ၊ အေးလေ အခုလို ရှောင်ထွက်သွားတာပဲ ကောင်းပါတယ်"

"ဘယ်လို ..."

ကျွန်တော် နားမလည်တဲ့မေးခွန်းကြောင့် ကိုစိုးမိုးကျော်က အဝေးကို ငေးကြည့်ရင် ...

"သူနဲ့ သဘောတူကြည်ဖြူလက်ခံပြီးတဲ့ လူတစ်ယောက်ကို သူ့ညီမနဲ့ လက်ထပ်တော့မယ့်မင်္ဂလာပွဲကို ဘယ်မျက်နှာနဲ့ သူ တက်ရဲမှာလဲ ..."

အဲဒီစကားတစ်ခွန်းဟာ ကျွန်တော့်ရင်ကို မောစေပါတယ်၊ ရင်ကို ခမ်းနည်းမှုတွေ ပေးစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလွဲလွဲအမှားမှားနဲ့
အသည်းကွဲရတဲ့အခါ ...
ထောင့်ချိုးတစ်ခုရဲ့ နောက်ကွယ်က
ဖျောက်အိုးတစ်ခုလို ပေါက်ကွဲဆူလွယ် အညှိုးတွေ ...
ရေပြည့်ရေလျှံ
အစီရင်ခံစာ ကံတရားရဲ့ ကပွဲမှာ ...
အလွမ်းက ဇာတ်နာစရာ...
သူကပဲ ဇာတ်ဆရာ ..။





သူမရဲ့ အပျော်တွေလည်း ရင်ပြည့်ရင်လျှံ သို့ပေမယ့် သတို့သမီးဝတ်စုံနဲ့လှချင်တိုင်းလှနေတဲ့ သူမရဲ့မျက်နှာပေါ်မှာတော့ အဲဒီအပျော်တွေတင်မနေခဲ့ပါဘူး။

မဖြစ်သာလို့ လက်ထပ်လိုက်ရသူတစ်ယောက်လို ခံစားချက်တွေသာရှိသည်။ ဆူစနက ခပ်တိုးတိုးစ,ပါတယ်။

"ဇာတ်ဆရာ နင်ပျော်နေတာ ငါသိတယ်နော် ...."

ညီညီဇော်က မင်္ဂလာပွဲ ခန်းမထဲမဝင်ခင် သူ့ပုံစံအတိုင်း ရိသဲ့သဲ့နဲ့ ...

"မင်္ဂလာပွဲပြီးရင်တော့နင် ငါတို့အတွက် သိတယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားဟာ သူငယ်ချင်းတစ်ယောက်အတွက် ချီးမြှောက်မှုလား ခြိမ်းခြောက်တောင်းဆိုမှုလားမသိ၊ သူမ ဒေါသထွက်ပေမယ့် အဲဒီ ဒေါသကို အပြုံးနဲ့ ထိန်းသိမ်းကာ ...

"စိတ်ချပါဟာ ..."

မင်္ဂလာပွဲကျင်းပရာ ခန်းမထဲဝင်တော့ နှစ်ဖက်အပေါင်းအသင်း တွေက စကြနောက်ကြပါသည်။ ကိုကို မိုးသက်ရဲ့မျက်နှာက သူမ အထင် ဟန်ဆောင်ပြုံးထားရသလိုလို ထင်နေမိသည်။ ဒီအချိန် ကိုကို့ ရင်ထဲမှာ သူမကို နာကြည်းနေသည်လား ဒါမှမဟုတ် မမအတွက် ကြေကွဲဝမ်းနည်းနေပြီလား သူမ မသိ ..။

"ဟာ မိုးကြီးတို့ကတော့နော် စီးမယ့်စီးတော့ တန်ချိန်နှစ်ထောင် လောက်ပဲ စီးပါလား ..."

"သြော် ..လှိုင်းလူးတဲ့ ဒဏ်ကို ခံစားချင်လို့နေမှာပေါ့ကွာ"

ကိုကိုရဲ့ သင်္ဘောသား အပေါင်းအသင်းတွေက စ,ကြနောက် ကြပါတယ်၊ ကိုကိုက ပြုံးရုံဆိုသာပြုံးပြီးတော့ မင်္ဂလာပွဲစင်မြင့်ထက် သို့ သွားရောက်လမ်းမှာ သူမ ချိတ်တွယ်ထားတဲ့ ကိုကိုရဲ့လက်တွေ သည် ကျွန်မအတွက် ချစ်ခြင်းနဲ့ တွယ်ကူဖေးမမှုရှိရဲ့လားလို့ ခံစားလာ ရပါသည်။

ခေတ်ပုံတဖျပ်ဖျပ် ကင်မရာချိန်ရွယ်ထားမှုအောက် ပွဲတက်





အိုသက်ရဲ့မျက်ဝန်းတွေကရော သူမနဲ့ကိုကိုပြီးတော့ မမတို့အကြောင်း ဆို သိလို့ မေးငေါ့တီးတိုး ဝေဖန်နေကြပြီလား ..။

သူမ အရာအားလုံးကိုမေ့ပစ်ဖို့ စတင်ကြိုးစားရပါတော့မယ်။ ချစ်ခြင်း မေတ္တာတရားဆိုတာ ဆူစန် ပြောသလို အနိုင်ရယူခြင်းဖြင့် ပြီးစီးအောင်မြင်၏ ဆိုတဲ့ ခံယူချက်လား ...

ဒါမှမဟုတ်ရင် ညီညီဇော် ပြောသလို ...

"သံယောဇဉ်တရားဆိုတာ မာယာနဲ့ ယောင်ချောက်ဆင်ထားတဲ့ အလှ" ဆိုတဲ့ စကားလိုလား ...

ညည့်ခံပွဲစင်မြင့်ထက်မှာ သူမ ပျော်ရွှင်မှုနဲ့ ကိုကို့မျက်နှာကို ခိုး ကြည့်မိခဲ့တဲ့အခါခါ တစ်ဦးကိုတစ်ဦး အပြန်အလှန်ခွဲကျွေး၊ ခေတ်ပုံ တွေရိုက်ကြတော့ တစ်ဖက်နဲ့တစ်ဖက် စ,နောက်မှုတွေကြောင့် ကျွန်မ ရှက်ကိုးရှက်ကန်းရယ်သံ ပျော်ရွှင်ကြည်နူးတဲ့မျက်နှာကို ကိုကို ငေးစိုက် ကြည့်နေတော့ ရင်ထဲမှာ·တစ်မျိုးပါပဲ ...။

မင်္ဂလာပွဲအခါ ပြီးဆုံးသည့်အခါ ကိုကို့နဲ့ ကျွန်မအတွက် နှစ်ဖက် မိဘတွေ လက်ဖွဲ့ထားတဲ့ အိမ်ကလေးကို တပျော်တပါး သွားရောက်ခဲ့ ပါတယ် ...

ခြံနဲ့ဝန်းနဲ့ အသေးစားဥယျာဉ်ငယ်လေးရယ်၊ ချစ်စရာကောင်းတဲ့ တိုက်ပုလေးတစ်လုံး၊ ပြီးတော့ အနီရောင် ကားလေးတစ်စီး



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ကျွန်မ တောင့်တနေတဲ့ ကမ္ဘာငယ်တစ်ခုလား ...

"ရွှေကြိုးတားဖို့ ကြိုးမရှိဘူးကွ"

"ဟာ ဒါဆိုရင် ဆိပ်ကမ်းက သင်္ဘောချည်တဲ့ကြိုးသွားယူကွာ"

ကိုကို့သူငယ်ချင်း ဇော်မိုးထွန်းဆိုတဲ့ သူကပြောတော့ ကျွန်မတို့အုပ်စုကို စင်သီယာက ...

"ကြိုးငှားမယ်လေ ဘယ်လောက်ပေးမလဲ ..."

ကိုကို့သူငယ်ချင်းက ကုလားကြီးမဟုတ်တဲ့ အလာကြီးပါ ...။

"သံယောဇဉ်တွေပေးမယ်"

"သေလိုက်ပါလား"

"ဘာ အိမ်လိုက်လည်မယ် ... ဇွတ်ပဲ ကလေးမရယ် ..."

"ချိုကြီး ဟော့ကောင် မိုးသက်စကား ယူသုံးလိုက် .."

ကိုကို့ သူငယ်ချင်းတွေက သံပြိုင်အော်ကြပါသည်။

"လုပ် ..ဦး ...ဟ ..."

အဲဒီစကားကြောင့် ရယ်သံတွေဖွဲ့စည်းသွားပါသည်။ ရွှေကြိုးတားပြီးလို့ အိမ်ခန်းထဲဝင်ခါနီး ညီညီဇော်က သူမ လက်ကောက်ဝတ်ကို လှမ်းဆွဲတော့ ကိုကိုက ဖျတ်ခနဲကြည့်သည်။

"ကတိတည်ပါစေနော် ...လေနှင်ရာ ..."

ကျွန်မက ရယ်ရယ်မောမောနဲ့ ...





"စိတ်ချပါဟာ ...ငါ အဝတ်အစားလဲပြီးထွက်ခဲ့မယ် စောင့်နေ"

ကျွန်မတို့ အခန်းထဲဝင်တော့ ကိုကို တိုက်ပုံကိုချွတ်ပြီး ကိုကို့သူငယ်ချင်းတွေရှိရာ အခန်းပြင်ကို ထွက်သွားပါသည်။

ကျွန်မ အဝတ်အစား ကမန်းကတန်းလဲပြီး အပြင်ကိုထွက်ဖို့ အလုပ် အခန်းတံခါးဖွင့်သံကြားရလို့ လှည့်ကြည့်တော့ ...။

"သြော် ကိုကို .. လေနှင်ရာ ညီဇော်တို့ကို လိုက်ပြုစုဖို့ လိုက်သွားလိုက်ဦးမယ် ...တာတာ ..."

သူမ ကိုကို့ပါးကိုလိမ်ဆွဲကာ အပြင်သို့ထွက်သွားခဲ့သည်။ အပြင်ရောက်တော့ ကိုကို့အဖွဲ့နဲ့ ဆူစန်တို့က အပြန်အလှန်ပြောဆိုရင်း ရယ်သံတွေနဲ့ ဆူညံနေပါသည်။

"အားလုံး သွားလိုက်ပါဦးမယ်နော် ..."

ကျွန်မ ကိုကို့သူငယ်ချင်းတွေကို နှုတ်ဆက်တော့ ကိုကို့ သူငယ်ချင်းတစ်ယောက်က ...

"မိုးကြီးရေ သတိုးသမီးအဖွဲ့က စကုန်ကြပြီ ..."

ကျွန်မ ရယ်မောရင်း လက်ပြကာထွက်လာခဲ့ကြပါသည်။ အပြင်ရောက်တော့ ညီဇော်က မောင်းသူနေရာမှာ ဝင်ထိုင်ပြီး သူ့ဘေးက ကားတံခါးကို ဖွင့်ပေးပါသည်။ ညီဇော် ဖွင့်ပေးတဲ့ ကားတံခါးမှ ဝင်ထိုင်နေတော့ ဆူစန်က ကျေနပ်ဟန်မတူ ...။



www.burmeseclassic.com

www.burmeseclassic.com



"ညီဇော်နော် .. နင့်လုပ်ပုံတွေက ဟုတ်ကိုမဟုတ်ဘူးနော်"

ကျန်တဲ့သူတွေက သာမန်ဖြစ်ရိုးဖြစ်စဉ်မို့ ထင်ပါတယ် စ,နေ နောက်နေကြပါသေးသည်။

တကယ်တော့ သူမရဲ့ကိုကို အပေါ်ဝရန်တာကနေ သူမတို့ ကားလေး ထွက်သွားရာကို ငေးကြည့်နေခဲ့တာ လေနှင်ရာ မသိခဲ့။





"ချစမ်းပါဟာ ..."

ညီဇော်က သူမဆောင်းမှာ ဝင်ထိုင်တော့ ဆူစန်က သိပ်ကျေနပ်ဟန်မတူ၊ သူမက နာရီကိုကြည့်တော့ ညကိုးနာရီ ထိုးနေပါပြီ။

"ဟဲ့ အိမ်ကဟာကြီးကို လွမ်းနေပြီလား၊ ခေါက်ထားလိုက်စမ်းပါဟာ ..."

ညီဇော့် စကားကြောင့် သူမက ရယ်ရင်း ...

"ဟဲ့ ခေါက်ထားလို့ မရဘူးဟ ...ဖြန့်ထားရမှာ ..."

"အေးပေါ့ ဖြန့်ထားမှ နင် နင်းသွားလို့ရမှာ မဟုတ်ဘူးလားလေနှင်ရာ ရယ် ..."

ညီဇော့် စကားကြောင့် သူမက ...



www.burmeseclassic.com

www.burmeseclassic.com



"ဝေးသေး ငါ့ ကိုကို့ကို ချစ်လို့ ဉာဏ်နီဉာဏ်နက်သုံးပြီး ရအောင် ယူထားရတာ၊ မဖြန့်လို့မဖြစ်ဘူး"

"နင်က အဲလိုလား လေနှင်ရာ ..."

သူမ ပခုံးတွန့်ပြတော့ ညီဇော်က မျက်လုံးမှေးကြည့်ကာ ခပ်သဲ့သဲ့ရယ်သည်။

"ဟဲ ဟဲ.. ညီဇော်နဲ့ ဆူစန်ကို နင် ဘယ်မှာသွားထားမလဲ၊ နင်ရဲ့ အခါတော်ပေးပုဂ္ဂိုလ်ကို နင်မေ့ထားပြီလား၊ နင် ပြန်လို့ကတော့ ဒီအကြောင်းတွေကို ငါ ကိုမိုးသက်ဆိုတဲ့ ပုဂ္ဂိုလ်ထူးအေးကြီးကို သွားပြောလိုက်ရင် ပွဲကလှပြီ ..."

သူမ စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားပါသည်။

"ဘာလဲ ..၊ နင်က ငါ့ကို အကျပ်ကိုင်တာလား ညီဇော် ..."

ကျန်တဲ့သူငယ်ချင်းတွေက ပွဲကြည့်ပရိသတ်၊ ဆူစန်က ညီဇော်ကို မှီနေလိုက်ပါသေးသည်။

"အကျပ်ကိုင်တာမဟုတ်ပါဘူး သူငယ်ချင်းရယ်၊ မလွတ်တမ်းကိုင်ထားတာပါ၊ ကိုယ့်ရင်ထဲကချစ်ခြင်းတွေကိုမေ့ပြီး ချစ်တဲ့သူ စိတ်ချမ်းသာအောင် အကူအညီပေးတဲ့ ငါက အကျပ်ကိုင်တာလား ..."

စင်သီယာက ပြဿနာဖြစ်မှာစိုးတာကြောင့် ...

"ကဲပါဟယ် စကားနိုင်လုမနေကြနဲ့၊ ပျော်ပျော်ပါးပါး သောက်ရအောင်"





စင်သီယာ့ တိုက်ခန်းမှာ စင်သီယာက တစ်ယောက်တည်း နေသူမို့ လွတ်လပ်သည်။ အပြင်မှာလည်း သူမ မသောက်ချင်တာကြောင့် အမြဲဆုံတွေ့နေကျ စင်သီယာ့တိုက်ခန်းမှာ ပွဲလုပ်ရန် သူမ စီစဉ်ခဲ့ခြင်းဖြစ်သည်။

"ဒါနဲ့ ရွှေရည်ဦးရော စင်သီယာ ..."

မြတ်မိုးက နှာခေါင်းရှုံ့ပြီး ...

"ရွှေရည်က ဒီလိုပွဲမျိုးကို ရှောင်တယ်ဟ ... သူ့ရည်းစား အထင်လွဲမှာစိုးလို့တဲ့ဟာ .."

"မှန်နေတာပါဟာ ..."

ဆူစန့်စကားကြောင့် ကျွန်မက ပြောမည်လုပ်တော့ စင်သီယာက မပြောဖို့ မျက်ရိပ်ပြပါသည်။

နောက်တော့ ညီဇော့်အပေါ် ဒေါသတွေကို သူမ ဝိုင်ပုလင်းတွေကြားထဲ နှစ်မြှုပ်ပစ်လိုက်မိသည်။

စင်သီယာ က ထိန်းပါသည်။

"လေနှင်ရာ ကြည့်လဲလုပ်ဦးနော်.. နင်က သတို့သမီး၊ မင်္ဂလာဦးညမှာ သတို့သမီးက အိမ်မှာမရှိဘူးဆိုရင် မကောင်းဘူး"

"ဟာ အယူအဆတွေ အစဉ်အလာတွေ နားစမ်းပါ၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



လေနှင်ရာ .. ဘာလဲ၊ နှင်က နှင့်လူကြီးကို ကြောက်တတ်လို့လား”

“သွားစမ်းပါ ဆူစန်ရယ်၊ လေနှင်ရာ ဘယ်လောက် ခေါင်းမာလဲဆိုတာ နှင်သိပါတယ်”

“ဒါပေါ့ ချီးယားစ် ...”

ပုလင်းတွေလဲကျသွားတယ်။ တစ်ပုလင်းပြီးတစ်ပုလင်း ဆူညံပွက်နေတဲ့အရှိန်ဟာ မူးဝေရစ်မူးခြင်းကြောင့် တဖြည်းဖြည်း ငြိမ်ကျလာပါသည်။ နာရီတွေ တစ်နာရီပြီး တစ်နာရီ ...

နောက်တော့ လေနှင်ရာ စင်သီယာ့ဘေးမှာ အိပ်ပျော်သွားပါသည်။ ဆူစန် ကတော့ ညီဖော်ပေါင်ပေါ်မှာ ခေါင်းအုံးရင်း ညီဖော်ကတော့ ဆိုဖာကိုမှီရင်း တခေါခေါ ...။

စင်သီယာနဲ့ မြတ်မိုးအောင် လေနှင်ရာကို စင်သီယာ့ အခန်းထဲ တွဲပို့ကြပါသည်။

“သတို့သားကတော့ ပျော်နေမှာပဲ စင်သီယာ ....”

စင်သီယာ က ခေါင်းညိတ်ရင်း ...

“ဟို သေနာကောင် ညီဖော့်ကြောင့်ပါဟယ်၊ အခုနေ တွဲပြီး ပို့ရင်လည်း ငါတို့ မကောင်းဘူးဖြစ်နေမယ်”

“တော်တော် .. သူများလင်မယားကြားတော့ မဝင်ရဲပါဘူးဟာ”

“ဘာဖြစ်လို့လဲ ...”





“သူတို့က အတင်းဖက်ထားရင် ငါက ကြားညှပ်နေမှာ ...”

“အောက်ဆီဂျင်ဘူးယူသွားပေါ့ဟယ်၊ ကဲ နှင်လည်း ရယ်မနေနဲ့၊ အိမ်ရှေ့မှာပဲ အိပ်တော့ ...ငါ ဆူစန့်ကိုနိုးပြီး လေနှင်ရာနဲ့ အဘူအိပ်လိုက်မယ် ...

“အိုကေ ,...”

စင်သီယာ ဆူစန့်ကို နိုးပြီး အိပ်ခန်းထဲခေါ်တော့ ဆူစန်က ဒီမှာ ညီဖော်နဲ့အတူအိပ်မယ်လုပ်လို့ စင်သီယာ မနည်းချော့မော့ပြီး ခေါ်သွားရပါသည်။ စင်သီယာ လွတ်လွတ်လပ်လပ်နေတာ ကြိုက်ပေမယ့် ဒီလို အတင့်ရဲတဲ့လွတ်လပ်မှုတော့ မကြိုက်ပါ ...။

ပြီးတော့ သူမ မိုးကုပ်က ဒယ်ဒီနဲ့မာမီကို ကျောင်းတက်ဖို့ ဒီမှာ တစ်ယောက်တည်းလာနေပေမယ့် ကိုယ့်သိက္ခာနဲ့ ကိုယ်နေခဲ့သည်။ ခေတ်ဆန်သည်ဆိုပေမယ့် မပျက်ဆီးဖို့တော့ အမြဲတမ်း သတိထားပါသည်။

စင်သီယာ တွေ့နေရတဲ့ သူငယ်ချင်းတွေထဲမှာ ညီဖော်နဲ့ ဆူစန်ကိုတော့ စင်သီယာ သတိထားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ငယ်ချင်းတွေ ပြန်သွားတော့ ည ဆယ်နာရီ ...လက်ကနာရီကိုကြည့်ပြီး ခြံထဲကခုံတန်းမှာဝင်ထိုင်တော့ ခြံစောင့် ကိုဘလှက ...

"ဆရာလေး အိပ်ချင်အိပ်လေ .. ကျွန်တော် ဆရာကတော်ကို စောင့်နေပေးပါ့မယ်"

BURMESE CLASSIC .com

သူ့ ခေါင်းယမ်းရင်း ...

"နေပါစေဗျာ ...ခင်ဗျားအိပ်တော့ ကိုဘလှ၊ ခြံတံခါးသာစေ့ထားလိုက်၊ ကျွန်တော် စောင့်နေပါ့မယ်၊ ခင်ဗျားတူမ အနှင်းလည်း အိပ်နိုင်းလိုက်တော့ ..."

"ဟုတ်ကဲ့"





ကိုဘလှ ထွက်သွားတော့ သူ သက်ပြင်းချမိပါသည်။ သူ့ရင်ထဲမှာ အခုလို မင်္ဂလာဦးညမှာ လေနှင်ရာကို အေးအေးဆေးဆေး အခုလိုနေရာမျိုးမှာထိုင်ပြီး စကားတွေ ပြောပြမယ်ပေါ့။ စတွေ့တွေ့ချင်းကတည်းက စိတ်ဝင်စားစရာကောင်းတဲ့ကောင်မလေးတစ်ယောက်အကြောင်း၊ နောက်တော့ သူမ မခံချင်အောင် သဒ္ဒါနဲ့တွဲပြကာ သူမ မခံချင်အောင် ဆွပေးခဲ့တဲ့အဖြစ်တွေ၊ နှစ်ဖက်မိဘတွေက အထင်မှားပြီး သဒ္ဒါနဲ့ ပေးစားမည်စီစဉ်တော့ သူ ငြင်းဆန်ခဲ့သည်။ သူကိုယ်တိုင် သဒ္ဒါ့ကို လေနှင်ရာကို သူ ချစ်မိနေခဲ့ပါသည်လို့ ရဲရဲဝံ့ဝံ့ပြောပြခဲ့တာတွေ၊ အဲဒီနေ့က သဒ္ဒါ ပိုစတင်မပြောင်းခင် တစ်ရက် ကိုစိုးမိုးကျော်အိမ်မှာပါ ...။

အခုတော့ ကောင်းကင်ပြင်ကို မော့ကြည့်တော့ လရောင်က မှိန်းမောရီဝေစွာ လင်းပြနေသည်။

သူ့ရင်ထဲမှာတော့ လရောင်ရဲ့မာယာကြောင့် ငြိမ်းချမ်းမယ်ထင်ရပေမယ့် မသာယာနိုင်ခဲ့။

ညနေက လေနှင်ရာတို့ ထွက်သွားတော့ တွေ့ရတဲ့မြင်ကွင်း၊ ပြီးတော့ သူတို့ထွက်သွားတော့ သူငယ်ချင်းတစ်ယောက် အမှတ်တမဲ့ ပြောပြခဲ့တဲ့စကား ...။

"မင်း လေဒီကို မင်းကြည့်ထိန်း မိုးကြီး၊ လေနှင်ရာနဲ့ တွဲနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီဖော်ဆို ဆေးသမား၊ အကောက်ကြံတတ်တဲ့စိတ်ရှိတယ်၊ စိတ်မချ
တဲ့ အမျိုးအစားကွ"

ဘာတတ်နိုင်မှာလဲ၊ သူမေးရင် ကွစ်ကန်ကန်၊ ဒီမိန်းကလေး
အခုလိုပြောမှာပဲ ...။

"ရှင် ကျွန်မကို ချုပ်ချယ်ဖို့ကြိုးစားနေတာလဲ ဦးမိုးသက်" လို့
သက်ပြင်းတွေ သည်ရင်ထဲကဝေဒနာကို လျှော့ပေါ့စေရင် ဘယ်
လောက်ကောင်းလိမ့်မလဲ။

ညရဲ့တိတ်ဆိတ်မှုမှာ အဝေးက ဂစ်တာသံကို ကြားရသည်။
ပြီးတော့ သီချင်းသံ ... သူ့ သီချင်းစာသားကို နားထောင်ရင်း ကြေကြေ
ကွဲကွဲ ပြုံးမိပါသည်။

(ဒဏ်ရာများစွာ ရင်းပြီး ယူနိုင်သော ဒီဆုလာဒ်ဟာ တန်ဖိုးရှိ
များစွာထဲက ဘာနဲ့မှမလွဲနိုင်ပါ ...)

မင်းကို ပိုင်ဆိုင်ရဖို့ ငါ ဒဏ်ရာတွေ အထပ်ထပ်ရခဲ့ပါတယ်
လေနှင်ရာ ...။

(တစ်နေ့ကြရင် မှော်လင့်သော အိမ်ကလေး အမှန်တရား
နားလည်ခြင်းမှာ အမှန်တကယ် တည်ဆောက်ပြီးစေသား။)

တစ်နေ့ကျရင် ငါ့ရင်ထဲက အမှန်တရားရဲ့ ဆန္ဒအတိုင်း မင်း
ငါ့ရဲ့နားလည်မှုရှိတဲ့အိမ်ကလေး ဖြစ်လာမှာတဲ့လား ...၊





မင်း ယုံမလား လေနှင်ရာ ...။

(ယုံကြည်ခြင်းက တစ်ချိန်မှာ မဟာအင်အားပါ ..)

ကျွန်တော် အဲဒီ စာသားလေးကို လိုက်ရွတ်ဆိုမိပါသည်။

သန်းခေါင်ယံကျော်တော့ ကျွန်တော် အိမ်ထဲပြန်ဝင်လာခဲ့ပါသည်၊ အိမ်ထဲရောက်တော့ ကော်ဖီတစ်ခွက်ဖျော်ကာ စက်ထဲခွေထိုးရင်း ထိုင်ကြည့်နေမိသည်။ နောက်တော့ ခွေကြည့်ရင်း ကျွန်တော် အိပ်ပျော်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိပ်ရာကနိုးတော့ မနက်ရှစ်နာရီထိုးပါပြီ။ ညအ ဒရင်းဘက်ပေါ်မှာ ကျွန်တော် ခွေကြည့်ရင်း အိပ်ပျော်တာ သတိရ မိသည်။ ဒရင်းဘက်ပေါ်ကထရင်း တံမြက်စည်းလှည်းနေတဲ့ အနှင်းကို လှမ်းမေးကြည့်သည်။

"နင့်အစ်မ ပြန်ရောက်ပြီလား အနှင်း ..."

"ဟုတ်ကဲ့ အစ်ကိုလေး ..."

"ဘယ်နှယ်နာရီ ပြန်ရောက်လဲ ..."

အနှင်းက ခပ်ရိုးရိုးအေးအေး တုံးတုံး မိုးပွင့်ပွင့်လင်းလင်း ပြော သည်။





"အစ်ကိုလေး ...မနိုးခင်ကမှ ..."

"အခုရော .."

"အိပ်ရာထဲမှာ အိပ်နေပါတယ် အစ်ကိုလေ ..."

လုပ်ဦးဟလို့ မညည်းချင်တော့ပါ။ ကျွန်တော် မျက်နှာသစ် သွားတိုက်ပြီး ဘယ်ကိုသွားရမှန်းမသိ။

သဘော်တက်ဖို့ကိစ္စကို ဖေဖေက ဘီတိုအာဏာနဲ့ကန့်ကွက်ထား ပြီး သူ့စက်ရုံမှာ ဒီရက်ပိုင်းအတွင်း လုပ်ရမည်ကို ကြေညာထားခဲ့ပါ သည်။

အခုရက်ပိုင်းက လွတ်လွတ်လပ်လပ်နေဖို့ ခွင့်ပြုထားသည်တဲ့။ ကျွန်တော် ကိုစိုးမိုးကျော်အိမ်ကိုလည်း မသွားချင်၊ သွားရင်လည်း အတွင်းရေးကိစ္စတွေ သိမှာစိုးတာကြောင့်လည်း ပါ,ပါသည်။

ဒါကြောင့် ရေမိုးချိုး အဝတ်အစားလဲပြီး အိတ်ကိုဆွဲကာ အပေါင်း အသင်းတွေ တွေ့လိုတွေ့ငြား ဒေါပုံသဘော်ကျင်းကို ထွက်ခဲ့သည်။

ဟိုရောက်တော့လည်း တစ်ယောက်မှ မတွေ့တာရယ် အိမ်က မနက်စာ ဘာမှစားမလာတာကြောင်း ဆိုင်တစ်ဆိုင်ဝင်ပြီး ထမင်းကြော် ... ကော်ဖီမစ်တစ်ခွက်သောက်ပြီး ဖြတ်သွားဖြတ် လာအလုပ်ရှုပ် ... လူတွေထဲမှာ သဘော်ကပြန်လာတဲ့ အသိမိတ်ဆွေတွေများ တွေ့ ... ကြည့်နေတုန်း .....



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေးဖြူ ..."

"ဟာ ...မျိုးကြီးနှင့် မင်း အတော်ပျောက်ချက်သား ကောင်းနေပါလား ..."

ကျွန်တော် မျိုးကြီးကို ကြည့်တော့ မျိုးကြီးနှင့်အတူ ကောင်မလေးတစ်ယောက်ပါ၊ ပါလာပါသည်။

"ထိုင်ကွာ ... ဘာသောက်မလဲ ...ဘာစားမလဲ ..."

မျိုးကြီးက စားပွဲထိုးလေးကို လှမ်းမှာပါသည်။

"အစ်ကို ဒါ ...ကျွန်တော့်ရဲ့ချစ်သူ ရွှေရည်ဦး ..."

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော့်နာမည် မိုးသက်ထွန်းပါ၊ အားလုံးကတော့ မိုးသက်လို့လည်းခေါ်တယ်၊ မိုးကြီးလည်းခေါ်တယ်"

ကောင်မလေးက ပြုံးရင်း ...

"မိုးသက်လေနှင်းပေါ့ ..."

"ဗျာ .."

"အစ်ကို့ကို အစ်ကို့မင်္ဂလာပွဲနေ့က တွေ့ပါတယ်"

မျိုးကြီးလည်း အံ့သြနေပုံရပါသည်။

"ရွှေရည်က ကိုမိုးသက်ကိုသိတယ်"

ရွှေရည်က ခေါင်းညိတ်ပြပြီး ...





"ရွှေရည်နဲ့ လေနှင်းရာက အရမ်းခင်ကြတဲ့ သူငယ်ချင်းတွေလေ မိုးသက် ..."

"ဪ ..."

ဒါကြောင့် ဒီကောင်မလေးကို ကျွန်တော် မြင်ဖူးသလိုလိုရှိခဲ့တာအမှန်ပါ။

"အစ်ကိုဖုန်းနံပါတ်ပေးခဲ့ဦး ကိုမိုးသက်၊ ကျွန်တော် ကိုမိုးသက်နဲ့ ပြောစရာတွေ ရှိတယ်"

မျိုးကြီးက ရွှေရည့်ကိုကြည့်ကာ ပြောပါသည်။ ရွှေရည်က ကျွန်တော့်ကို ခေါင်းညိတ်ပြပါသည်။

"ဟုတ်တယ် အစ်ကို၊ အစ်ကို လေနှင်းရာကိုထိန်းပါ .. ဘာကြောင့်လဲဆိုတော့ ညီဇော်ကြောင့်ပဲ အစ်ကို ..."

ကျွန်တော် ညီဇော်နဲ့ပတ်သက်တဲ့ အန္တရာယ်အချက်ပေးသံတွေ ခေါင်းပိုင်းအတွင်း ကြားနေရပါသည်။ မျိုးကြီးနဲ့ကျွန်တော် ဖုန်းနံပါတ်တွေ အပြန်အလှန်ပေးရင်း မျိုးကြီးနဲ့ ရွှေရည်ဦး ကျွန်တော့်ကို နှုတ်ဆက်ကာ ပြန်သွားပါသည်။

ကျွန်တော် တွေးမိတွေးရာငေးမိငေးရာနဲ့ထိုင်နေစဉ်မှာ ကျွန်တော့်ခိုင်းမှာဝင်ထိုင်လိုက်တဲ့ အရိပ်ကြောင့် ကြည့်မိတော့ ကိုစိုးမိုးကျော်၊ ကိုစိုးမိုးကျော်က အထူးအဆန်းဖြစ်ဟန်နဲ့ ကျွန်တော့်ကိုကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟ ပုပုနွေးနွေး ကျွတ်ကျွတ်ရွရွ သတို့သားကြီးက ဒီမှာ ဘာ လုပ်နေတာတုန်း၊ မင်းနဲ့ ဒီနေရာနဲ့က ဘာဆိုင်လဲ၊ မင်းရှိနေရမှာက လေနှင်ရာအေးမှာ မနိမ့်မကပ် လုပ်အားဒါန အဲလေ.. တောက်တဲ့လို ကပ်နေရမှာကွ"

ကျွန်တော် ဟန်ဆောင်ပြုံးရင်း ...

"အိမ်မှာနေရတော့လည်း ပျင်းတယ်ဗျ၊ ခင်ဗျားဆီတောင် လာဦး မလို့ပဲ ... ခင်ဗျား ဒီရောက်နေလောက်ပြီထင်လို့ .."

"ဖုန်းဆက်လိုက်တာ မဟုတ်ဘူး"

ကျွန်တော် ရယ်နေလိုက်ပါသည်။

"သြော်.. ပြောရဦးမယ်၊ လာမယ့်သောကြာနေ့ ငါ တက်ရတော့ မယ် မိုးသက်၊ မင်းအစ်မက ပြောမရဘူးကွာ၊ မင်းတို့လင်မယားကို လေယာဉ်ကွင်းကို လိုက်ပို့ခိုင်းမလို့တဲ့"

"ဟာ ဒီလူနဲ့ ဒီလူ ပို့ပေးရမှာပေါ့ဗျ"

"မလိုပါဘူးကွာ .. သဆော်တက်တာများကွာ လိုက်ပို့ရတာတွေ ကို ရှုပ်ပါတယ်၊ ဟိုရောက်ရင် မင်းအစ်မက မျက်ရည်လေး တစမ်းစမ်း လုပ်ဦးမယ်"

ကျွန်တော်က ကိုစိုးမိုးကျော် စကားကြောင့် ရယ်ပါသည်။

"မင်း ကားပါလာတာလာ"





ခပ်လှမ်းလှမ်းက ကျွန်တော့်ကားကို ကြည့်ပြီးပြောတော့ ကျွန်တော် ခေါင်းညိတ်ပြပါသည်။

"အတော်ပဲ တစ်ဆိုင်ဆိုင်ကိုမောင်းကွာ၊ ဖြစ်မလား .. တော်ကြာ မင်း မလိမ်မူးလေး မျှော်နေဦးမယ်"

"မထင်ပါနဲ့ဗျာ ..."

ကျွန်တော် ခပ်မဲ့မဲ့ပြောတော့ ကိုစိုးမိုးကျော် မျက်မှောင်ကြုတ်သည်။

"မင်းတို့ချင်း အဆင်မပြေဘူးလား မိုးသက် .."

ကျွန်တော် ဘာမှပြန်မပြော။ သောက်ထားတဲ့ အစားအသောက် သူ့ကို ရှင်းပေးပြီး နှစ်ယောက်သား ကားဆီသို့လျှောက်လာခဲ့ပါသည်။

"မင်းတို့ ဒီဆိုင်မှာ တွေ့ကတည်းက တစ်ခုခုတော့ တစ်ခုခုပဲ ဆို့ ထင်နေတာ ..."

"ဘာဖြစ်လို့လဲ ..."

ကိုစိုးမိုးကျော်က ပြုံးသည်။

"မိဘချင်းပေးစားလို့ပဲဖြစ်ဖြစ်၊ ကိုယ်သဘောကျလို့ပဲဖြစ်ဖြစ် နေ့က လက်ထပ်ပြီး ဒီနေ့လို နောက်တစ်နေ့မှာ သတို့သား ဖြစ်သူက သတို့သမီးနားက ခွာဖို့ခက်တယ် မိုးသက်"

ကျွန်တော် ပခုံးတွန့်ပြမိကာ ကားတံခါးကို ဆွဲဖွင့်ကာ ဝင်တိုင် ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မောင်းရမလဲ ကိုစိုးမိုးကျော် ..."

"နားအေးပါးအေးနဲ့ ရှုခင်းကောင်းတဲ့ဆိုင်ဗျာ ..."

"အိုကေ .."

လမ်းကြားကထွက်ပြီး ကားလမ်းပေါ် မေးတင်တော့ လက် ကနာရီကိုကြည့်မိသည့် ဆယ့်တစ်နာရီ သူမ နီးနေလောက်ပါပြီ။





မိုးသက် မှန်းဆတဲ့အတိုင်းပါပဲ .. လေနှင်ရာ အိပ်ရာကနိုးတော့ ဆယ့်တစ်နာရီစွန်းစပြုနေပါပြီ။ ခေါင်းထဲမှာလည်း သောက်ထားတဲ့အရှိန်ကြောင့် တဆစ်ဆစ်ကိုက်ခဲနေတာကြောင့် ကုန်းရုန်းထကာ ရေမိုးချိုးဖို့ ပြင်ဆင်ပါသည်။ ရေမိုးချိုးနေရင်းက ကိုကို့ကို သူမ ဘယ်လိုချော့ရင်ကောင်းမလဲ စဉ်းစားမိပါသည်။ သတို့သမီး မရှိတဲ့ မင်္ဂလာဦးညဆိုတာ တကယ့်ကို ကြားလို့မကောင်းပါ။ ပုံမှန်ဖြစ်နေကျဆိုရင် သူငယ်ချင်းတွေ ညဉ်းဆဲလို့ သတို့သားကို အမူးလွန်ကာ ခေါ်ထားကြသည်ပဲ ကြားဖူးခဲ့ပါသည်။

လေနှင်ရာ သူမ အမှားတစ်ခု ကျူးလွန်မိမှန်းသိပါသည်။ ဒါကို သူမကို အတော်စိတ်ဆိုးနေလောက်ပြီဆိုတာ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုး အဝတ်အစားလဲပြီး အောက်ထပ်ဆင်းတော့ အနှင်းက...

"ဟော ..မမလေးနိုးပြီ၊ ထမင်းစားပိုင်းမှာ အနှင်း ပြင်ဆင်ပြီးပါပြီ မမလေး၊ ထမင်းတစ်ခါတည်းစားမလား ..."

"ဟင့်အင်း .. ငါ ခေါင်းတွေထိုးနေလို့ အနှင်း လီမွန်တီး ဖျော်ပေးဟယ် ..."

အနှင်းက ခေါင်းညိတ်ကာ လီမွန်တီး ဖျော်ပေးနေပါသည်။

"ဒါနဲ့ နင့်အစ်ကိုလေးရော ..."

"မမ ရောက်ပြီး သိပ်မကြာဘူး အစ်ကိုလေး ထွက်သွားတာ ..."

သူမ မျက်ခုံးကြုတ်ကာ ...

"ညက ကိုကို ဘယ်နှစ်နာရီအိပ်လို့လဲ ...အနှင်း ..."

အနှင်းက ရယ်ရင်း ...

"ဦးလေးပြောတော့ ဦးလေးကို ပြန်အိပ်ခိုင်းပြီး အစ်ကိုလေး တစ်ညလုံးစောင့်နေတာလို့ ပြောပါတယ်၊ နှစ်နာရီကျော်လောက်တော့ အစ်ကိုလေး ခွေကြည့်ရင်း အိပ်ပျော်သွားတာတဲ့"

သူမ တစ်ညလုံးစောင့်နေတဲ့ စကားတစ်ခွန်းနဲ့ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားခဲ့ရပါသည်။ ခေါင်းငိုက်စိုက်ကာ ကိုယ့်ကိုယ်ကို စိတ်ပျက်မိပါသည်။ တော်တော်အသုံးမကျတဲ့ကိုယ့်ရဲ့အဖြစ်ကိုလည်း အပြစ်တင်လို့





မဆုံးခဲ့ပါ ...။

"မမလေး ..."

အနှင်း နှစ်ခါ၊သုံးခါ ခေါ်မှ သူမ သတိဝင်လာခဲ့ပါသည်။ စားသောက်ပြီးတော့ သူမ ကိုကို့ကို မျှော်နေခဲ့ပါသည်။ မျှော်နေသူက ရောက်မလာ၊ မမျှော်လင့်တဲ့သူဆီက ရောက်လာပါသည်။

"မမလေး ဖုန်းလာနေပါတယ်"

အနှင်း ပြောပြီး အောက်ထပ်ကို ပြန်ဆင်းသွားခဲ့ပါသည်။

သူမ အောက်ထပ်ဆင်းကာ ဖုန်းရှိရာကိုသွားကာ ဖုန်းကိုကောက်ကိုင်ရင်း...

"ဟလို .. လေနှင်းရာ စကားပြောနေပါတယ်"

"လေအလျင်နှုန်းနဲ့ သူစိမ်းဆန်လှချည်လား လေနှင်းရာ ..."

"ညီဇော် ... ကျွတ် ..."

သူမ ဒီအသံကြောင့် စိတ်ပျက်မိပါသည်။

"အသံတောင် မကြားချင်တော့ဘူးလား လေနှင်းရာ ..."

"ကဲပါ အကြောင်းအရင်းကိုစွသာ ပြော ..."

"ငါ ပိုက်ဆံပြတ်နေတယ် လေနှင်းရာ .. သုံးခုလောက် ..."

"နင် ပိုက်ဆံလိုနေတာ ငါနဲ့ ဘာဆိုင်လို့လဲဟာ ..."

"နီး နီး .. ငါ နင့်ကို ပြောပြီးပြီ လေနှင်းရာ၊ ငါ့လက်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ငိုက်ဆဲရောက်လာတာပဲ ငါသိချင်တယ်၊ နင် သဘောပေါက်ပါတယ်
ကညီဆောင်ရွက်လေးသဘောပေါ့”

ဒီလေယူလေချိမ်းကြောင့် သူမ အတော် ဒေါသဖြစ်သွားပါ
သည်။ အစုဟာက သူငယ်ချင်းအချင်းချင်း အကူအညီတောင်းခံတဲ့
စကားမဟုတ်၊ ငွေညှစ်တောင်းတတ်သူရဲ့ လေသံ …။

“နင် ငါ့ကို ခြိမ်းခြောက်နေတာလား ညီဖော် …”

“ထင်ချင်သလိုထင်ဟာ …”

“ငါ မပေးနိုင်ဘူး ဆိုရင်ရော …”

“လှပ်ကြည့်လိုက်လေ၊ ဟလို မစ္စတာမိုးသက်လားခင်ဗျား
ကျွန်တော် တာဝန်သိပြည်သူတစ်ဦးပါ၊ ခင်ဗျားနဲ့ လေနှင်ရာ
ရုပ်ရှက်လှူကြီးတွေ အချိန်ကိုက်စည်းဝါးကိုက် ရောက်ရှိလာအောင်
သတင်းပေးရသူက ဘယ်သူလဲခင်ဗျာ ဒီလောက်ပါပဲ …”

လေနှင်ရာ အံကို တင်းတင်းကြိတ်မိပါသည်။ ဒေါသကြော
မျက်နှာတွေ နီမြန်းနေပါသည်။

“စိတ်ချ .. နင်ဘယ်မှာရှိလဲ .. ငါလာခဲ့မယ်”

အဲဒီစကားပြောပြီးတဲ့နောက်မှာ သူမရဲ့ မလှမ်းမကမ်းမှာ မိုးသ
ရောက်လာတာ လေနှင်ရာ ကျောခိုင်းထား၍ မသိလိုက်ပါ။

မိုးသက် လေနှင်ရာတို့ ပြောနေတဲ့စကားကို စိတ်ဝင်တစား





နားထောင်မိပါသည်။

“စိတ်ချစမ်းပါ ကိုရွှေညီဖော်ရယ် ရှင်လိုချင်တဲ့ ငွေသုံးသိန်း အစုံ
ချက်ချင်း ဖုတ်ရထားနဲ့ ကျွန်မကိုယ်တိုင် အရောက်လာပို့မယ်”

မိုးသက် ဒီစကားကြောင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်မိ
ပါသည်။ လေနှင်ရာ ဖုန်းခွက်ပေါ် ဖုန်းကိုပြန်အတင် …

“မင်း မသွားရဘူး …လေနှင်ရာ …”

“ဟင် …”

လေနှင်ရာ လန့်ဖျပ်သွားခဲ့ပါသည်။ မိုးသက်ကို ကြည့်တော့
အကြည့်စိမ်းစိမ်း ဒေါသတွေ …။

လေနှင်ရာ မျက်လုံးလွှဲမိကာ …

“လေနှင်ရာ မသွားလို့ မဖြစ်ဘူး ကိုကို …”

လေနှင်ရာရဲ့ ခေါသံကြောင့် နာနာကြည်းကြည်း ရယ်မိပါ
သည်။

“ကိုကို .. သိပ်လှတဲ့ ခေါ်သံလေးတစ်ခုပဲ လေနှင်ရာ၊ ဒါပေမယ့်
အဲဒီခေါ်သံက ငါ့ကျောပန်းတွေမှာ အသားမာတက်စေတယ်၊ ဦးခေါင်း
မှာ ချိုနှစ်ချောင်းထွက်မယ့်စကားဂုက်လား လေနှင်ရာ”

“ကိုကို …”

ညီဖော့်အပေါ် ကျရောက်ရမယ့် ဒေါသတွေက ဦးတည်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီး ...

"ကျွန်မ ညီဖော်ကို ပေးရမယ့်ပိုက်ဆံက သူငယ်ချင်းအချင်းချင်း ကူညီတဲ့ရည်ရွယ်ချက်ပါ"

"အိုး .. မင်းကိုငါ ဘာမှမစွပ်စွဲရသေးဘူး လေနှင်ရာ၊ မင်းကို ငါပြောချင်တာက မင်းမှာ လက်ထပ်ထားတဲ့ခင်ပွန်းယောက်ျား ရှိတယ်၊ မင်္ဂလာဦးညမှာ သတို့သမီးမရှိတဲ့သတင်း ပတ်ဝန်းကျင်က ကြားခဲ့ရင်..၊ ငါ့မိဘနဲ့ မင်းမိဘသာ ကြားခဲ့ရင် ..၊ မင်းကွာ .. တောက် ..."

သူမ စိတ်ကိုလျှော့ကာ မျက်ဝန်းမှိတ်ရင်း ...

"ဒီတစ်ခေါက်တော့ လေနှင်ရာ သွားမှဖြစ်မယ် ကိုကို"

ကျွန်တော် နှုတ်ခမ်းကိုက်ကာ ပြုံးမိသည်။ ညီဖော်ဆိုတဲ့ အရည် အချင်းကိုလည်း လေးစားမိသည်။

"မင်း မသွားရဘူး လေနှင်ရာ ..."

လေနှင်ရာ သက်ပြင်းချသည်။ ကျွန်တော့်ကို မကြည့်၊ ကျွန်တော် မထင်မှတ်ထားခဲ့၊ အပေါ်ထပ်ကို တက်သွားပါသည်၊ ကျွန်တော် မသွားလောက်ဘူးထင်ထားခဲ့တာ မှားခဲ့ပါတယ်၊ ခဏ ကြာတော့ သူမ ပြန်ဆင်းလာပါတယ်၊ ကျွန်တော် ခုနက တိုင်မှာ ချိတ်ထားတဲ့ ကားသော့ကိုအယူမှာ ...

"လေနှင်ရာ ..."





သူမ ခြေလှမ်းတွေ တုံ့ဆိုင်းသွားပါသည်။ နောက်တော့ ချက် ချင်းပင် သူမ လှည့်မကြည့်တော့ဘဲ ထွက်ခွာသွားခဲ့သည်။ ခဏ ကြာတော့ ကားစက်နှိုးသံကြားရပြီး ကားမောင်းထွက်သွားသံ ကြားရ ပါသည်။

ကျွန်တော်တို့နှစ်ယောက်ရဲ့ ပြဿနာကို စန်းဆီးအကွယ်က ကိုဘလုနဲ့ အနှင်းက စိတ်မချမ်းမြေ့ပုံရပါသည်။ အေးပေါ့ .. အိမ်ရှင် တွေ ပြဿနာဖြစ်ကြရင် အိမ်ဖော်တွေ အနေခက်တာ ကျွန်တော် ကိုယ်ချင်းစာမိပါသည်။

ကိုဘလုက သူ့အနားရောက် လာပြီး ...

"ဆရာလေး ထမင်းစားတော့မလား ..."

ကျွန်တော် သူတို့ အနေမခက်အောင် ပြုံးပြရင်း ...

"အေးဗျာ.. ရင်ခံနေလို့ မစားချင်တော့ဘူး၊ အနှင်း နင် အလုပ် မရှိရင် နားချင်နားလိုက် ..."

"ဟုတ်ကဲ့ အစ်ကိုလေး ..."

"ကိုဘလု ကျွန်တော့်အတွက် ဝရန်တာမှာ အရက်နဲ့ အမြည်း ခြင်ပေးပါဗျာ ..."

"ဗျာ ..."

ကိုဘလု အံ့သြသွားပုံရတာကြောင့် ကျွန်တော် ပြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အလုပ်ကိစ္စကြောင့် ခေါင်းရှုပ်နေလို့ဗျ ...ကျွန်တော် ရေချိုးလိုက်ဦးမယ် ..."

ကျွန်တော် အပေါ်ထပ်တက်ဖို့ပြင်တော့ ...

"အစ်ကိုလေး ရေအဝသောက်ပြီး ခဏနားလိုက်ဦးနော်၊ အပြင်ကပြန်လာတာ ချက်ချင်းကြီး ရေမချိုးလိုက်နဲ့ဦး ..."

အမှန်က ဒီစကားတွေသည် လေနှင်ရာ ပြောရမယ့် စကားတွေကို မိုးသက် တွေးမိပါသေးသည်။

ခုတော့ ...။





ကိုဘလုက သူ့အတွက် ပြင်ဆင်ပြီး အနားမှာ ရပ်နေပါသည်။

"ထိုင်လေဗျာ .. ကိုဘလု ခင်ဗျားသောက်တက်ရင် သောက်လေ .. ကျွန်တော်ကို အားမနာပါနဲ့ ..."

ကိုဘလုက သူ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်း ...

"ကျွန်တော် မသောက်တတ်လို့ပါ ဆရာလေး .. ဆရာလေး တစ်ယောက်တည်းသောက်ရတာ ပျင်းနေမှာစိုးလို့ ..."

ကိုဘလု စကားကြောင့် ကျွန်တော် သဘောကျမိပါသည်။

"ဟုတ်တယ်ဗျ ...တစ်ယောက်တည်း အရက်သောက်ရတာ ချင်းခြောက်ခြောက်ကြီးဗျ ကျေးဇူးပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသားတစ်ဖက်ကို ကောက်ဝါးရင်း ...

"ကျွန်တော်တို့ အိမ်ထောင်ရေးကို ခင်ဗျား ဘယ်လိုမြင်လဲ ..."

"ဗျာ ..."

ကိုဘလှက ခေါင်းကုပ်နေတော့ ကျွန်တော်ရယ်မိကာ ...

"ပွင့်ပွင့်လင်းလင်းပြောပါ၊ အားမနာပါနဲ့ ..."

ကိုဘလှ လေးလေးနက်နက်တွေးနေပုံနှင့် စဉ်းစားမိကာ ...

"မျက်မှန်မတပ်ဘဲပြောရရင် ..."

"ဗျာ ..."

ဒီတစ်ခါ အံ့ဩရသူက ကျွန်တော်ပါ ...

"ဩော် ... ဘောင်ခပ်မထားဘဲ လွတ်လွတ်လပ်လပ်အမြင်နဲ့ ပြောရရင် ဆရာလေးတို့ မင်္ဂလာဆောင်တာ မကြာသေးပေမယ့် လူများ အိမ်ထောင်ရေးတွေနဲ့မတူဘူး"

"ဘယ်လိုမတူတာလဲ ပြောပါဦး"

ကိုဘလှကို ကျွန်တော် စီးကရက်ဘူး ကမ်းပေးတော့ ကိုဘလှက လက်ကာကာ သူ့အိတ်ကပ်ထဲက ဆေးပေါလိပ်ကိုထုပ်၍ ဖင်ဆီခံကို စားပေါ်မှာ တစ်တောက်တောက်ခေါက်ရင်း ...။

"အင်း ပြောရရင်တော့ ဆရာလေးရယ် .. အမေ အမေ ပေးစားလို့ လက်ထပ်ရသူတွေ အများကြီးပဲ၊ ဆရာလေးတို့နှစ်ယောက်က အဲဒီလို





အမျိုးအစားထဲကပါ၊ ခက်တာက အဲလိုလက်ထပ်ပွဲတွေက အဆင်ပြေကြတာများပါတယ်၊ ဆရာလေးတို့ကျတော့ တစ်မျိုးပဲ ဘယ်လိုပြောရမလဲ ..."

ကိုဘလှက စကားလုံးရွေးနေဟန်ရှိသည်။

"လက်မထပ်ခင်ကတည်းက ပြဿနာဆိုတဲ့ ဟာကြီးကို မီးရှို့ပြီး လက်ထပ်ထားရသလိုပဲ ..."

ကိုဘလှ စကားကြောင့် ပြုံးမိသည်။

"လုပ်ပါဦး ..."

ကိုဘလှက ကျွန်တော့်စကားကြောင့် ပြုံးသည်။

"ကျားထိုးသလိုပေါ့ဗျာ ...အပြင်ကလူက အကွက်ပိုမြင်တယ် ဆိုတာလေ ...."

"ဒါဆို ကျွန်တော်တို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးကစားကွက်ကို ခင်ဗျား အပြင်ကကြည့်ရင် ..."

"မရိုးသားဘူး.. မပွင့်လင်းကြဘူး .. နွေးထွေးမှုမရှိဘူး .. ဒုက္ခပဲ.. အမှန်အတိုင်းပြောလိုက်လို့ အလုပ်ပြုတ်မလားမသိဘူး"

ကိုဘလှက ပြောပြီးမှ အလုပ်ပြုတ်မှာ ကြောက်နေပြန်ပါသည်။

"ဟာ .. ဘာလို့ ဖြုတ်ရမှာလဲဗျ ..."

ကျွန်တော့်စကားကြောင့် ကိုဘလှက 'ဓော်သေးတာပေါ့' ဟု



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ကျွန်တော် သဘောကျစွာ ရယ်မိပြန်သည်။

"ခင်ဗျား မြင်တဲ့အတိုင်းပဲလေ .. သတို့သမီးမရှိတဲ့ မင်္ဂလာဦးည ကို ကျော်ဖြတ်ခဲ့ရတယ်၊ ကျွန်တော် မသွားခိုင်းတဲ့နေရာကို သူကသွား တယ်၊ ကဲဗျာ ...ကျွန်တော် ရှေ့ဆက် ဘယ်လို သူ့ကို ထိန်းရမလဲ"

ကိုဘလှက ခေါင်းညိတ်ပါသည်။

"ဆရာလေးနဲ့ ကျွန်တော် ဒီအိမ်ရောက်မှသိရပေမယ့် ကျွန်တော် ဆရာလေးကိုလေးလည်း လေးစားတယ်၊ ခင်လည်းခင်ပါတယ်၊ ကျွန်တော် ဆရာကတော်အိမ်မှာ အလုပ်လုပ်လာတာ နှစ်နှစ်ဆယ် ရှိပါပြီ၊ ဒီကောင်မလေးအကြောင်းကို ကျွန်တော် သိတယ်၊ စိတ်ရင်း ကောင်းတယ်၊ ခက်တာက တစ်ဇွတ်ထိုးလုပ်တတ်တဲ့ဉာဉ်ပဲ ဆရာ လေး...၊ အဲဒါလေးကိုထိန်းနိုင်ရင် ဆရာလေးတို့အိမ်ထောင်ရေး အဆင်ပြေမှာပါ"

"ဘယ်လိုထိန်းရမလဲ၊ သူ့ကို မရိမ်းတပ်ခေါ်ပြီး ထိန်းရမှာလား"

ကိုဘလှက လေးလေးနက်နက် သူ့ကိုကြည့်ကာ ...

"အချစ်နဲ့ပေါ့ ..."

"ဗျာ ..."

"ဟုတ်တယ်လေ ... မေတ္တာထားရင် မေတ္တာပြန်ရမယ်ဆိုတာ ဘုရားလည်း ဟောထားတာပဲ ..."





ကျွန်တော် ခေါင်းခါမိပါသည်။

"မေတ္တာပေးလို့ မေတ္တာရဲ့အဓိပ္ပာယ်ကိုမသိရင် မေတ္တာပေးရတဲ့ ပုဂ္ဂိုလ်က ငပေါကြီးဖြစ်တတ်တယ် ကိုဘလှ၊ သူက မေတ္တာပေးလို့ မရတဲ့ အမျိုးအစားပဲ ကိုဘလှ ..."

ကိုဘလှက ကျွန်တော့်စကားကြောင့် ဘာမှ ဆက်မပြောတော့။ လေပြည်လို့ထင်ရတဲ့ တိုက်ခတ်မှုက ပူအိုက်စပ်စပ် ...။



www.burmeseclassic.com

www.burmeseclassic.com



"ရော့ နင်လိုချင်တဲ့ သုံးသိန်း ..."

ညီဇော်က အကျီကို ဟထားရင်း ဆူစန်ရဲ့ကားကို မှီရပ်နေပါသည်။ ဆူစန်က ညီဇော့်ရင်ခွင်ထဲမှာ ...

"သိပ်ကျေးဇူးတင်တယ် လေနှင်ရာ၊ တွေ့လား ဆူစန် လေနှင်ရာ ဘယ်လောက်အားကိုးရလဲ ..."

"ဟုတ်တယ်နော် ညီဇော် ...ညီဇော် တစ်ခွန်းဆို တစ်ခွန်းပဲ"

သူမ အံကို တင်းတင်းကြိတ်မိသည်။ သူမ သူတို့နဲ့ တိုင်ပင်ထားမိခဲ့ခြင်းသည် ကိုယ့်သေတွင်းကို မြေတူးစက်နဲ့ တူးသလိုပါပဲ။ သူငယ်ချင်းဆိုတဲ့ အရာထက် သူတို့ သုံးဖြုန်းသမျှကို ဖြေရှင်းပေးမယ့် သားကောင်တစ်ခုလိုသာ တန်ဖိုးထားခဲ့သည်။





ဒီအကြံကို ဆူစန် ဘာကြောင့် အားတက်သရော ကူညီခဲ့ရတာလဲ..၊ နောက်မှသိခဲ့ရတာက ... ညီဇော့်အဘေးမှာ အန္တရာယ်အရှိဆုံးဖြစ်တဲ့ သူမကို မရှိဖို့ ဆူစန် ကူညီခဲ့ရတာလည်းဖြစ်နိုင်ပါသည်။

"နောက် နင်တို့ နှစ်ယောက် ငါနဲ့ မပတ်သက်နဲ့တော့ ညီဇော်"

ကျွန်မရဲ့စကားကြောင့် ညီဇော်နဲ့ ဆူစန် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ရယ်စရာစကား ကြားရသလို ရယ်ပါတော့သည်။

သူမရင်ထဲက ညီဇော်နဲ့ ဆူစန်ကို နာကြည်းမုန်းတီးနေမိသည်။ ဒါတွေဟာ ကိုကို့အတွက် ကျွန်မ့ ဝဋ် စတင်ခံစားလည်လာခဲ့သည်ဟု နားလည်မိခဲ့ပါသည်။

"ငါ နင်တို့ကို သူငယ်ချင်းလို့ ထင်ထားခဲ့တာ သိပ်မှားတယ် ညီဇော် ...၊ ငါထင်တဲ့သူငယ်ချင်းက ငါ့ လက်သပ်မိရင် တဖြည်းဖြည်း အစွယ်ပေါက်လာတဲ့ ဘီလူးတစ်ကောင်လိုပဲ၊ အေးလေ .. နင်တို့က သူငယ်ချင်းမှမဟုတ်တာ၊ ကျွန်စစ်သား ကယ်လို့မရတဲ့ ဓာလူးမင်းသားလိုပဲ .."

"ဓာလူးမင်းသား .. လှသားပဲ ...၊ နင်ပေးတဲ့ ဘွဲ့ထူးဂုဏ်ထူးကြည်ဖြူစွာ ခံယူပါသည် နှမတော် ...၊ ကဲ ဂွတ်ဘိုင် ..."

ကျွန်မရဲ့ ငွေစက္ကူတွေလည်း သူ့ရဲ့လက်ဖွဲ့ထဲကို ထိုးသွင်းမယ့် မာယာတွေအတွက် အနည်းအကျဉ်းတော့ လုံလောက်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ချောင်ပိတ်ခံရတဲ့ တရိစ္ဆာန်တစ်ကောင်လိုပါပဲ ..ကိုကိုနဲ့ ကတောက်ကဆတ်ဖြစ်တဲ့မီးနဲ့ တောမီးလောင်သလို ထွက်ခွာလာပြီးမှ ညီဇော်နဲ့ စီးချင်းထိုးခဲ့ရတဲ့ ပွဲလောင်ပင်ပန်းမှုတွေ ....

အိမ်ပြန်လှည့်ခဲ့ရင်လည်း နောက်တစ်ကြိမ် စစ်ပွဲကို ထပ်နွှဲရတော့မှာပါ။

ကျွန်မ အိမ်မပြန်ချင်။ ကိုယ်ဖန်တီးထားတဲ့ သုခဘုံသည် အခုတော့ မရိုးသားစွာ အကောင်အထည်ဖော်မှုကြောင့် အဆိပ်တစ်ခွက်လို ဆေးစွမ်းကပြခဲ့ပြီ။

သူမရဲ့ကားလေးက စင်သီယာရဲ့ တိုက်ခန်းကို ဦးတည်ခဲ့ပါသည်။





တိုက်ခန်းတံခါး ဖွင့်ဖွင့်ချင်း ကျွန်မကို မြင်တော့ စင်သီယာ မျက်လုံးပြူးသွားပါသည်။

"အိုး ...ဂေါ်ဒ် ဘုရားသခင် ... သတို့သမီး နင် ဘယ်လိုက ဘယ်လို ပြန်ရောက်လာတာလဲ ..."

ကျွန်မရဲ့ အားတင်းထားတဲ့ စိတ်တွေလည်း စင်သီယာကို တွေ့တော့ စိတ်ကိုလျှော့ချကာ စင်သီယာကိုဖက်ရင်း ရှိုက်ကြီးတငင်ငိုမိပါသည်။ စင်သီယာ ခြေမကိုင် လက်မကိုင်ဖြစ်မိကာ အရမ်းစိုးရိမ်သွားတာ သူမကိုဖက်ကာ အထဲကိုခေါ်ခဲ့ပါသည်။

"ရှောနင်ရာ သူငယ်ချင်း...၊ နင် ဘာဖြစ်လာတာလဲ ငါ့ကို ပြောပါဦး ... စိတ်ပူလိုက်တာဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ တစ်သက်နဲ့တစ်ကိုယ် စိတ်အားငယ် ပူလောင်မှုတွေနဲ့ အခုလို တစ်ခါမှမငိုခဲ့ဖူးပါ။ ရင်ထဲမှာရှိတဲ့ ပင်ပန်းဆင်းရဲမှုတွေကို တစ်ကြိမ်တည်းနဲ့ ငိုကြွေးလျှော့ချပစ်ခဲ့မှုဟာ ရင်ထဲမှာ ပေါ့ပါးသွားသလိုပါပဲ ...။ မျက်ရည်တွေကို စင်သီယာ သုတ်ပေးရင်း ...

"နှင် ..နှင် ကိုကိုနဲ့ စကားများပြီး ထွက်လာတာလား လေနှင်ရာ"

တစ်စိတ်တစ်ပိုင်းတော့ မှန်ခဲ့ပါသည်။ ဒါပေမယ့် ...

"နှင် ဘာဖြစ်လာတာလဲ လေနှင်ရာ .. ငါ့ကို ပြောမှပေါ့၊ ငါ့ကို မပြောလို့ နှင် ဘယ်သူ့ကိုပြောမှာလဲ လေနှင်ရာ ..."

ကျွန်မ ရှိုက်သံကို ကြိုးစားဖြေဖျောက်ရင်း ...

"ငါ မှားသွားတယ်ဟာ ..."

စင်သီယာ သူမစကားရဲ့ ဆိုလိုရင်းကို နားမလည်ဟန် ...။

"နှင် ဘာမှားသွားတာလဲ ...လေနှင်ရာ ..."

"ကိုကို့ကို လက်ထပ်မိခဲ့တာ .. အထူးသဖြင့် မမနဲ့ လူကြီးတွေသဘောတူမှန်းသိရက်နဲ့ ငါ မရိုးသားတဲ့နည်းလမ်းနဲ့ အကောက်ကြံပြီး ရယူခဲ့တာ ..."

"ဗုဒ္ဓေါ ..."

စင်သီယာ ရင်ဘတ်ဖိကာ မျက်လုံးအပြူးသား ...

"ငါ့ကို နားရှင်းအောင် ပြောပြစမ်းပါ လေနှင်ရာ ..."





သူမ နှုတ်ခမ်းကို ကိုက်မိသည်။

"ငါ လိုချင်တာကို ငါရအောင်ယူတတ်တဲ့စိတ်က ငါ့ကို ပညာပေးပြီ စင်သီယာ၊ ငါ ကိုကို့ကို မသမာတဲ့နည်းလမ်းသုံးပြီး ရအောင်ယူခဲ့မိတယ်"

စင်သီယာ ပါးစပ်အဟောင်းသား..၊ သူမ ဆူစန်နဲ့ သူမတို့ဆီ သွားရင်း မေမေက မမခင်ထားတို့အိမ် ဝင်မှာခိုင်းတဲ့ကိစ္စ၊ နောက် ကိုကို့မှန်းကို သူမနဲ့ ဆူစန် အမှိုက်ပုံးထဲ ဝှက်ထားခဲ့ရခြင်းတွေ၊ နောက်ပြီး အဝတ်အစားလဲသလိုနဲ့ ကိုကိုရှိမှန်းသိရက် ညီဇော်ကို လက်ဆောက်ချပြီး ရပ်ကွက်လူကြီးတွေကို မကောင်းတဲ့အိမ်ပုံစံ သတင်းပေးပြီး သွားရောက်တိုင်ကြား အမိဖမ်းခိုင်းတဲ့ အစီအစဉ်တွေ၊ နောက်ဆုံး သူ့ကို ငွေညှစ်တဲ့ ညီဇော်နဲ့ ဆူစန်ရဲ့ ကိစ္စ...

သူမ စကားဆုံးတော့ စင်သီယာ ပေါက်ကွဲပါတော့သည်။

"တောက် ... သူငယ်ချင်းအရင်းချင်း လုပ်ရက်တယ်ဟယ်၊ ညီဇော်က ထားပါတော့ ..၊ နဂိုထဲက သောက်ကျင့်ကို မကောင်းတဲ့ကောင် .. ဟိုဟာက ဆူစန်က သူငယ်ချင်းအရင်းကို မျက်နှာမထောက်ဘဲ ညီဇော်အနားက ဘယ်လိုပုက္ခမျိုးနဲ့ရွာရွာ ကျေနပ်ရင်ပြီးရော လုပ်ချတာ ..၊ ဆူစန်နဲ့ ညီဇော်ကြောင့် ရွှေရည်လည်း ငါတို့ကို အဆက်အသွယ်ပြတ်သွားတာ ..၊ သိမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ စင်သီယာရယ် ..."

စင်သီယာက ပြတ်သားစွာခေါင်းခါသည်။ ချက်ချင်းပင် သူမရဲ့ဟမ်းဖုန်းကိုယူကာ ဆူစန့်ဆီ ဖုန်းဆက်ပါသည်။

"ဟဲလို ဘယ်သူလဲ ..၊ ညီဇော် နင့်ဖုန်းကို ဆူစန့်ကိုပေးလိုက်၊ နင် မမိုက်ရိုင်းနဲ့ ညီဇော်..၊ ဆူစန်လား .. ငါ စင်သီယာပဲ၊ နင် ဘာအချိုးချိုးတာလဲ ဆူစန်၊ ဘာ .. ငါနဲ့ဘာဆိုင်လဲ ..၊ ဆိုင်ဆိုင်မဆိုင်ဆိုင် သောက်ဂရုမစိုက်ဘူး ဆူစန်၊ နင် ယောကျ်ားအရမ်းရူးနေလား၊ နင့်ကိုကြည့်ပြီး ငါရွံတယ် ဆူစန်၊ စိတ်ချပါ .. ဒီတစ်သက် နောက်တစ်သက် နင့်မျက်နှာလည်း မမြင်ချင်ဘူး၊ တစ်ခုတော့ ပြောမယ်နော်၊ ဆူစန် နင် လေနှင်ရာရဲ့အိမ်ထောင်ရေးကို ဖျက်စီးအောင် ထပ်ပြီးမယှတ်မာနဲ့တော့၊ ငါ နောက်ဆုံးတစ်ခုပြောလိုက်မယ်၊ ဘယ်အရာမဆို အားနည်းချက်ဆိုတာ အမြဲတမ်းရှိတယ်၊ နင်တို့လည်း သတိမလစ်စေနဲ့ပေါ့"

စင်သီယာ ဒေါသဖြစ်ဖြစ်နဲ့ ဖုန်းကို ဆောင့်ပိတ်လိုက်ပါသည်။

"တော်တော်မွှန်နေတဲ့ဟာမဟာ .. ငါလည်း နိုင်ရင်ပြီးရော ပြောချလိုက်တာဟ ...၊ နေဦး ဟိုကောင် မြတ်မိုးကို ဖုန်းဆက်ပြီး ခေါ်လိုက်မယ်"

မြတ်မိုးက လေနှင်ရာတို့နဲ့လည်းသူငယ်ချင်း၊ ပြီးတော့ စင်သီယာရဲ့ ချစ်သူ ... မြတ်မိုး လာမယ်ဆိုတော့ သူမ အားရှိခဲ့တာ အမှန်ပါ။





သူမ အခုလိုအချိန်မှာ ကိုယ့်ကို အားပေးမယ့် သူငယ်ချင်းတွေရှိတာကြောင့် အားတက်ခဲ့တာ အမှန်ပါ။

မြတ်မိုး ရောက်လာတော့လည်း စင်သီယာအတိုင်းပါပဲ ဓာတ်လမ်းအစုံလည်းပြောပြရော ဒေါသတွေဆင့်ကဲ ပေါက်ကွဲနေပါသည်။

"ခွေးမသား ညီဇော် ...တော်တော်ကောက်ကျစ်တာပဲ"

"ညီဇော်က နောက်မှ ခင်ရတာပါဟယ် ..၊ သူ့အကြောင်းလည်း သိနေတော့ မှန်းဗွာမ်းဆက်ဆံတာပါဟာ ... ဟိုခွေးမ ဆူစန် သူငယ်ချင်းမျက်နှာကိုမထောက် လင်မွှန် မွှန်ပြီး ... တောက် ..."

မြတ်မိုးက အားပေးပါသည်။

"နင် အားမငယ်နဲ့ လေနှင်ရာ၊ ငါနဲ့ စင်သီယာရှိတယ်၊ ရွှေရည်ရှိရင် ကောင်းမှာဟာ ...၊ ရွှေရည်က စိတ်အေးလက်အေးနဲ့ ဘာလုပ်သင့်တယ် အကြံပေးတတ်တယ်"

မြတ်မိုး စကားကြောင့် စင်သီဟာက မျက်စောင်းထိုးရင် ...

"သူ့ရည်းစားက ငါတို့နဲ့ဝေါင်းတာမှ မကြိုက်တာဟာ ..၊ ရွှေရည် ဘယ်လာရဲတော့မလဲ"

မြတ်မိုးက ခေါင်းခါပြပါသည်။

"မဖြစ်နိုင်ဘူး၊ ရွှေရည့်ရည်းစားမကြိုက်တာက ငါတို့ကို မဟုတ်ပါဘူး ... ညီဇော့်ကိုပါဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါဟယ် ...မရှိတဲ့လူကို တမ်းတမနေနဲ့တော့ အခု လေနှင်ရာ ဆက်လုပ်ရမလဲ"

မြတ်မိုး စဉ်းစားရင်း ...

"ပြဿနာ အသေးအမွှားလေးကတော့ နင် အိမ်ပြန်ရောက်ရင် ဖြစ်မှာပဲ၊ အဲဒါကိုတော့ နင် စိနိုင်ရည်ရှိရမယ် လေနှင်ရာ"

သူမ မျက်ရည်ကျမိပြန်ပါသည်။ မင်္ဂလာပွဲရဲ့ အငွေ့အသက် ပျော်ရွှင်ကြည်နူးမှု ဟန်းနီးမွန်းခရီးစဉ် အဲဒီသာယာမှုတွေ ဘယ်မှာလဲ၊ အင်းယော့လေ.. လူကြီးတွေပြောတဲ့ ဘယ်သူမပြု မိမိမှုဆိုတာ လေနှင်ရာ သဘောပေါက်ခဲ့ပါသည်။





"အခစ်ကိုလေး ... မမလေး ပြန်လာပါပြီ"

အနှင်း လာပြောတဲ့အချိန်မှာ သူ ပုလင်းထဲမှာ တစ်ဝက်ကျိုးနေပါပြီ။ ကျွန်တော် အနှင်းကို ခေါင်းညိတ်ပြကာ ...

"ကျေးဇူးပဲ ကိုဘလှ၊ ခင်ဗျားလည်း နားချင်နားတော့"

ကိုဘလှက သက်ပြင်းချကာ အောက်ထပ်ကို ဆင်းသွားပါသည်။ ကျွန်တော် ဝရန်တာမှာ ကိုဘလှနဲ့ စကားပြောကာ သောက်နေရင်း လေနှင်ရာရဲ့ကား ဝင်လာတာတွေ့ရပါသည်။

ဝရန်တာမှာ သက်သောင့်သက်သာထိုင်ရင်း ခပ်ပြင်းပြင်း တစ်ချက် ထပ်မော့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လေနှင်ရာ ငိုထားရလို့ မို့အစ်နေတဲ့မျက်နှာကို ကရမ်ရိုက်ဟန် မပျက်အောင် ပြင်ဆင်ကာ ကားတံခါးဖွင့်ကာ ထွက်လာခဲ့ပါသည်။ သူမ အပေါ်ထပ်ကဆင်းလာတဲ့ ကိုအလှကိုတွေ့တော့ ...

"အစ်ကိုလှ ကိုကို ထမင်းစားပြီလား ..."

"မစားရသေးဘူး လေနှင်ရာ"

"ဟင် .. ဒီအချိန်ထိ မစားရသေးဘူး၊ အခု ဘာလုပ်နေလဲ အစ်ကိုလှ ..."

"အရက်သောက်နေတယ်ဟာ ... တော်တော်များနေပြီ"

သူမ ရင်ထဲမှာ တင်းကျပ်သွားပါသည်။ သူမရဲ့အရိပ်အငွေ့တွေသည် ကိုကို့ရင်ကိုပါ ကူးစက်စေပြီ ထင်ပါရဲ့ ...။

"ကိုကို မူးနေပြီလား အစ်ကိုလှ ..."

"မူးလား မမူးလား ငါလည်း မသိဘူး လေနှင်ရာ၊ ငါနဲ့ တစ်ချိန်လုံး စကားပြောရင်း သောက်နေချိန်မှာတော့ ပုံမှန်ပါပဲ"

သူမ အပေါ်ထပ်ကို ဆက်တက်ခဲ့ပါသည်။ သူမတို့ အိပ်ခန်းတံခါးကိုဆွဲဖွင့်တော့ အရင်ဆုံးမြင်ရတာက အိစက်ညက်ညောနေတဲ့ မင်္ဂလာအိပ်ရာ၊ ဒီအိပ်ရာပေါ်မှာ ဘယ်သူမှ မအိပ်စက်ရသေးမှန်း သိသာအောင် အရာမယွင်းသေး ...။

သူမ ကိုကို့ကိုရှာကြည့်တော့ ဝရန်တာမှာတွေ့ရပါသည်။ ကိုကို





ာ သူမရောက်ရှိနေမှန်းသိပေမယ့် တစ်ချက်လေးမှ လှည့်မကြည့်။ သူမ ရေချိုးခန်းဝင်လိုက်ပါသည်။ စိတ်တစ်ခုလုံး အေးသွားအောင် ရေချိုးပြီး အိမ်နေရင်းအဝတ်အစားဝတ်ဆင်ကာ ကိုကိုရှိရာ ဝရန်တာသို့ ထွက်လာခဲ့ပါသည်။

သူမ အမြည်းတင်ထားတဲ့စားပွဲအောက်ခုံပုလေးမှာ ထိုင်လိုက်ပါသည်။

ကိုကို သူမကို လုံးဝမကြည့်။ ကိုကို့အကြည့်တွေက ဟိုအဝေးဆုံးတစ်နေရာကို ငေးကြည့်စဉ်းစားနေသလိုလို ...။

အခုအချိန် ကိုကို့ရင်ထဲမှာ ဘယ်သူရှိနေမှာလဲ၊ မမသဒ္ဒါများလား၊ ဒါမှမဟုတ် သူမနဲ့ လက်ထပ်လိုက်ရလို့ ကိုကို အကြီးအကျယ်နောင်တရနေပြီလို့ တွေးတောနေသည်လား ...။

ကိုကို့ဆီက သက်ပြင်းချသံကိုကြားရပါသည်။ ကိုကို အရက်ကိုတစ်ငုံစုပ်ယူတော့ သူမ အလိုက်တသိ တူနဲ့ အသားတစ်ဖတ်ကိုညှပ်ကာ ကိုကို့ပါးစပ်ဖျားရှေ့ကို ထိုးအပေး ..။

ကိုကို သူမကိုလှည့်ကြည့်ပြီး အသားဖတ်ညှပ်ထားတဲ့တူကို တွတ်ထုတ်လိုက်ပါသည်။

"မင်း ဘာမှ အပိုတွေ လာလုပ်မနေနဲ့ လေနှင်ရာ၊ မင်းက ငါနဲ့ တတ်သက်လို့မရတဲ့ မိန်းမတစ်ယောက်ပဲ ..၊ မင်းအဆင့်က ..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့စကားသံတွေသည် နားထဲမှာ ဗုံးတစ်လုံးပေါက်ကွဲသလို ပါပဲ။ ကိုကို ထ,ရပ်ကာ ပုလင်းကိုဆွဲတော့ ...

"ကိုကို အရမ်းများနေပြီ၊ ထမင်းလည်း မစားရသေးဘူး"

သူမရဲ့စကားသံကြောင့် မိုးသက် အံ့သြသင့်ဟန် မျက်လုံးပြူးကာ တဟက်ဟက် အားရပါးရရယ်ရင်း ...

"မင်း သရုပ်ဆောင်လုပ်ရင် အကယ်ဒမီတွေရမှာ သေချာတယ် လေနှင်ရာ ..၊ ဒီနေ့ ဒီအချိန်ကစပြီး မင်းနဲ့ ငါဟာ တစ်အိမ်ထဲမှာ အတူနေတဲ့ သူစိမ်းတွေလို သဘောထားလိုက်၊ မင်း အပိုစကားမပြော နဲ့၊ ငါပြောတာနားထောင် .. နားမထောင်ရင် ငါ့အဆိုးမဆိုနဲ့၊ ငါ အောက်ထပ်မှာအိပ်မယ် .. ဒါပဲ ..."

မိုးသက် ဒီလောက်ကြီးမမူးပါ။ သူသိပါသည်။

နောက်တစ်ခု သူသိချင်တာက ...လေနှင်ရာရဲ့ စိတ်ခံစားချက် ...။





"အိမ်ရှေ့ပူတော့ နောက်ဖေးပါ အပူဟပ်တယ်ဆိုတာ ဒါမျိုး ပေါ့ ဦးလေးရယ် ..."

အနှင်း စကားကြောင့် ကိုဘလု အနှင်းခေါင်းကိုထုကာ ...

"နင်ကြီးတော် အိမ်ရှေ့ပူတော့ နောက်ဖေးမချမ်းသာပါဘူး"

"ဟာ ... သမီးတို့က ဆင်းရဲနေတော့ အပူဟပ်တယ်ပဲ ကောင်းပါတယ် ဦးလေးရယ်..၊ တကယ်ပဲ အစ်ကိုလေးတို့ကိုကြည့်ပြီး အနှင်း လင်စိတ်သားစိတ်ကုန်တယ်"

အနှင်းစကားကြောင့် ကိုဘလု အနှင်းခေါင်းကို နောက်တစ်ချက် ခေါက်တော့ အနှင်း တရှုံ့မဲ့မဲ့နဲ့ ...

"လူကိုဘာလို့ အဲဒီလောက်ခေါက်နေရတာလဲ ဦးလေးရဲ့ ..."

"ဟဲ့ ဒါ အပျိုလေးပြောရမယ့်စကားလား ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါကျမှ အနှင်းက ပြန်တွေးပြီး 'အဟီး'လို့ ရယ်ပါသည်။ ကိုဘလုက အနှင်း ချက်ပြုတ်နေတာကို ဝိုင်းကူလုပ်ပေးရင်း ...

"ဆရာလေးဘက်ကကြည့်တော့လည်း မမှားဘူးဟ ... ဘယ်မှာလဲ သူ့အတွက် မင်္ဂလာဦးအပျော် ..."

"မမလေးက မေမေကြီးတို့နဲ့ အတူနေတဲ့အတိုင်း ပုံစံမပြောင်းဘူးနော် ဦးလေး ..."

အနှင်း စကားကြောင့် ဦးလေးက ပတ်ဝန်းကျင်ကို ကမန်းကတန်း ဝေ့ကြည့်ပြီး 'တိုးတိုး'လို့ ပြောပါသည်။

အနှင်းကို ဝိုင်းကူလုပ်ပေးပြီး ကိုဘလု လက်ဆေးကာ ...

"ကဲ ငါလည်း အစ်ကိုလေး ဒီနေ့ အလုပ်စ,ဝင်မယ်ဆိုတော့ ကားလိုက်မောင်းပေးရမယ်"

"ဟင်.. အစ်ကိုလေးက အလုပ်စ,ဆင်းပြီလား၊ အစောကြီး ရှိသေးတယ်"

ကိုဘလု သက်ပြင်းချရင်း ...

"သူ့အဖေကတော့ နောက်လငါးရက်နေ့မှ စ,ဆင်းလို့ ပြောပေမယ့် အစ်ကိုလေး အိမ်မှာမနေချင်တာ သိသာနေတာပဲ မိနှင်းရယ် ... ကဲ ကဲ နောက်ကျနေဦးမယ်"

ကိုဘလု အိမ်ရှေ့ထွက်လာတော့ အပေါ်ထပ်ကနေ အစ်ကိုလေး





ဆင်းလာပါသည်။ အစ်ကိုလေး လက်ထဲကအိတ်ကို ယူမယ်လုပ်တော့ အစ်ကိုလေးက ...

လက်ကာတားကာ ခပ်လှမ်းလှမ်းက မယောင်မလည် အလုပ်ရှုပ်ဟန်ပြုနေတဲ့ လေနှင်ရာကို ...

"မင်း ကားသုံးစရာရှိလား လေနှင်ရာ ..၊ သုံးစရာရှိမယ်ဆိုရင် ငါ တိုင်စီနဲ့ သွားမယ်"

"မရှိတော့ မရှိပါဘူး ကိုကို၊ ဒါပေမယ့် ဟို ..."

မိုးသက်က ခပ်တည်တည် အပြုံးအရယ်မရှိ ...

"ပြော ..."

စိတ်မရှည်ဟန်စကားသည် လေနှင်ရာ တွန့်ဆုတ်ဆုတ် ဖြစ်သွားပါသည်။

"မေမေတို့အိမ် မရောက်တာကြာလို့ လမ်းကြုံဝင်ပို့လို့ရမလားကို ..."

မိုးသက် နာရီကိုကြည့်ကာ ...

"မင်း ပြင်ဆင်စရာရှိသေးလား ..."

"ဟို အဝတ်စားလဲရုံလောက်ပါ"

"ကဲ ဒါဆို မြန်မြန်လုပ်၊ ငါ ကားထဲကစောင့်မယ်၊ သြော် ..."

သြော်... ဆိုတဲ့ စကားကြောင့် လေနှင်ရာက အပေါ်ထပ်ကို



www.burmeseclassic.com

www.burmeseclassic.com



တက်မယ်လုပ်ပြီးမှ ပြန်လှည့်ကြည့်တော့ မိုးသက် အရေးမပါဟန် လက်ခါပြကာ ...

"မင်းကို ပြောတာမဟုတ်ဘူး၊ ကိုဘလှကို ပြောတာ"

"ဟုတ်ကဲ့ ဆရာလေး"

"ခင်ဗျား ကျွန်တော်နဲ့မလိုက်နဲ့တော့၊ အိမ်မှာ ကျွန်တော့်သူငယ်ချင်းတွေ နိုင်ငံခြားဖုန်းလာရင် ခင်ဗျား သေသေချာချာမှတ်ပေးရုံပဲ။ ညနေ ကျွန်တော့်အတွက် ဘဲကင်မှာထားပေးဗျာ၊ သူ့အတွက်တော့ ခင်ဗျားဘာသာ မေးကြည့် .. ရော့ ပိုက်ဆံ"

မိုးသက် ကိုဘလှကို ပိုက်ဆံအိတ်ဖွင့်ကာ ပိုက်ဆံထုတ်ပေးပါသည်။ ပိုက်ဆံထုတ်ပေးပြီး ကားသော့ကို ကိုဘလှလက်ထဲက လှမ်းယူကာ အသင့်ရပ်ထားတဲ့ကားတံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်ပါတယ်။ ခဏနေတော့ လေနှင်ရာ ဆင်းလာကာ သူ့ဘေးက ကားတံခါးဖွင့်ကာ ဝင်ထိုင်ပြီး ...

"ဟိုလေ နောက်မှာစီးရင် မေမေ တစ်မျိုးထင်မှာစိုးလို့ ..."

"အဲဒါ မင်းကိစ္စပါ"

မိုးသက် ခပ်ပြတ်ပြတ်ပြောပြီး ကားကို မောင်းထွက်လာခဲ့ပါသည်။ လမ်းမပေါ်ရောက်တော့ ကားကက်ဆက်ကို ဖွင့်လိုက်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ .. သီချင်းသံ သူနှစ်သက်ခဲ့တဲ့သီချင်း 'လေ





ထဲကအိမ် ...'။

(အဓိပ္ပာယ်ရှိသော ဘဝလေးတစ်ခု အတူတည်ဆောက်မယ် စိတ်ကူးနဲ့ လေထုထဲမှာ ငါဟာ အိမ်လေးတစ်လုံး ရေးဖို့ တွေးနေတယ်...)

လေနှင်ရာ ...သီချင်းစာသားကြောင့် ဖျတ်ခနဲကြည့်သည်။

မိုးသက် ချက်ချင်းပင် ကက်ဆက်ကို ပိတ်လိုက်ပါသည်။ လေနှင်ရာ မငိုမိအောင် ကြိုးစားခဲ့ပါသည်။

သူမ ကိုကို့ကို မေးဖျားလေးကိုင်ပြီး မော့ကြည့်ကာ မေးကြည့်ချင်ပါသည်။

ကိုကို ကိုယ်တိုင်ရော အဲဒီ သီချင်းထဲကလို 'လေထဲကအိမ်ကလေး' တည်ဆောက်ဖို့ စိတ်ကူးအတွေး တွေးမိလားလို့ပါ ...။

သူမတို့ခြံရှေ့မှာ ကားသံဟွန်းပေးတော့ ဦးကံထူးက တံခါးဖွင့်ပေးသည်။ မိုးသက် ရှိန်းရာကျမှာစိုးတာကြောင့် ကားကို ခြံထဲ ချိုးကွေ့ဝင်လိုက်ပါသည်။ ကားကို လှေကားထစ်တွေနားအထိ ကပ်ရပ်လိုက်တော့ အိမ်ထဲက လေနှင်ရာ မေမေ အပြုံးနဲ့ ထွက်လာပြီ ...

"ဟော ခုမှပဲ သားနဲ့သမီးက ရောက်လာတော့တယ်၊ အဲ .. ဆင်းကြလေ ..."

လေနှင်ရာက တံခါးဖွင့်ဆင်းပြီး ကျွန်တော်က ကားထဲမှာမို့ လေနှင်ရာ မေမေက ပြောတော့ ကျွန်တော် ဟန်မပျက်အောင်ပြုံးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မဆင်းတော့ဘူး မေမေ"

လေနှင်ရာ မေမေကို ကျွန်တော် အခုလိုခေါ်တော့ လေနှင်ရာ ခေါင်းငုံ့သွားပါသည်။ အဘွားကြီးလည်း ကျေနပ်ပီတိနဲ့ပေါ့ ...။

"အလုပ်က ဒီနေ့ စဆင်းပြီလေ မေမေရဲ့ ..."

လေနှင်ရာက အလိုက်တသင့် ပြောပေးပါသည်။

"ကောင်းပါတယ်ကွယ်၊ သား ကားကို ဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့ မေမေ၊ သွားမယ်နော် လေနှင်ရာ .. ပြန်မယ်ဆိုရင် ကိုကို့ကို ဖုန်းဆက်လိုက်"

လေနှင်ရာ တကူးတက ဖြစ်မည်စိုးတာကြောင့် ...

"ဖုန်းမဆက်တော့ဘူး၊ ကိုကို တကူးတက ပြန်ပို့နေရမယ်၊ အိမ်က ကားနဲ့ပဲ လေနှင်ရာ ပြန်ပို့ခိုင်းလိုက်မယ်"

သူတို့နှစ်ယောက်ရဲ့ မှသားကြည်နူးဖွယ်တွေကို လေနှင်ရာ့ မေမေက ကျေနပ်နေဟန်ရှိပါသည်။ မိုးသက် အားလုံးကို ခြုံငုံ လက်ပြကာ ကားကို မောင်းထွက်လာခဲ့ပါသည်။





၁၁

သူ့ရဲ့ကားလေး လက်ဖက်ရည်ဆိုင်ရှေ့ကို ရပ်လိုက်သည် ဆိုတာနဲ့ စာရွက်တစ်ရွက် ဘောပင်တစ်ချောင်းနဲ့ အလုပ်ရှုပ်နေတဲ့ အောင်မြင့်ထွန်းက စပြီး ရိုပါတော့သည်။

"ဟော့ စားပွဲထိုးတစ်ယောက် ခပ်မြန်မြန်ဟော့.. ခုံကိုသုတ်စမ်း၊ တို့သူဌေး လာတယ်ဟော့ ..."

ဆိုင်ထဲမှာ ရင်းနှီးနေသူတွေက ရယ်ကြကာ တချို့က မိုးသက်ကို လှမ်းနှုတ်ဆက်ကြပါသည်။

မိုးသက် ထိုင်ရင်း လက်ဖက်ရည်လှမ်းမှာပါတယ်။

"ချာတိတ်တွေရော မတွေ့ပါလား"

"သင်တန်းသွားကြတယ် မိုးသက်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော ..."

ကျွန်တော့်အမေးကြောင့် အောင်မြင့်ထွန်းက ရယ်ကျဲကျဲနဲ့ လက်ထဲက စာရွက်တွေပြကာ ...

"ဒီမှာလေ နေ့တစ်ဝက် စာမေးပွဲဖြေနေတာ ..."

"မင်း ဒီသောက်ကျင့်က အခုထိ မပျောက်သေးပါလား အောင်မြင့်ထွန်း ..."

ဒီကောင်က ကျွန်တော်ဆဲလည်း စပ်ဖြဲဖြဲ ...။

"မင်းကတော့ ဇိမ်ကျနေတာပေါ့လေ၊ ကောင်မလေး ငယ်ငယ်ချောချောလေးရထားပြီး နှစ်ဖက်မိဘက လက်ဖွဲ့တဲ့ အသုံးအဆောင်တွေနဲ့ ဟန်ကိုကျနေတာပဲ ..."

"မင်းထင်လို့ပါ အောင်မြင့်ထွန်းရာ၊ ငါတို့အိမ်ထောင်ရေးက ..."

လွှတ်ခနဲ ထွက်သွားပြီးမှ ...

"ထားလိုက်ပါတော့ကွာ"

အောင်မြင့်ထွန်းက မျက်ခုံးရှုံ့ကာ ကျွန်တော့်ကို သေချာစိုက်ကြည့်နေပါသည်။

"ငါက မင်းတို့ အဆင်ပြေနေတယ်ထင်နေတာ၊ မင်းတို့ အဆင်မပြေရအောင် ဘာတွေဖြစ်နေလို့လဲ မိုးကြီး ..."

"အစက က အချစ်လို့ ထင်တာပဲ"





"မဟုတ်သေးပါဘူးကွာ"

ကျွန်တော် မြင့်ထွန်းစကားကြောင့် ပြုံးမိသည်ထင်သည်။

"မရေရာ မသေချာတဲ့ဖတ်လမ်းကို စမ်းခဲ့တာ ငါ အမှားတစ်ခုကျူးလွန်မိလိုက်သလိုပဲ အောင်မြင့်ထွန်း ..."

"အေးလေ.. မင်းရည်ရွယ်တာ တခြား .. ညားတော့ တခြား၊ အဲဒါပဲကွ လူတခြား ကံကြမ္မာတခြား ဖြစ်နေတယ်ဆိုတာ ..."

မိုးသက် လာချပေးတဲ့ လက်ဖက်ရည်ကို တစ်ကျိုက်သောက်ရင်း ...

"ပြောရမှာလည်း ရှက်စရာကွာ ..."

ကျွန်တော့်စကားကြောင့် မြင့်ထွန်းက ...

"ဘာရှက်စရာရှိလဲကွာ .. မင်းနဲ့ငါက ငယ်ပေါင်းသူငယ်ချင်းတွေပဲ၊ မင်း ငါ့ကိုမှမပြောရင် ဘယ်သူ့ကို ပြောမလဲ မိုးကြီး"

ဟုတ်တော့လည်းဟုတ်ပါတယ်၊ ရင်ထဲမှာရှိတဲ့ သောကမှတ်တမ်းတွေကို မြင့်ထွန်း ဖတ်ရှုခွင့်ရမှ အဆင်ပြေမည်ထင်သည်။

"လေနှင်ရာ သူ့အရင်ရည်းစားနဲ့ ပြန်တွဲနေတယ် မြင့်ထွန်း"

မြင့်ထွန်းက မယုံကြည်ဟန် ...

"ဟုတ်လို့လား မိုးကြီးရာ ..၊ လေနှင်ရာ သူစိမ်းယောကျ်ား တစ်ယောက်နဲ့ တွဲသွားတွဲလာ ငါမတွေ့ဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဖြစ်အပျက်တွေကို ပြောပြမိပါသည်။ မြင့်ထွန်းက အံ့သြတကြီး နားထောင်ရင်း ...

"အဲဒီကောင်လေးနာမည်က ..."

"ညီညီဇော် ..၊ သူ့မိဘကတော့ အကောင့်ကြီးကြီးထဲကပဲ၊ ဒီကောင်လေးကြည့်ရတာ ဆေးသမားထင်တယ်ကွ"

"ဒါဆို မင်းတို့အိမ်ထောင်ရေးက ..."

သူ နာနာကျင်ကျင်ပြုံးမိတော့ မြင့်ထွန်း စိတ်မကောင်းဟန် သက်ပြင်းချပါသည်။

"အမည်ခံ အိမ်ထောင်ရေးပေါ့ သူငယ်ချင်းရာ၊ ပြီးတော့ သာယာမှုမရှိတဲ့ အိမ်ထောင်ရေးဆိုရင်လည်း မမှားဘူး အောင်မြင့်ထွန်း"

"မင်း လေနှင်ရာနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြည့်ပါလား"

"ငါ ဝန်ခံပါတယ်၊ ဆွေးနွေးပွဲတိုင်းမှာ သူနဲ့ ငါနဲ့ ဒေါသတွေမာနတွေ ပေါက်ကွဲမှုတွေနဲ့ပဲ အဆုံးသတ်သွားတယ်၊ တစ်ခါမှ စိတ်အေးလက်အေး မဖြေရှင်းခဲ့တာတော့ အမှန်ပဲ"

အောင်မြင့်ထွန်းက ကျွန်တော့်ပခုံးကိုပုတ်ကာ ...

"စိတ်ဓာတ်ကျမနေပါနဲ့ကွာ ..၊ တဖြည်းဖြည်းနဲ့ လေနှင်ရာကို မင်းဘက်ပါအောင် စည်းရုံးယူပေါ့၊ ဒါနဲ့ ဒီကိစ္စတွေ မင်းအိမ်ရောသူ့အိမ်ရော သိလား မိုးကြီး"





"ဘယ်အသိခံလို့ ဖြစ်မလဲကွာ၊ ငါတို့ အိမ်ထဲမှာတော့ ပြဿနာတွေက မိုင်းတွေဗုံးတွေ ဆက်တိုက်ပေါက်နေပေမယ့် လူမြင်ကွင်းမှာတော့ သိပ်ချစ်ကြတဲ့ ဇာကာစလင်မယားပေါ့ကွာ၊ ကဲ ငါလည်း ပြန်ဦးမယ်၊ ငါ ဒီနေ့မှ ဖေဖေ့စက်မှုဇုန်ကစက်ရုံမှာ စပြီး အလုပ်ဝင်တာကွ"

"ဩော် ... သံရည်ပူကို အပေါ့အငန်မြည်းရတယ်ထင်တယ်"

"ခွေးကောင် ... မင်း ဒီအပတ်တနင်္ဂနွေ လာခဲ့ပါလား၊ ငါ နားတယ် အောင်မြင့်ထွန်း .. ချာတိတ်တွေပါ ခေါ်ခဲ့လေ"

"အေး လာမယ် သူငယ်ချင်း ..."

ကျွန်တော် အောင်မြင့်ထွန်းကို နှုတ်ဆက်ကာ ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လေနှင်ရာ ထမင်းစားသောက်ပြီး ကိုကို တီဗွီကြည့်နေတော့ ကိုကို အနားမှာ မဝံ့မရဲ ရပ်ကာ ...

"ကိုကို ..."

မိုးသက် တီဗွီကြည့်နေရာမှ မော့ကြည့်ပါသည်။ လေနှင်ရာ မျက်နှာချင်းဆိုင်မကြည့်ရဲ ...၊ အထူးသဖြင့် ကိုကို့မျက်ဝန်းထဲက သူမ အပေါ်ထားရှိတဲ့ အကြမ်းထည်ဆန်မှုတွေ ...။

"မနက်ဖြန်ကျရင် လေနှင်ရာ သူငယ်ချင်းနှစ်ယောက် အိမ်ကို အလည်လာမှာမို့လို့ ကိုကို့ကို ခွင့်တောင်းတာပါ"

ကိုကို့နှုတ်ခမ်းထောင့်စွန်းက သရော်ဟန်ကွေးသွားပါသည်။ မင်း အခုမှ ငါ့ကို ခွင့်တောင်းမှုရှိသေးတယ်နော်ဆိုတဲ့ အဓိပ္ပာယ်။





"ဒါ မင်းနဲ့ငါ နှစ်ဦးပိုင်တဲ့အိမ်ပဲလေ ...'မင်းသဘောပေါ့၊ ခေါ်ချင်ခေါ် မခေါ်ချင်နေ ... အဲဒါ မင်းကိစ္စ ..."

မိုးသက် တီဗွီကိုဆက်ကြည့်နေပါသည်။ လေနှင်ရာ သက်ပြင်းချမိပါသည်။ အခုလောက် အထွေအငွေ့စကားဟာ သိပ်မဆိုးရွားလှဟု သဘောထားမိပါသည်။

အိမ်တစ်အိမ်လုံးမှာ ရင်းနှီးဖော်ဆိုလို့ အစ်ကိုဘလှနဲ့ အနှင်းကို ဖယ်လိုက်ဆိုလျှင် ပတ်သက်မှုဟာ ကျွန်မနဲ့ ကိုကို နှစ်ယောက်တည်းသာ ရှိပါသည်။

ပျင်းရိခြောက်သွေ့ဖွယ်ကောင်းတဲ့ နေထိုင်ဖြတ်သန်းမှုမှာ သူမ အပြစ်နဲ့ သူမမို့ ကျိတ်မှိတ်ခံနေရပါသည်။ မနက်ဖြန် စင်သီယာနဲ့ မြတ်မိုးက အတင်းတားတဲ့ကြားက အိမ်ကို အလည်လာမည်ဆိုတာ ချည်းပါပဲ။

မြတ်မိုးက ...

"ကိုမိုးသက် မရှိင်းဖူးဆိုတာ နင်ဟို့ မင်္ဂလာဆွေ့ခံပွဲကတည်းက ငါသိတယ် လေနှင်ရာ၊ သူသာ ရိုင်းမယ်ဆိုရင် နင့်ကောင် ညီ အိမ်ထဲအထိတောင် အဝင်ခံမှာ မဟုတ်ဘူး"

"နင်နော် အဲဒီ ကောက်ကျစ်ယုတ်မာတဲ့ကောင်နဲ့ မစနဲ့"

အဲဒီလိုပြောတော့ မြတ်မိုးက ရယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ညီအော်နဲ့ ငါ ပတ်သက်မှုကို ကိုကို့ကို လုံးဝ အသိမပေးနဲ့နော်"

"အေးပါဟယ်။ ငါတို့က အဲဒီလောက် မကုံးပါဘူး လေနှင်ရောရဲ့ ...၊ တကတဲ ..."

"သြော် .. လွှတ်ခနဲ ပြောမိမှာစိုးလို့ပါဟ ..."

စင်သီယာတို့နဲ့ ပြောမိတဲ့စကားကို ပြန်တွေးမိရင် အိပ်မရတဲ့အဆုံး သူမ ခြံထဲဆင်းလာပါသည်။ လရောင်က လင်းလင်းမြမြသာနေပါတယ်။ ကြယ်တွေက မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ကမ္ဘာမြေကို ငုံ့ကြည့်နေပါသည်။

အဝေးက သီချင်းသံသဲ့သဲ့ကို ကြားရသည်။

"မမလေး မအိပ်သေးဘူးလား"

အနှင်းက သူမအနားမှ ဝင်ထိုင်ပြီး ပြောပါသည်။

"အေးဟယ် .. မျက်လုံးကကြောင်နေတာနဲ့ အိပ်မရမယ့်အတူတူ ခြံထဲလမ်းလျှောက်ရင် ကောင်းမယ်လို့တွေးမိလို့ ဆင်းလာတာ"

"အစ်ကိုလေးနဲ့ ဧည့်ခန်းမှာ တီဗွီအတူတူကြည့်ပါလား မမလေးရဲ့ ...၊ လင့်မယားတွေပဲ"

အနှင်းက အကြောင်းသိတွေမို့ ရယ်မောကာ စ,မိတော့ သူမက ကိုကို့ကို ကြောက်လန့်ဟန်ပန်ခုံးတွန့်ပြပါသည်။





"အစ်မလေး အစ်ကိုလေးကို မတားဖူးလားပေါင် ..."

"ဘာဖြစ်လို့လဲ ..၊ ကိုကိုက ချောက်ထဲခုန်ချမယ်ပြောနေလို့လား"

"ဟာ မမလေးကလည်း ..၊ ဟိုလေ... အရက်တွေ စွတ်သောက်နေတာ ..."

သူမ အနှင်းစကားကြောင့် ငိုင်တွေသွားပါသည်။ ဟုတ်ပါရဲ့ ကိုကို မင်္ဂလာပွဲပြီးကတည်းက နေ့စဉ်ရက်ဆက်ဆိုသလို အရက်ချည်းစွတ်သောက်နေတာပါ။ ဒါတောင် ဒီရက်ပိုင်း ကိုကို ဖေဖေ့လုပ်ငန်းခွင်ဝင်နေလို့ နေ့ခင်းနေ့လယ် မသောက်ဖြစ်တာပါ။

"ငါ ပြောရင်ရော ကိုကိုက လက်ခံမှာမို့လို့လား"

"သြော် .. မမလေးရယ် ကိုယ်လင်ကိုယ့်မယားပဲ ဖြစ်နေပြီ၊ မေတ္တာနဲ့ပြောရင် အစ်ကိုလေးက လက်ခံမှာပါ"

သူမ သက်ပြင်းနဲ့အတူ ခေါင်းကိုခါရင်း ...

"မထင်ပါနဲ့ အနှင်းရယ် ..၊ တော်ကြာ ငါပြောမှ အရွဲ့တိုက်ပြီး ပိုသောက်နေမှဖြင့် ကိုကို ပိုဆိုးသွားလိမ့်မယ်"

"အဲဒါတွေကြောင့် မမလေးနဲ့ အစ်ကိုလေးက ပိုပြီး သူစိမ်းဆန်ဆန်နေကြရတာ ..."

"ဘယ်လို ..၊ လုပ်ပါဦး အဘွားနှင်းရယ် ..."

ကျွန်မက စ,နောက်မိတော့ အနှင်းက ရှက်ကိုးရှက်ကန်းနဲ့ –



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..ဒီက အကောင်းလည်း ပြောရသေးတယ်"

"စံ,တာပါဟယ် ပြောပါဦး"

"ဘယ်ယောက်ျားမဆို အချော့ကြိုက်မှာပဲ၊ အချော့မကြိုက်တဲ့ ယောက်ျားတော့ အနှင်း မမြင်ဖူးသေးဘူး၊ နောက်တစ်ခုက အလိုက်သိမှု ..."

"ဘယ်လို အလိုက်သိမှုလဲ"

"မမလေးကလည်း အ,ပါ့ ..၊ ကိုယ့်ယောက်ျား ဘာဟင်းကြိုက်တက်လဲ"

ကိုယ့်ယောက်ျားဆိုတဲ့ စကားကြောင့် လေနှင်ရာ ကျောတွန့်သွားမိပါသည်။

"ဘာဖြစ်တာလဲ"

"နင်က ယောက်ျား .. ယောက်ျားပြောလေ ကြက်သီးထလေပဲ"

အနှင်းက ရယ်သည်။

"အလုပ်သွားခါနီး အဝတ်လေးထုတ်၊ ဖိနပ်လေး အဆင်သင့်ပြင် နှမ်းလေးသာဖြူးလိုက် ပွဲကပြီးပြီ"

အနှင်း စကားကြောင့် သူမ ပါးစပ်ကို လက်ဝါးနဲ့ကာကာ ဟက်ဟက်ပက်ပက် ရယ်ရင်း ...

"ဟယ် ... မလုပ်ရဲပါဘူးဟယ် .. ရှက်စရာကြီး"





"ဩော် ... မမလေး.ပြောပုံအရဆို အိမ်ထောင်ရှင်မတိုင်းက အရက်မရှိတဲ့လူတွေကျနေတာပဲ၊ လုပ်ကြည့်စမ်းပါ"

"ငါမှ ကိုကို ဘာတွေကြိုက်တက်လဲမှ မသိတာ ..."

"ဒါများ လွယ်လွယ်လေး မမလေးရယ် ..၊ အစ်ကိုလေး အမေကို ဖုန်းဆက်မေးကြည့်လိုက် .. ပွဲကပြီးပြီ"

"လုပ်ဦးဟ ..."

ကိုကို့ စကားကို ယူသုံးတော့ အနှင်းက အားရပါးရ ရယ်ပါသည်။ အနှင်း ပြောတဲ့အတိုင်း မျက်စိထဲမှာ မြင်ယောင်ကာ စိတ်ကူးယဉ်မိတော့ ရင်ဘတ်ထဲမှာ တဒိတ်ဒိတ် ...။

ဘာလို့ ရင်ခုန်နေရတာလဲ သူမ သိပါသည်။

မနက်မိုးလင်း အိပ်ရာကထတော့ ရေမိုးချိုးကာ အနှင်းနဲ့အတူ ဆောက်တော်ရေလဲ ဘုရားရှိခိုးဝတ်ပြုပါသည်။ အိမ်မှာ ပုံမှန်မဟုတ်တဲ့ စိတ်ကူးရမှသာ လုပ်လေ့လုပ်ထရှိပေမယ့် အခုအချိန်မှာတော့ ကိုကို့ရဲ့ မေ့တွေးသော ချစ်ခြင်းကိုရဖို့ သူမ ဘုရားကို နားပူနဆာလုပ်မိသည် ကင်ပါသည်။ ဘုရားရှိခိုးဝတ်ပြုပြီး အနှင်းက ...

"မမ ဖုန်းဆက်လေ ..."

"ဘယ်သူ့ကို ဖုန်းဆက်မှာလဲ၊ ဒီနေ့ ငါ့သူငယ်ချင်းတွေ လာခေါ် ရင် ဈေးသွားမယ်လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မမကလည်း တုံးပါ၊ အစ်ကိုလေးမေမေဆီလေ ..."

အနှင်း ညက ပြောထားတာကို သတိရတော့ ...

"ဟာ ငါ မဆက်ရဲဘူး၊ ရှက်စရာကြီး"

ကျွန်မ အပြောကြောင့် အနှင်းက စိတ်ပျက် လက်ပျက်ဟန်နဲ့ —

"ဟာ မမကလည်း လုပ်ပြီ၊ ဘာမှ ရှက်စရာမလိုဘူး၊ ဆက်စရာရှိတာဆက်ပါ"

အနှင်းက သူမကို ဖုန်းစင်နားအထိ အတင်းတွန်းလွှတ်ပါသည်။ သူမ ဖုန်းနံပါတ်ကိုနှိပ်ဖို့ တွန့်ဆုတ်ဆုတ်ဖြစ်နေပါသည်။ နောက်တော့ မထူးဘူးဆိုပြီး ဖုန်းနံပါတ်ကို နှိပ်မိသည်။ ဖုန်းခေါ်သံနှင့်အတူ —

"ဟဲလို ..."

သူမ တံတွေးကိုမျိုကာ ...

"မေမေလား .. သမီး လေနှင်ရာ ပါ၊ ဟိုလေ .. မေမေ့ကို မေးစရာရှိလို့ ..."

"သမီးလား ..၊ ဘာများမေးစရာရှိလို့လဲ သမီးရယ် ..."

"ဟို .. ဟိုလေ ..."

ပြောရမှာ တွန့်ဆုတ်ဆုတ်ဖြစ်နေတာကြောင့် ကိုကို့မေမေက ပြောပါသည်။

"ဟို ... ကိုကို ဘာဟင်းတွေကြိုက်တတ်လဲ .. ဘာမကြိုက်တတ်





ဖူးလဲ သိချင်လို့ ..."

ကျွန်မ စကားကြောင့် ကိုကို့မေမေက လှိုက်လှိုက်လှဲလှဲ ရယ်တော့ သူမ ရှက်ကိုးရှက်ကန်းဖြစ်မိတာ အမှန်ပါ။

"အင်း .. ဒါမှ ငါ့သမီးက အိမ်ထောင်ရှင်မ ပီသတာ ..."

ကိုကို့မေမေက တစ်ဖက်ကနေပြောတော့ သူမ ကြိုးစား ပမ်းစား မှတ်ရပါသည်။

"ကဲ သမီး .. သားနဲ့ အိမ်ကိုလည်း အလည်လာခဲ့ဦးနော်"

"ဟုတ်ကဲ့ မေမေ ..."

မေမေနဲ့ဖုန်းဆက်ပြီး ဖုန်းချတော့ အနှင်းက ကြည်လင် ပျော်မြူးနေတဲ့ လေနှင်ရာရဲ့အပြုံးကိုကြည့်ပြီး ...

"ယောက္ခမနဲ့ ချွေးမနဲ့က သိပ်ကိုတည့်နေတယ်ပေါ့လေ ..."

"ဒါပေါ့ ..၊ ကဲ ဈေးသွားကြမယ် အနှင်း ..."

"မမလေး လိုက်မယ် ..."

"အင်းလေ .. ဘာဖြစ်လို့လဲ"

အနှင်းက ပြုံးဟန်နဲ့ ရင်ဘတ်ဖိကာ ...

"ဘုရားရေ .. တစ်သက်နဲ့တစ်ကိုယ် ဈေးဆိုတာကို မေမေကြီး အတင်းခေါ်တာတောင် မလိုက်တဲ့ မမလေးက ..."

ကျွန်မ ရှက်ကိုးရှက်ကန်းဖြစ်နေပေမယ့် ခပ်တည်တည် —



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲဟ .. ငါက အပျိုမှမဟုတ်တော့တာ ..."

"တကယ် .. ဘယ်တုန်းကလဲ"

"ဟာ အနှင်း နော် ..."

သူက အနှင်းကို ဆွဲဆိတ်တော့ အနှင်းကရယ်သည်။ အနှင်းနဲ့ သူမ ဈေးသွားဖို့ ကိုဘလှကိုပြောကာ ကိုဘလှက လိုက်ပို့မယ် ပြောပေမယ့် ကိုကို မနိုးသေးတာကြောင့် ကိုကိုနိုးရင် အဆင်ပြေအောင် ကိုဘလှကို ထားခဲ့ပြီး နှစ်ယောက်သား ဈေးကိုထွက်လာ ခဲ့ပါသည်။

မိုးသက် အိပ်ရာကနိုးတော့ နေအတော်မြင့်နေပါပြီ။ မျက်နှာသစ် ရေမိုးချိုးပြီး ဒီနေ့ ဟိုကောင်တွေလာမယ်ဆိုတာ သိတာကြောင့် ချက်ပြုတ်ကြော်လှော်ဖို့ အနှင်းကို စီစဉ်ခိုင်းမယ်လို့ စဉ်းစားမိကာ ကိုဘလှ သူ့အတွက် ငှဲ့ထည့်ပေးတဲ့ ကော်ဖီကိုသောက်ရင်း ...

"အနှင်း ဘယ်သွားလဲ ကိုဘလှ ..."

"မမလေးနဲ့ ဈေးသွားတယ် ဆရာ ..."

"ဗျာ ..."

ကျွန်တော့်အတွက်တော့ ဒီစကားဟာ အထူးအဆန်းပါ။ လေနှင်ရာ သူမအိမ်မှာ ဘယ်လိုနေတယ် ဘယ်လိုခေါင်းကြောမာ ဂျီတိုက်လဲ ကြားနေကျပါ။ ကိုဘလှက သူ စဉ်းစားနေပုံကြောင့် ပြုံးပါသည်။





"အချိန်တန်းတော့လည်း အခြေအနေနဲ့အချိန်အခါက သူ့အလို လိုဖြစ်လာဖို့ အကြောင်းဖန်လာပြီဆိုတာ ဆရာလေးကို ကျွန်တော် မပြောဘူးလား"

"စောင့်ကြည့်ရဦးမှာပေါ့ ကိုဘလှရယ်၊ ချီးမွမ်းဖို့ စောပါသေးတယ်။ ဒါနဲ့ ကျွန်တော့်သူငယ်ချင်းတွေ လာမယ် ကိုဘလှ၊ သောက်ဖို့ အတွက် အမြည်းစုံစုံလင်လင်ဖြစ်အောင် အနှင်းလာရင် စီစဉ်ခိုင်း လိုက်ဗျာ ..."

"စိတ်ချ ဆရာလေး ..."

"လေနှင်ရာ ရေ ... ဘယ်သူမှ မရှိဘူးလား၊ အိမ်ထဲ ဝင်လာပြီနော်"

အသံကျယ်ကျယ်နဲ့ ပြောလည်းပြော အိမ်ထဲကို ဝင်လာကာ ထမင်းစားခန်းထိ တန်းရောက်လာတဲ့ စင်သီယာနဲ့ မြတ်မိုးအောင် တို့ နှစ်ယောက်ကို မြင်တော့ ကျွန်တော် အိမ်ရှင်ပီသစွာ ...

"လာဗျာ ထိုင်ကြ၊ ခင်ဗျားတို့သူငယ်ချင်း ဈေးသွားတယ် ပြန်လာခါနီးပါပြီ"

"ဗုဒ္ဓေါ ..."

ခင်သီယာနဲ့ မြတ်မိုးအောင် မိုးသက် စကားကြောင့် မျက်လုံးပြူး တော့ ကျွန်တော် မသိချင်ယောင်ဆောင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ညှို့သည်ကို ထည့်ပေးလိုက်လေ ကိုဘလှ ..."

စင်သီယာကလည်း ပွင့်ပွင့်လင်းလင်းသမား ...။

"အတော်ပဲ .. ဘာမှ မစားရသေးဘူး၊ ကေနွ လေနှင်ရာ ဈေးသွားတာ ကိုမိုးသက် ဈေးလွှတ်လို့ထင်တယ်"

"ကြံကြီးစည်ရာဗျာ .. ကျွန်တော်တောင် အခုမှသိတာဗျ"

မြတ်မိုးက အခြေအနေကို အကဲခတ်ကာ ...

"တစ်သက်နဲ့တစ်ကိုယ် လေနှင်ရာ ဈေးဝယ်ထွက်တာ တစ်ခါမှ ကို မကြားဖူးဘူးဗျ"

စင်သီယာက မြတ်မိုးစကားကြောင့် ရယ်ကာ ...

"လေနှင်ရာ ဈေးဝယ်ထွက်တာ ရှိပါတယ်ဟယ် .. ရှောပင်ထွက်တာလေ ... အိတ်ထဲမှာ ငွေအပြည့်နဲ့ ..."

စင်သီယာ့ စကားကြောင့် ကျွန်တော် ပြုံးမိပါသည်။

"ပြောသာ ပြောတာနော် .. အိမ်ထောင်ရှင်မ ဖြစ်သွားတော့လည်း အနေအထိုင်ကအစ ပြောင်းလဲသွားတယ်"

စင်သီယာ့ စကားကြောင့် မိုးသက် ပြုံးသည်။

"ခင်ဗျား ထင်လား စင်သီယာ ၊တချို့က အိမ်ထောင်ရှင်ဆိုတဲ့ ဂုဏ်သိက္ခာရဲ့အဓိပ္ပာယ်ကို နားမလည်တတ်ကြဘူးဗျ"

စင်သီယာက ဆက်ပြောမည်လုပ်တော့ မြတ်မိုးက ဆက်မပြော





ရန် အရိပ်အကဲပြသည်။ ကိုမိုးသက် ရင်ထဲမှာ ပေါက်ကွဲခါနီး မီးတောင်တစ်ခုရဲ့ သန္ဓေသားကို မြတ်မိုး သတိထားမိပါသည်။

"ဟော .. ခင်ဗျားတို့သူငယ်ချင်း လာပါပြီဗျာ၊ ထိုင်ဦး မြတ်မိုး၊ တော်ကြာ ကျွန်တော့်သူငယ်ချင်းတွေ လာမှာ၊ ဝိုင်းဖွဲ့ဖို့ရှိတယ်၊ ခင်ဗျား လေဒီ ခွင့်ပြုရင် လာခဲ့ဗျာ"

မြတ်မိုးအောင်ရဲ့ လူရည်လူသွေးနဲ့ နေပုံထိုင်ပုံကို မိုးသက် သဘောကျ သတိထားမိတာကြောင့် ခင်မင်သည်။

"စိတ်ချ ..."

"နည်းနည်းပါးပါး လုပ်နော် မြတ်မိုး၊ ငါက ပြန်ရဦးမှာ ..."

"အေးပါဟ ..."

အနှင်းနဲ့ လေနှင်ရာ အထုပ်အပိုးတွေနဲ့ ထမင်းစားခန်းထဲ ဝင်တော့ မိုးသက် ဂရုမပြုဟန်နဲ့ အပေါ်ထပ်တက်သွားပါသည်။

လေနှင်ရာ မိုးသက် ရွှေ့လျားရာနောက်ကို ငေးမောကြည့်တော့ စင်သီယာက ...

"ဟဲ့ ညှို့သည်ကိုလည်း ဂါဝရတရားလေးထားပါဦး လေနှင်ရာ ရယ်၊ နင့်ကိုကို ဘယ်မှထွက်မပြေးပါဘူး"

စင်သီယာ့ စကားကြောင့် လေနှင်ရာ စပ်ဖြဲဖြဲနဲ့ ...

"ပြောလို့ရမလားဟ ... ငါ့မှာ ရှိစုမဲ့စုဆိုလို့ ဒီယောကျ်ားလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲရှိတာ ...”

စင်သီယာ နှာခေါင်းရှုံ့ရင်း ...

“နင့်ကြောင့် မိန်းမဈေးကျတာ ဒေါ်လေနှင်ရာရေ ...”

“ဟဲ့ ...ဈေးကျတော့ သက်သာတာပေါ့၊ ဈေးတက်နေရင် ဘယ်ပေါ်တော့မလဲ ခနော့ ...”

“လဲသေလိုက်”

စင်သီယာ ပြောပုံကြောင့် မြတ်မိုးတို့ ရယ်ကြသည်။ ချက်ရင်းပြုတ်ရင်း စကားတွေဖောင်ဖွဲ့နေစဉ် အောင်မြင့်ထွန်းတို့ ရောက်လာပါသည်။

ကိုစိုးမိုးကျော်က ကိုကြီးကျော်တပ်ကို ဦးဆောင်လာပုံရပါသည်။

“ဟဲ့ ငါ့ညီမ .. ငါတို့လာမှာသိလို့ ကြိုတင်ချက်နေတာလား”

“ဟာ .. ကိုကြီးစိုးမိုးကျော် မမထား မပါဘူးလား”

“မပါဘူးဟ၊ နင်တို့အိမ် သွားစရာရှိလို့တဲ့ဟ ...”

ကိုစိုးမိုးကျော်တို့က အသင့်မြည်းရန် ဝယ်လာပုံရပါသည်။ သီဟနဲ့ အောင်မင်းဒင်က စပ်ဖြဲဖြဲနဲ့ ...

“မကြီး လေနှင်ရာ ကျွန်တော်တို့ ဘာဝိုင်းကူချက်ပေးရမလဲပြော”

သီဟ စကားကြောင့် လေနှင်ရာက သီဟတို့ကို မျက်စောင်းထိုး





တော့ ...

“အောင်မာ .. နင်နဲ့ငါတို့က ရွယ်တူတွေပဲ၊ ငါ့ကို မကြီးလေးဘာလေးနဲ့ ...”

အောင်မင်းဒင်က တဟဲဟဲနဲ့ ...

“ဟဲ့ ဒါကတော့ နင်က ငါတို့အစ်ကိုကြီးမိုးသက်ရဲ့ဇနီး ဆိုတော့ စီနီယာ ဂျူနီယာအရ လေးစားသမှုနဲ့ တောင်းဆိုပြုလိုက်တာပါ”

ကိုစိုးမိုးကျော်က မင်္ဂလာပွဲတုန်းက ခင်မင်နေပြီဖြစ်တဲ့ စင်သီယာတို့ မြတ်မိုးတို့ကို နှုတ်ဆက်နေပါသည်။

“မင်းတို့လည်း ဘယ်တော့လဲ”

ကိုစိုးမိုးကျော် စကားကြောင့် မြတ်မိုးက သိသိကြီးနဲ့ ...

“ဗျာ.. ကျွန်တော်တို့ စာမေးပွဲလား၊ လိုပါသေးတယ် အစ်ကိုရာ”

“ခွေးကောင်လေး လုပ်ပြီ၊ မြတ်မိုး ပြီးရင် လာခဲ့လေ ...”

“စိတ်ချ ကိုစိုးမိုး .. ကိုမိုးသက်ဆီက ကျွန်တော် သတင်းရပြီးသား ...”

“ဟ လျှင်ပါ့ကွာ၊ ဟဲ့ လေနှင်ရာ .. ညည်းယောကျ်ားရော ...”

လေနှင်ရာ ပြောဖို့ ပါးစပ်ဟ,မလို့လုပ်တုန်း အပေါ်ထပ်က မိုးသက် ဆင်းလာပါသည်။

“ဟာ ... ကိုစိုးမိုးကျော်တောင် ပါလာတာကို ...”



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးမိုးကျော်က မိုးသက်ကို မြင်တာနဲ့ မိုးသက်လက်မောင်းကို လှမ်းထိုးကာ ...

"ခွေးကောင် ငါ့တော့ သတင်းမပေးဘူး၊ ဒီမနက်မှ အောင်မြင့်ထွန်း လာခေါ်မှ ငါသိတာ ..."

ကျွန်တော် အောင်မြင့်ထွန်းကိုကြည့်လိုက်တော့ မျက်နှာစပ်ဖြဲဖြဲ။ ဒီကောင် အနည်းအကျဉ်းတော့ ကျွန်တော်တို့အကြောင်းကို ကိုစိုးမိုးကျော်ကို ပြောပြီးလောက်ပါပြီ။

ကျွန်တော်က အနီးနားမှာရှိတဲ့ ကိုဘလှကို ပြောမိသည်။

"ကိုဘလှ ကျွန်တော်တို့ ခြံထဲမှာပဲ သောက်မယ်၊ ခင်ဗျား နေရာ ယိုင်ခင်း စီစဉ်ပေးဗျာ ..."

"ဟုတ်ကဲ့"

ကိုစိုးမိုးကျော်တို့က လက်ထဲကအထုပ်တွေကို အနှင်းကို ပေးပါသည်။

"လာလေဗျာ မြတ်မိုး၊ စင်သီယာ ကျွန်တော် မြတ်မိုးကို ခေါ်သွားလိုက်မယ်"

"ဝေးလေ ကောင်းလေပဲ"

စင်သီယာကလည်း တမင် မြတ်မိုးကို လွှတ်ပေးလိုက်ပါသည်။ အခွင့်ရေးလေးရတုန်း စကားတစ်ခွန်းနှစ်ခွန်း ပစ်သွင်းလို့ အဆင်ပြေ





လည်း မဆိုးဘူးသဘောပေါ့ ...။

အနှင်းက သူ့တို့ ယူလာတဲ့စားသောက်စရာတွေကို ပြင်ဆင်ပြီး ကိုဘလှနဲ့အတူ ခြံထဲကိုသယ်သွားပါသည်။ စင်သီယာက ဦးဆောင် ချက်ပြုတ်ပြီး လေနှင်းရာက သင်တန်းသူပေါ့ ...။

"ဒါက ဒီလိုလုပ်ရတယ်"

"ဒါလေး ခပ်လိုက်မှ ပိုပြီးမွှေးသွားတာပေါ့ဟ ..."

"နောက်အပတ်ကျရင် နောက်တစ်မျိုး ငါ သင်ပေးမယ်"

ပါးစပ်က တွတ်တွတ်နဲ့ပြောပြီး လက်ကလည်း အငြိမ်မနေပါ။

တစ်မျိုးကြော်လှော်ပြီးရင် နှစ်ယောက်သား မြည်းစမ်းကြည့်တဲ့ သဘောနဲ့ စားလိုက်၊ နောက်တစ်မျိုးကြော်လိုက်နဲ့ အလုပ်ကို ရှုပ်နေပါသည်။

ပန်းခြံထဲက အဖွဲ့ကလည်း လက်ပြန်မချရအောင် စည်ကားနေပါသည်။

"အိမ်ထောင်ရေးဆိုတာ လောင်းကစားလုပ်ရသလိုပဲ မိုးကြီး"

အောင်မြင့်ထွန်းစကားကြောင့် အောင်မင်းခင်က ကြက်သားလုံးကြော်ကို ကောက်ဝါးရင်း ...

"လောင်းကစားသမားကတော့ ငြိမ်ငြိမ်လေးနေရတဲ့အချိန်တွေသင် ပါးစပ်ထဲလောင်းထည့်ရင်ထည့် မထည့်ရင် ဖင်ထဲလောင်းထည့်ချင်လဲ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်"

သီဟက အောင်မင်းဒင် စကားကြောင့် ...

"ဒါပေါ့ကွာ၊ 'ဇော်ဂင်း' ပါရင် ကျေနပ်ပြီ၊ ဘာမှမလောင်းရရင် ကိုယ့်ကိုယ်ကို အလောင်းကောင်လို့နေချင်တာ ..."

သီဟ စကားကြောင့် အောင်မြင့်ထွန်းက ...

"ဖွဟဲ့ လွဲပါစေ၊ ခွေးသားလေးတွေ စကားကို အကောင်းပြော လို့ မရဘူး .. စကားတောင်ပြတ်သွားပြီ"

"ပြန်ချည်လိုက်ဗျာ"

"ဘာလဲကွာ"

"စကားပြတ်သွားတယ်ဆို ..."

အတည်ပေါက်နဲ့နောက်နေတဲ့ သီဟကြောင့် အောင်မြင့်ထွန်း မျက်လုံးအပြူးသားနဲ့ ပါးစပ်လှုပ်ရုံဆဲပါတော့သည်။

"ကဲ ဆိုစမ်းပါဦးဗျာ"

"ဘာသီချင်းလဲ"

မြတ်မိုး စကားကြောင့် အောင်မြင့်ထွန်းက ပြန်နောက်သည်။ မြတ်မိုးကလည်း ...

"လောင်း ...လောင်း လောင်းလိုက်ပါ သကြ်န်သီချင်းလေ"

မြတ်မိုးစကားကြောင့် အောင်မြင့်ထွန်း သူ့ပဲ ပြန်ခံရကာ မျက်နှာ





ကြီး ရှုံ့မဲ့သွားပါသည်။

"အဟမ်း အတည်ပြောပြီ"

"အတည်ဆိုပြီး တရုတ်ကြီးလည်းမဟုတ်ဘူး သူ့ပဲ ..."

အောင်မင်းဒင် စကားကြောင့် အောင်မြင့်ထွန်း ခေါင်းကုတ်ရပါသည်။ ကိုစိုးမိုးကျော်က ရယ်ရင်း ...

"ပြောပါစေကွာ ... ဒီတစ်ရက်ပဲပြောရတော့မှာ ..."

"ဘာလဲဗျ .. မဦးမချွတ်"

အောင်မြင့်ထွန်း အလန့်တကြား ပြောပုံကြောင့် အားလုံး ဝိုင်းဟားကြပါသည်။

"ဘယ်ကိစ္စမဆို ဘယ်အလုပ်ပဲလုပ်လုပ် အခက်အခဲတော့ရှိမှာပဲ"

အောင်မြင့်ထွန်း ပြောစကားကြောင့် သီဟက ...

"နေပါဦး .. ခင်ဗျားက ဘာအလုပ်တွေလုပ်မှာမို့လို့ အခက်အခဲတွေရှိနေရတာလဲဗျ"

"ဟ ... ငါပြောတာက အိမ်ထောင်ရေးကွ"

မိုးသက် ရယ်ချင်မိသည်၊ ဒီနေ့ ဒီရက် မိုးသက်ကို ပညာပေးဆုံးမဖို့ ဒီလူတွေ အင်နဲ့အားနဲ့ ရောက်လာတာထင်ပါသည်။

အောင်မြင့်ထွန်းက ကိုစိုးမိုးကျော်ကို မျက်ရိပ်ပြပါသည်။ ကိုစိုးမိုး ကျော်က ဇာသိမသာခေါင်းညိတ်ပြတာ မိုးသက် မြင်ဖြစ်အောင် မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။

"အဟမ်း ..."

ကိုစိုးမိုးကျော်က စကားစရန် ချောင်းဟန့်တော့ မိုးသက် ကိုစိုးမိုးကျော်ကို ပြုံးစေ့စေ့နဲ့ကြည့်သည်။ မိုးသက် အကြည့်ကြောင့် ကိုစိုးမိုးကျော်က မလုံမလဲနဲ့ ...

"ဘာကြည့်တာလဲကွ"

"ဩော် .. ခင်ဗျား မိန့်ခွန်းအပြောအဆိုကို စိတ်ဝင်စားလို့ကွ"

"ဟော့ကောင် ငါ ဘာမှ မပြောရသေးဘူးလေ"

"ခင်ဗျား ပြောတော့မယ်မဟုတ်လား"

ကိုစိုးမိုးကျော် အောင့်သက်သက်နဲ့ ခေါင်းကုတ်ရင်း ...

"ပြောမယ်ကွာ၊ မပြောဖို့လည်း ငါရောက်လာတာ မိုးသက်၊ မင်းလည်း ရှေးလူကြီးတွေ အဆုံးအမလေ ..၊ ဘာတဲ့ .. အိမ်ထောင်ပြုဘုရားတည် ဆေးမင်ရည်စုပ်ထိုး ..."

"ဤသုံးချက်မပါလျှင် ပိုကာတက်ရင် ခေါင်းမည်"

"ဟော့ကောင် စကားအကောင်းပြောနေတာ မနှောက်နဲ့ ..."

မိုးသက် ဘာမှဆက်မပြောတော့ ...။

"မင်းတို့ အိမ်ထောင်ရေး သတင်းတွေ ငါကြားပြီးပြီ မိုးသက်"

မိုးသက် သက်ပြင်းချရင်း ...





"ကျွန်တော်တို့ကိစ္စကို မမထား သိပြီးပြီလား"

"အသိတော့ပေးမထားဘူး မိုးသက်၊ တော်ကြာ လူကြီးတွေ ပြန်သိရင် မကောင်းဘူးလေ"

"ကျေးဇူးပါပဲဗျာ"

"ကိုမိုးသက် ..."

မြတ်မိုး ခေါ်သံကြောင့် မိုးသက် လှည့်ကြည့်ပါသည်။

"ကျွန်တော်တို့ကိုတော့ တစ်မျိုးတော့မထင်ပါနဲ့ဗျာ"

မိုးသက် သက်ပြင်းချမိပါသည်။

"ကိုယ် ယုံပါတယ် မြတ်မိုး၊ မင်းတို့အပေါ် ကိုယ် ဘာသံသယစိတ်မှလည်း မထားပါဘူး၊ ခင်လည်းခင်ပါတယ်၊ အခုကပြဿနာက လေနှင်ရာနဲ့ ညီဇော် ဆိုတဲ့ ချာတိတ်ပြဿနာပဲလေ ...."

မြတ်မိုး ရှင်းပြဖို့ အခက်တွေ့နေရပါသည်။

"ကျွန်တော် တစ်ခုပဲ ပြောချင်တယ် အစ်ကို ..၊ အဲဒါက အစ်ကို့အပေါ်ကို လေနှင်ရာ သံယောဇဉ်ရှိတယ်ဆိုတဲ့အချက်ပဲ၊ ကျွန်တော်လည်း ဒါပဲပြောနိုင်တယ်"

မိုးသက် နှုတ်ခမ်းတွန့်ကွေးသွားပါသည်။

"ဒါဆို ညီဇော်နဲ့ လေနှင်ရာရဲ့ ဆက်နွယ်နေတဲ့ ကိစ္စက ..."

မြတ်မိုး ခေါင်းကုတ်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက်က ဘာမှမဖြစ်ကြပါဘူး"

"ဟုတ်ရဲ့လား မြတ်မိုးရယ်၊ လင်ယောကျ်ားတစ်ယောက်ရဲ့စကားထက် သူစိမ်းတစ်ယောက်ရဲ့စကားကိုနားခံကာ အိမ်ထောင်ရှင်မကောင်းတစ်ယောက်လား ..."

မိုးသက် ဒေါသသံမပါအောင် သတိထားပြောရပါသည်။ ကိုစိုးမိုးကျော်တို့က ဘာမှဝင်မပြော၊ သူတို့နှစ်ယောက်ရဲ့ စကားကိုသာ အာရုံစိုက်နားထောင်နေမိပါသည်။

"ဒီပြဿနာက အချိန်ကျရင် ကိုမိုးသက် သိမှာပါ၊ အဲဒီအခါကျရင် လေနှင်ရာရဲ့ မေတ္တာတရားကို ကိုမိုးသက် စာနာ နားလည်မှုနဲ့ ဆုံးဖြတ်ပေးပါလို့ ကျွန်တော် အဲဒီလိုပဲပြောလို့ရမယ် ကိုမိုးသက် ..."

မိုးသက် ငိုင်တွေသွားပါသည်။

"ဟဲ့ လာလေ ..."

"လာ စင်သီယာ ..."

စင်သီယာနဲ့ လေနှင်ရာကို ထပ်ပြီး ကြော်လှော်ထားတဲ့ အမြည်းတွေ အချိုးရည်ဘူးတွေယူကာ ရောက်လာတော့ ဝိုင်းကို ချဲ့ပေးကြပါသည်။

"ကိုကြီး ကိုစိုးမိုး နောက်တစ်ခါလာရင် မမထားပါ ခေါ်ခဲ့လေ"

လေနှင်ရာ စကားကြောင့် စင်သီယာက ...





"အဲဒါပဲလေ . .ယောကျ်ားတွေကလစ်တာနဲ့ လူပို့လုပ်ချင်တာ ဒီမှာ တစ်ယောက်ရှိသေးတယ်"

စင်သီယာက မြတ်မိုးနားရွက်ကိုဆွဲလိမ်ကာ ပြောတော့ အောင်မြင့်ထွန်းက ...

"စင်သီယာ ညည်းစကားက ဘာစကားလဲ၊ နင်နဲ့ မြတ်မိုးက..."

အဲဒီအခါကျမှ စင်သီယာ သူပြောတဲ့စကားအဓိပ္ပာယ်ကို ပြန်တွေးကာ မျက်လုံးပြူးပြီ ...

"မဟုတ်ဘူး၊ စင်သီယာ ပြောတာ ... ဟာ အဲဒါ နင့်ကြောင့်"

စင်သီယာက ရှက်ရမ်းရမ်းပြီး မြတ်မိုးကို ထုရိုက်တော့ ရယ်သံတွေ ဆူညံသွားပါသည်။

စားကြသောက်ကြပြီးတော့ ပြန်ဖို့ ပြန်ဆင်ကြပါတယ်။ ပြန်ဖို့ကားပေါ်တက်ဖို့ အာရုံရောက်နေစဉ်မှာ ကိုစိုးမိုးကျော်က ... သူ့ကို ခပ်တိုးတိုးပြောဝါသည်။

"မင်းက လေနှင်ရာနဲ့ တရားဝင်လက်ထပ်ထားတာ မိုးသက်၊ ပြုပြီးသားအိမ်ထောင်တစ်ခုကို ပျက်စီးဆုံးရှုံးသွားအောင်တော့ မစဉ်းစားမိပါနဲ့ကွာ၊ မင်းရင်ထဲမှာ အရာရာကို မှန်ဝါးဝေဝါးစေမယ့် သံသယတော့ မထားမိစေနဲ့ ငါ့ညီ ..."

ကျွန်တော့်ပခုံးကိုပုတ်ပြီး ကိုစိုးမိုးကျော် ထွက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထွက်သွားရာကို ငေးမောရင်း ရပ်ကြည့်နေမိပါသည်။

"ကိုကို ထမင်းစားရအောင်နော် အကုန်လုံး အဆင်သင့်ပြင်ပြီးပြီ"

လေနှင်ရာရဲ့ မရဲမဝံ့ခေါ်သံကြောင့် ကျွန်တော် လှည့်ကြည့်တော့ လေနှင်ရာ မျက်လွှာချပါသည်။

ရီဝေဝေ အရှိန်က ရှိနေပေမယ့် ကျွန်တော် မမူးသေးပါ။

ထမင်းစားခန်းဝင်တော့ စားပွဲပေါ်က ဟင်းတွေကိုကြည့်ပြီး ကျွန်တော် မျက်နှံးမြင့်တက်စေတာ အမှန် ...။

စားပွဲပေါ်မှာပြင်ဆင်ထားတဲ့ဟင်းလျာတွေက ကျွန်တော် ကြိုက် နှစ်သက်တဲ့ ဟင်းလျာတွေ။ တစ်ပွဲနှစ်ပွဲဆိုလျှင် တိုက်ဆိုင်မှုလို့ ပြော လို့ရပေမယ့် အခုဟာက တစ်ပွဲ နှစ်ပွဲထက်မက ...။

"ဒါ ဘယ်သူ ချက်ထားတာလဲ အနှင်း ..."

အနှင်းက ပြုံးစေ့စေ့နဲ့ သူ့အတွက် ဟင်းတစ်ဖတ်ကို ဦးချနေ နေတဲ့ လေနှင်ရာကိုကြည့်ကာ ...

"မမလေး ချက်တာလေ အစ်ကိုလေး .."

ကျွန်တော် လေနှင်ရာကိုကြည့်တော့ လေနှင်ရာက ခေါင်းငုံ့ သွားပါသည်။ ပြီးတော့ ...

"ဟိုလေ .. ကိုကိုကြိုက်တတ်တဲ့ဟင်းတွေကို ကိုကို့မေမေ့ မေးပြီး အတတ်နိုင်ဆုံး ကြိုးစားချက်ထားတာပါ ကိုကို"





သူ ဘာမှမပြော။ ထမင်းတစ်လုတ်ကိုပါးစပ်ထဲထည့်ပြီး ဖွန်းကို ချတော့ သူမက စိုးရိမ်နေပုံ ...။

"ဘာဖြစ်လို့လဲ ကိုကို၊ စားရတာ အဆင်မပြေလို့လားဟင် ..."

သူ ပြုံးမိပါသည်။

"မဟုတ်ဘူး .. စားကောင်းလို့ပါ"

ကျွန်တော့်ရဲ့အပြုံးတစ်ချက်အတွက် သူမ ပျော်ရွှင်စွာ အနှင်းကို မော့ကြည့်လိုက်ပုံက ကျွန်တော့်ရင်ထဲမှာ နွေးခနဲ ..။



www.burmeseclassic.com

www.burmeseclassic.com



**အေး** မြန္မွေးထွေးတဲ့ ကံကြမ္မာ အခါအခွင့်ရဖို့ ကျွန်တော် စက်မှုဇုန်ကအပြန် လမ်းမှာကားပျက်လို့ တတ်သမျှ သိသမျှလေး နဲ့ ကားကို ပြင်နေရင်း မိုးက ရုတ်တရက်ရွာချပါတယ်။

ပူလောင်နေတဲ့ရာသီဥတုက ရုတ်တရက်အေးမြငြိမ်းချမ်းသွား သလိုထင်ရပေမယ့် ရုတ်တရက် ပြောင်းလဲလိုက်တဲ့ ရာသီဥတုကြောင့် အိမ်အရောက်မှာ ခိုက်ခိုက်တုန်အောင် ချမ်းနေပါတော့သည်။

"မမလေး ..."

သူမ ကျောင်းစာတွေကို အာရုံရောက်နေရာမှ အခန်းတံခါး ခေါက်သံနဲ့ သူမကို ခေါ်သံကြောင့် တံခါးဖွင့်ကြည့်တော့ ... အနှင်း ...

"မမလေး အစ်ကိုလေး မိုးမိပြီး အပြင်းဖျားနေတယ်"





"ဟင် ..."

ကျွန်မ စိုးရိမ်သွားမိပါသည်။ ချက်ချင်း ကျွန်မ အောက်ထပ် ဆင်းလာတော့ ကိုကို ခုတင်ပေါ်မှာ တညည်းညည်းတညူညူနဲ့ စောင် ကိုခြုံလျက်တွေးနေပါသည်။ ကျွန်မ ကိုကို့နဖူးကို စမ်းလိုက်တော့ ...

"ဟာ ...ကိုယ်တွေ အတော်ပူနေပါလား၊ အနှင်း အန်ကယ်ဦး ကို ဖုန်းအမြန်ဆက်စမ်း"

အန်ကယ်ဦးက မေမေတို့ အမြဲကုလေ့ရှိတဲ့ မိသားစု ဆရာဝန် ဆိုလည်း မမှား၊ သူမ ကိုကို့ကို စောင်တွေခြုံပေးနေစဉ် ...

"မမလေး ဖုန်းလိုင်းတွေပြတ်နေတယ်"

"ဟာ မထူးပါဘူး အနှင်း၊ နှင်နဲ့ အစ်ကိုဘလုတို့ ကိုကို့ကို ရေပတ်တိုက်ပေးထား၊ စိတ်ချမယ်နော်..."

"မမလေးက ဘယ်သွားမလို့လဲ .."

"ဒီလမ်းထိပ်မှာ ဆေးခန်းတစ်ခုရှိတယ်၊ အဲဒီဆရာဝန်ပဲ အားကိုး ရမှာပေါ့"

"ဦးလေးဘလုကို သွားပင့်ခိုင်းပါလား မမလေး ..."

သူမ ကားသော့ကို လှမ်းယူပြီ ...

"အစ်ကိုဘလု သွားရင် ကြာနေလိမ့်မယ်၊ သိတဲ့အတိုင်းပဲ ဇွန်နေး တဲ့နေးနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အနှင် မမလေး ဖျားယားခတ်နေပုံကြောင့် ဘာမှ ဆက်မပြောတော့ပါ။ ကားသော့ယူပြီးတော့ ထီးအကြီးကြီးကိုဆွဲကာ ကားဆီသို့သွားကာ အစ်ကိုဘလုကို မှာပြီး ကားကိုမောင်းထွက်လာခဲ့ပါသည်။ ကျွန်မတို့ခြံနဲ့ လမ်းထိပ်နဲ့က နည်းနည်းတော့ လှမ်းပါသည်။ လမ်းမီးတွေလည်း သည်းထန်လွန်းတဲ့မိုးကြောင့် မီးတွေပျက်ကာ မှောင်မှောင်မည်းမည်း ...

ကားမီးကိုဖွင့်ပြီး သူမ သတိထားပြီး မောင်းလာခဲ့ရပါသည်။ ဆေးခန်းအမှတ်အသားတံဆိပ်ကိုတွေ့တော့ ခြံရှေ့ရောက်တော့ ခြံရှေ့အခန်းကျဉ်းကျဉ်း ဆေးခန်းလေးဟာ မီးတွေလင်းထိန်နေပြီး ဆရာဝန်လေးက ဆေးခန်းပိတ်ဖို့ ပြင်ဆင်နေဟန်ရှိပါသည်။ သူမ ကားကိုရပ်တော့ ဆရာဝန်လေးက ကားကိုလှမ်းကြည့်ပါသည်။ သူမ ကားတံခါးဖွင့်ပြီး ထီးကိုဖွင့်ကာ လေအရမ်းတိုက်နေတာကြောင့် ထီးကို ငိုက်ငိုက်ဆောင်းပြီး ဆေးခန်းထဲဝင်လာပါသည်။

"ကျွန်တော် ဘာအကူအညီပေးရမလဲဗျ"

"ကျွန်မ သနီးအိုဝမ်း(အေ) ခြံကပါ ဒေါက်တာ၊ ကျွန်မ အမျိုးသား ဖျားနေလို့ ဒေါက်တာလာပင့်တာပါ"

"ကောင်းပြီလေ ကျွန်တော်လိုက်ကြည့်ပေးပါ့မယ်၊ ခဏနော်"

"ရပါတယ် ဒေါက်တာ"





ဆရာဝန်လေးက လိုအပ်တာတွေ အိတ်ထဲထည့်ပြီး သူမနဲ့အတူ လိုက်လာပါသည်။

"ခင်ဗျား အမျိုးသားက ဘယ်လိုဖြစ်လို့ဖျားတာလဲ၊ နေမကောင်းလို့ ဖျားတာလို့တော့ မပြောနဲ့နော် ..."

ဆရာဝန်လေးက သူမ စိုးရိမ်စိတ်ပြေလျော့ရန် အရွှန်းဖောက်ဆိုပေမယ့် ဆရာဝန်လေးရဲ့ ဟာသကို ကျွန်မ မရယ်မောနိုင်ခဲ့။

ကျွန်မ အနှင်းဆီက သိသမျှကို ပြောတော့ ...

"အပူရှပ်တာပါ၊ သိပ်လည်း မစိုးရိမ်ပါနဲ့၊ အခု ဘာလုပ်ထားလဲ"

ကျွန်မ သိသမျှတတ်သမျှလေးနဲ့ အပူရှိန်လျော့အောင် ပြုလုပ်ထားကြောင်းပြောပြပါသည်။ ခြံရှေ့ရောက်တော့ ကားဟွန်းတီးသံကြောင့် ကိုဘလုက မိုးကာအင်္ကျီကြီးဝတ်ကာ တံခါးဖွင့်ပေးပါသည်။ ဆင်ဝင်အောက်အထိ ကားကို အပြင်းမောင်းဝင်လာတော့ ဒေါက်တာက အပြုံးဘုရားတပါသည်။

သူမ ကားပေါ်ကဆင်းတော့ ဆရာဝန်လေးကို ကိုကိုအခန်းရှိရာသို့ ဦးဆောင်ခေါ်လာခဲ့ပါသည်။ ကိုကိုကတော့ ခုတင်ပေါ်မှာ မှိန်းနေပါသည်။ ဆရာဝန်လေးက ကိုကို့ကိုစမ်းသပ်ကာ ဆေးထိုးပေးခဲ့ပြီး သောက်ရမယ့်ဆေးတွေကို ညွှန်ကြားပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ မသက်သာဘူးထင်ရင် ကျွန်တော့်ဆီ ဖုန်းဆက်လိုက်ပါ"

"ကျေးဇူးပါပဲ ဆရာ ..."

ဆရာဝန်လေးကို ဆေးဖိုးပေးပြီးတော့ သူမ ...

"အစ်ကိုဘလှ ဆရာ့ကို အိမ်အထိရောက်အောင် ပြန်ပို့လိုက်ပါနော် ...၊ ရော့ ကားသော့ ..."

ကိုဘလှက ခေါင်းညိတ်ပြပါသည်။ ဆေးအရှိန်ကြောင့် ကိုကိုက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါသည်။ အနှင်းက ခုတင်ခြေရင်းမှာ ခုတင်ကိုမှီပြီး အိပ်ငိုက်နေပါသည်။

"အနှင်း ...အနှင်း ..."

"အင်း ... ရှင် ..."

အိပ်ချင်မူးတူးနဲ့ အနှင်း ပုံစံကြောင့် ...

"နင် ငါ့အခန်းသွားပြီး စားကြည့်စားပွဲက .. ငါ ဖတ်လက်စ စာအုပ်တွေယူခဲ့၊ ပြီးရင် ငါ့ကို ကော်ဖီတစ်ခွက်ဖျော်ပြီး လာပို့၊ အဲဒါပြီးရင် နင် အိပ်တော့ ..."

အိပ်တော့ဆိုတဲ့ စကားကြောင့် အနှင်း အားရဝမ်းသာနဲ့ တစ်ချိုးတည်း လစ်ပါတော့သည်။

သိပ်မကြာလိုက်ဖါဘူး စာအုပ်တွေယူကာ အမြန်ဖျော်လာတဲ့





ကော်ဖီခွက်ကို ကိုကို့စားပွဲပေါ်မှာ ချထားခဲ့ပြီး လစ်ပြေးပါတော့သည်။

ကျွန်မ ကိုကို့ကိုစောင့်ကြည့်ရင်း စာကျက်နေမိပါသည်။ တစ်ညလုံး ကိုကို ကယောင်ကတမ်းနဲ့ ညည်းညူနေသည်၊ ချွေးများနဲ့ ရွှဲနစ်နေတဲ့ ကိုကို့အင်္ကျီကို မနည်းချွတ်ကာ အင်္ကျီအသစ်နဲ့ လဲလှယ်ပေးရပါသည်။ သန်းခေါင်းကျော်ချိန်မှာ အစ်ကိုဘလှ လာကြည့်ပေးပါသည်။

"လေနှင်ရာ ညည်း အဖော်ရအောင် အနှင်းကို နိူးလိုက်ရမလား"

"ရတယ် အစ်ကိုဘလှ၊ အစ်ကိုဘလှလည်း အိပ်တော့လေ၊ မနက်ကျရင် အလုပ်လုပ်ရဦးမှာ ..."

အစ်ကိုဘလှက ကိုကို့ကို စိတ်မချတချနဲ့ကြည့်ကာ အိပ်ဖို့ သူ့အခန်းဆီ သူထွက်သွားပါသည်။

ကျွန်မကတော့ ကိုကို့ဘေးမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်လုံးနှစ်လုံးဖွင့်တော့ ခေါင်းက မူးနောက် မူးနောက် ရှိနေပါသေးသည်။ အားအင်တွေ ကုန်ခန်းနေသလိုလို အရိုးအဆစ်တွေကပဲ ကိုက်သလိုလိုရှိနေတာကြောင့် ညက ကျွန်တော် တော်တော်ဖျားပြီဆိုတာ သိလိုက်ပါသည်။

ကျွန်တော် ခြုံထားတဲ့စောင်ကိုခွာရင်း ကျွန်တော် ထကြည့်တော့ စာကြည့်စားပွဲပေါ်မှာ မျက်နှာအပ်ကာ အိပ်ပျော်နေတဲ့ လေနှင်ရာကြောင့် အံ့သြသင့်သွားရပါသည်။

ကျွန်တော် သူမကို အံ့သြစွာ ငေးမောကြည့်မိပါသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတဲ့ လေနှင်ရာသည် အခုတော့ ကလေး





တစ်ယောက်လို ဟန်ဆောင်ထားခြင်းမရှိတဲ့ မျက်နှာပြောင်တင်းတင်းလေးနဲ့ တစ်ကာယချစ်စရာကောင်းစွာ ...။

ကျွန်တော် သူမ နိုးမှာစိုးတာကြောင့် ခြေသံမကြားအောင်ထကာ အခန်းတံခါးကို အသာတွန်းဖွင့်ပြီးထွက်လာခဲ့ပါသည်။

နောက်ဖေး ဆောင်ဘက်ထွက်လာတော့ ကော်ဖီဖျော်နေတဲ့ အနှင်း က ....

"ဖော အစ်ကိုလေး နိုးပြီလား ... သက်သာလားဟင် ..."

"အေး"

"မမလေး နိုးပြီလား အစ်ကိုလေး ..."

"အေး ..."

"မမလေး နိုးပြီလား အစ်ကိုလေး .."

အနှင်း စကားကြောင့် ကျွန်တော်က ...

"ငါ ညက တော်တော်ဖျားလား အနှင်း ..."

အနှင်း ပြန်ဖြေသံမကြားရခင် ကိုဘလှ သူ့ဆီလျှောက်လာရင်း—

"တော်တော်ဖျားလား မဖျားလား မသိဘူး၊ ဆရာလေး ကိုယ်တွေ့ ခြစ်ခြစ်တောက်ပူပြီး ကယောင်ကတမ်းကိုဖြစ်နေတာ ဆရာလေး— လေနှင်ရာဆို ပျာယာခတ်နေတာပဲ"

"ဟုတ်တယ် အစ်ကိုလေးရ .. ဖုန်းလိုင်းတွေက ပြတ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးကိုလည်း ဖုန်းဆက်လို့မရ၊ အဲဒါနဲ့ မထူးဘူးဆိုပြီး မမလေး ကိုယ်တိုင် မိုးသည်းနေတဲ့ကြားက လမ်းထိပ်နားက ဆရာဝန်သွားပင့်တာ ...”

“ဗျာ ...”

ကျွန်တော် အဲဒီလောက်ကြီးဖြစ်မယ် မထင်ခဲ့ပါဘူး၊ နည်းနည်း ပါးပါးလောက် ဖျားပြီး အိပ်ပျော်သွားတာပဲထင်ခဲ့ပါသည်။

“ဟုတ်တယ် အစ်ကိုလေး ... တစ်ညလုံးလည်း စာမေးပွဲရှိနေတဲ့ကြားက စားကျက်ရင်း အစ်ကိုလေးကို ပြုစုရ၊ ချွေးတွေရွှဲနေတော့ အဝတ်လဲပေးရနဲ့ ကျွန်တော် မနက်လေးနာရီလောက် လာကြည့်တော့ မမလေး အစ်ကိုလေးကိုစောင့်နေရင်း ငိုက်နေပြီ”

ကျွန်တော့်ရင်ထဲမှာ နင့်ခနဲဖြစ်သွားပါသည်။ ကျွန်တော် မျက်နှာသစ်ဖို့စဉ်းစားမိပြီးမှ မျက်နှာမသစ်သေးဘဲ ကျွန်တော့်အခန်းထဲ ပြန်ဝင်ကာ သူမဆီလျှောက်လာခဲ့မိပါသည်။

ဆံပင်တွေ ဖရိုဖရဲ ပါးပေါ်မှာ ငြိတွယ်နေတဲ့ ဒီကောင်မလေးကို ငေးကြည့်မိပါသည်။

“လေနှင်ရာ ...”

သူမပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ပြီး နှိုးတော့ သူမ ညည်းတွားသံလေးနှင့်အတူ လူးလွင့်လာကာ နိုးလာပါသည်။





“ဟင်.. ကိုကို သက်သာသွားပြီလား၊ အဖျားကျသွားပြီလား ဟင် ...”

သူမ မျက်ဝန်းတွေဖွင့်ဖွင့်ချင်း စိုးရိမ်မျက်ဝန်းလေးနဲ့ ကမန်းကတန်းထကာ သူ့နဖူးကိုစမ်းပါသည်။ သူမနဲ့ကျွန်တော်က မျက်နှာချင်းဆိုင် နီးနီးကပ်ကပ် မျက်ဝန်းနှစ်ခု သူမရဲ့ ထွက်သက် ဝင်သက်ကို ကျွန်တော် ကြားနေရသည်။

“တော်သေးတာပေါ့၊ လေနှင်ရာ စိုးရိမ်သွားတာပဲ ကိုကိုရယ်”

“လေနှင်ရာ ...”

သူ့ရဲ့ စကားသံတွေက တစ်ခုခုပြောဖို့ တစ်ယောက်ယောက်က တိုက်တွန်းနေသလို ...။

သူမ အခုမှ ကျွန်တော့်မျက်ဝန်းတွေကို သတိထားမိကာ မျက်ဝန်းထဲက အရိပ်ကို တွေ့လိုတွေ့ငြား ရှာဖွေနေသလိုလို ...။

အိပ်မက်ထဲကပန်းရနံ့တွေ အပြင်လောကကို မွှေးပျံ့ဖို့ ကြိုးစားနေသည်ထင်သည်။

လိပ်ပြာတောင်ပံခတ်သံတွေ ကြားရသည်။ ကျွန်တော်တို့ရင်ဘတ်ထဲက ရေတံခွန်တွေ စတင်လှုပ်ရှားနေကြပြီ။

ကျွန်တော် သက်ပြင်းနဲ့ အိပ်မက်တွေကို ပြည်ဖုံးကားချလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း သွားအိပ်တော့ လေနှင်ရား၊ တော်ကြာ မင်းပါ ဖျားနေလို့ ကိုယ် တစ်လှည့်ပြုစုနေရဦးမယ်"

ကျွန်တော့်စကားသံတွေလည်း တာဝန်ဝတ္တရားတစ်ခု ဆန်နေလေမလား။

လေနှင်ရာ မျက်နှာပြုံးယယ်စွာနဲ့ ခေါင်းညိတ်ပြကာ ကျွန်တော့်ရှေ့က ထွက်သွားပါသည်။





ကျွန်တော် အိမ်ရှေ့ခန်းကိုထွက်မယ်လုပ်တော့ လေနှင်ရာ ဖုန်းပြောနေတဲ့အသံကြောင့် ခြေလှမ်းတွေရပ်ကာ နားထောင်နေမိပါသည်။

"ကိုကို့ကို မပြောရဲပါဘူးဟယ် .. နှင် လမ်းကြုံနေတာပဲ စင်သီယာရယ် .. ကိုကိုက အလုပ်ကို အိမ်ကကားနဲ့ပဲ သွားလာနေတော့ ငါ အားနာတယ်"

"ဟာ ဘယ်ပြောရဲမလဲဟဲ့ ... ဘာဖြစ်လဲဟာ .. ကိုကို စိတ်အနှောင့်အယှက်မဖြစ်ရင် ပြီးရော၊ ဒါပဲနော် ... နှင်ကလဲဟာ ဆေးလည်းသာကြိုလိုက်ပါ .. ဒါပဲနော် ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းချတော့ ...

"လေနှင်ရာ ..."

သူမ ကမန်းကတန်း လှည့်ကြည့်ပါသည်။

"ရှင် ကိုကို .. လေနှင်ရာ ဘာလုပ်ပေးရမလဲ"

အဲဒီစကားသံတွေအောက်မှာ ကျွန်တော် နှစ်မြုပ်တော့မယ် ထင်ပါရဲ့ ...။

"မင်း ဒီနေ့ စာမေးပွဲ စ,ဖြေရတော့မယ်ဆို ..."

"ဟုတ် .. ဟုတ်ကဲ့ ကိုကို ..."

ကျွန်တော် သူမ စာမေးပွဲဖြေရမယ့် အချိန် နာရီကို မေးတော့ သူမကို ပြောပါသည်။

"ဒါဆို အဝတ်အစားလဲပြီး အောက်ကိုဆင်းခဲ့၊ ကိုကို လိုက်ပို့ပေးမယ် .."

"ရှင် ..."

သူမ အံ့ဩမှုနဲ့အတူ ပျော်ရွှင်သွားပုံက ကျွန်တော် မကြည့်မိအောင် မျက်နှာလွှဲထားရပါသည်။ ပထမဦးဆုံး ကိုယ့်ကိုယ်ကို 'ကိုကို' လို့ သုံးနှုန်းလိုက်ပုံကိုလည်း သူမ သတိထားမိမှာပါ။

"အဟမ်း .. သွားတော့လေ လေနှင်ရာ ..."

"ဟုတ်.. ဟုတ်ကဲ့ ကိုကို ..."





သူမ လှေကားထစ်တွေအတိုင်း ပျော်ရွှင်မြူးထူးစွာ အပြေးတက်သွားတော့ ကျွန်တော် မော့ကြည့်ရင်း သူမအလစ်မှာ ပြုံးလိုက်တော့...

"အဟမ်း ... အဟမ်း ..."

ချောင်းသံကြောင့် မျက်နှာကို ချက်ချင်းတည်ပြီး လှည့်ကြည့်တော့ စပ်ဖြဲဖြဲနဲ့ ကိုဘလှ ...။

"ခင်ဗျား ...နော် ..."

ရှက်ကိုးရှက်ကန်းနဲ့ အခုလိုပြောတော့ ကိုဘလှက ...

"ဟာဗျာ ကျုပ်ကဘာသာ လည်ချောင်းယားလို့ ချောင်းဆိုးတာက ဘာတွေဖြစ်နေတာလဲ ဆရာလေးရဲ့ ..."

"ကျုပ်က ဘာဖြစ်လို့လဲ"

"မသိပါဘူး၊ ဆရာလေးရဲ့ မျက်နှာမှာ ဘာတွေပေနေလဲ မသိဘူး"

ကျွန်တော်လည်း ယောင်ပြီး မျက်နှာကိုသပ်မိတော့ ...

"သြော် .. ဟန်ဆောင်ထားတာတွေ ပေနေတာပဲ ..."

"ဟာဗျာ ..."

ကျွန်တော် ရှက်ရမ်းရမ်းပြီး ကားဆီသို့ထွက်လာကာ [illegible] ပြီး ကားထဲက CD ကိုဖွင့်ကာ သီချင်းကိုနားထောင်တော့ [illegible] ပြီး အလိုလိုပြုံးမိပါသည်။ တေးရေးဆရာ 'သားသား'ရဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ညာမသန်တဲ့အဆိုတော် ဆိုတဲ့ 'လေထဲကအိမ် ...

(အမိပွာယ်ရှိသော ဘဝလေးတစ်ခု အတူ × × × တည်ဆောက်မယ် × × × စိတ်ကူးနဲ့ ငါဟာ အိမ်ကလေးတစ်လုံးရေးဖို့ တွေးနေတယ် ...)

ကျွန်တော် နှစ်သက်တဲ့ သီချင်းသံ ...

(ဒဏ်ရာများစွာ ရင်းပြီး ယူနိုင်သော × × × ဒီဆုလာဒ်ဟာ × × × တန်ဖိုးရှိရာများစွာထဲက × × × ဘာနဲ့မှမလဲနိုင်ပါ × × × တစ်နေ့ကျရင် မျှော်လင့်သော အိမ်ကလေးဟာ အမှန်တရားရဲ့နားလည်ခြင်းမှာ အမှန်တကယ်တည်ဆောက်ပြီးစေသား ...)

သီချင်းသံထဲမှာ နစ်မျောပျော်ဝင်နေစဉ်မှာ တံခါးခေါက်သံလိုလိုကြားရတာကြောင့် မျက်ဝန်းဖွင့်ကြည့်တော့ လေနှင်းရာ ..၊ သူ့ အပြုံးတွေ ချက်ချင်းပျောက်ဖျက်ပြီး ကားတံခါးလော့ခ်ကို လှမ်းဖွင့်ပေးလိုက်ပါသည်။ သူမ နောက်ခန်းမှာ ထိုင်မယ်ပြင်တော့ ...

"ရှေ့လာထိုင်လေ လေနှင်းရာ ..."

"ဟုတ်"

သူမ ကျွန်တော့်ဘေးမှာ ဝင်ထိုင်ပါသည်။ ကျွန်တော် ကားကိုခြံထဲက မောင်းထွက်လာခဲ့ပါသည်။

"စာမေးပွဲ ဘယ်အချိန်ပြီးမှာလဲ လေနှင်းရာ ..."





"ဘာဖြစ်လို့လဲ ကိုကို ..."

"ဒီနေ့ ကိုစိုးမိုးကျော် သင်္ဘောပြန်တက်ရမယ်လေ .. အဲဒါ မင်းနဲ့ကိုကို လေဆိပ်မှာ သွားနှုတ်ဆက်ရမယ် လေနှင်းရာ ..."

"မမထားတော့ ငိုဦးမယ် ထင်ပါရဲ့ ..."

ကျွန်တော် လေနှင်းရာ စကားသံကြောင့် ...

"တကယ်လို့ ကိုကို သင်္ဘောတက်မယ်ဆိုရင်ရော လေနှင်းရာလည်း မမထားလို ငိုမှာလား ..."

"ရှင် ..."

လေနှင်းရာ ဖြေရခက်နေမယ်လို့ ကျွန်တော် ထင်နေပေမယ့်...

"နှုတ်ဆက်လို့ မျက်ရည်ကျတယ်ဆိုတာ သံယောဇဉ်ရှိသူ ကိုယ်ချစ်ခင်နေသူအတွက် လွမ်းလို့ကျမယ့်မျက်ရည်ပဲ ကိုကိုရယ် ..."

"ဒါဆို လေနှင်းရာက ကိုကို့ကို ..."

သူမ အပြုံးက မပီပြင် ...

"စာမေးပွဲပြီးရင် လေနှင်းရာ ကိုကို့ကို ဝန်ခံစကားပြောစရာရှိတယ် ကိုကို၊ အဲဒီအခါကျရင် ကိုကို လေနှင်းရာကို ဘယ်လို သဘောထားမလဲ၊ အရမ်းနာကျင်သွားမှာလား၊ မုန်းသွားမလားသိရမှာ ကိုကို၊ အဲဒီအဖြေသိပြီးမှ လေနှင်းရာ ကိုကိုနဲ့ဝေးရင် ဘာဖြစ်မလဲ ... ကိုကို တွေးကြည့်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားရဲ့ဆိုလိုရင်းက ဝေ့လည်လည် ဘာမှန်းကိုမသိ သူ ဆက်မမေးချင်တော့။ သူမ ဖုန်းကွယ်ထားတဲ့ကိစ္စက ဘယ်လောက် အရေးပါနေလို့လဲ သူသိချင်သီမယ့် လေနှင်ရာ ဆက်ပြောမှာ မဟုတ်တာကြောင့် မမေးတော့။ ကားကို တက္ကသိုလ်ထဲမောင်းဝင်လာပြီး လေနှင်ရာဖြေမယ့် အဆောက်အအုံရှေ့မှာရပ်တော့ ပါကင်ထိုးထားတဲ့ ကားတစ်စီးဆောမှာရပ်နေတဲ့ မြတ်မိုးနဲ့ စင်သီယာက သူတို့ဆီ လျှောက်လာပါသည်။

လေနှင်ရာကို မြတ်မိုးက ကားတံခါးဖွင့်ပေးပါသည်။

"အကြိုအပို့တွေနဲ့ပါလား လေနှင်ရာ ..."

"ဒီလိုကျတော့လည်း တို့အစ်ကိုကြီးက သူ့ဇနီးကို ဂရုစိုက်သားပဲဗျ ..."

မြတ်မိုးတို့ စကားကြောင့် ကျွန်တော် နေရထိုင်ရခက်နေပါသည်။

"ကားပေါ်က ဆင်းဦးလေ ... ကျောင်းခန်းထဲကိုဝင်ဖို့ အချိန်ရပါသေးတယ် ကိုမိုးသက်ရဲ့ ..."

စင်သီယာ ဖိတ်ခေါ်စကားကြောင့် ကျွန်တော်က လေနှင်ရာကို ပြုံးကြည့်ရင်း ...

"ခင်ဗျားတို့ မဖြေခင် စာကြည့်ရမှာ ကျွန်တော် သိပါတယ်ဗျာ..၊





သူ့လည်း ဂရုစိုက်ပေးကြဗျာ၊ ဟိုတစ်လောက ကျွန်တော် နေမကောင်းတာ သူ အတော်ပြုစုရတာနဲ့ စာကြည့်ရတာနဲ့ သူ့ပုံစံက လူမမာပုံပေါက်နေပြီ"

"အကြင်နာအင်အားတွေ ..."

လေနှင်ရာက မြေပြင်ကို ငုံ့ကြည့်နေပါသည်။ ပါးပြင်မှာတော့ အရုက်တရားက ခပ်ရဲရဲ ...

"ကဲ ...သွားပြီ ...လေနှင်ရာ၊ ကိုကိုပြန်လာကြိုမယ် စောင့်နေနော်"

"ဟုတ်ကဲ့ ကိုကို ..."

ကျွန်တော် အားလုံးကို နှုတ်ဆက်လက်ပြကာ ကားကို မောင်းထွက်လာခဲ့ပါသည်။

ကျွန်တော် ဇုန်ထဲရောက်တော့ ဖေဖေ အလုပ်တွေ ဝိုင်းကူပေးရင်း နာရီတကြည့်ကြည့် ..၊ ကြာတော့ ဖေဖေက မျက်မှောင်ကြုတ်ပြီး ...

"ဟေ့ကောင် မိုးသက် ဘာဖြစ်လို့ ဂနာမငြိမ်ဖြစ်နေတာလဲ"

ကျွန်တော် ခေါင်းကုတ်ရင်း ...

"ဟိုလေ ဖေဖေ့သမီး .. စာမေးပွဲ ဖြေနေတော့ ..."

"ငါ့သမီး ...၊ ငါ့မှာ မင်းတစ်ယောက်တည်း မွေးတာလေကွ..."

"ဟာဗျာ ဖေဖေကလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပုံစံကြောင့် ဖေဖေက တဟားဟား အော်ရယ်နေပါသည်။

"စာမေးပွဲဖြေတာမျိုးကွာ အဆန်းလုပ်လို့ ...၊ ဘာလဲ မင်းက သူ့အစား ဝင်ဖြေပေးမလို့လား"

"မဟုတ်ပါဘူး ဖေဖေရာ ... သူ နေမကောင်းဖြစ်နေတော့..."

"ကဲပါ အကြောင်းပြချက်တွေ ပေးမနေနဲ့ ...၊ မင်း သွားကြို ချင်တယ် မဟုတ်လား၊ သွား ...သွား ..."

"ကျေးဇူး ဖေဖေ သွားပြီ၊ ကျွန်တော့်အလုပ်ကိစ္စတွေ ကိုမြဝင်းကို လွှဲခဲ့မယ်နော်"

"အေးပါကွာ၊ သွားမယ့်ဟာသာ သွားစမ်းပါ၊ ပေးစားတုန်းက တော့ မျက်နှာကရှစ်ခေါက်ချိုး၊ အခုတော့ ခေါင်းပေါ်ရွက်ထားမယ့် ပုံစံနဲ့ ...၊ အေးပေါ့လေ .. မယားငယ်ငယ်လေးရထားတော့ ငါ့သား လည်း ရူးပြီးပေါ့"

သားအဖချင်း ချိုးချိုးနှိပ်နှိပ်ကွပ်နေတဲ့ ဖေဖေ့စကားအောက်က အမြန်ပြေးထွက်လာခဲ့ပါသည်။

ကျွန်တော် အတော်နောက်ကျနေတာကြောင့် ကားကို အမြန် မောင်းလာခဲ့ရပါသည်။ ကျောင်းထဲရောက်တော့ လေနှင်းရာတို့ ဖြေမယ့် စာသင်ခန်းဘက် ကားကိုချိုးကွေ့စဉ် လေနှင်းရာနဲ့ မိန်းကလေး တစ်





ယောက် စကားပြောနေကြတာကိုတွေ့ပါသည်။

လေနှင်းရာနဲ့ စကားပြောဆိုနေတဲ့ အမျိုးသမီးက သူ့ လာရာ ဘက်ကို ကျောပေးထားတာကြောင့် နောက်ကျောသာ မြင်ရပါသည်။

လေနှင်းရာ စိတ်ဆိုး ဒေါသထွက်နေပုံနဲ့ အမျိုးသမီးကို လက် ဟန်ခြေဟန်တွေနဲ့ စကားပြောနေပါသည်။ လေနှင်းရာ့ပုံစံက ဒေါသ အရမ်းထွက်နေပုံရပါသည်။

နောက်တော့ အမျိုးသမီးက လေနှင်းရာကို တစ်ခုခုပြောပြီး လက်ညှိုးထိုးကာ သတိပေးဟန်နဲ့ပြောပြီး ကားတစ်စီးပေါ်တက်သွား သည်။ ကျွန်တော့်ကားက အရပ် သူမကားအထွက် ကျွန်တော် ကြည့် မိတော့ ...

"ဒါ ဆူစန် ဆိုတဲ့ လေနှင်းရာ သူငယ်ချင်းပဲ ..."

တစ်ယောက်တည်းပြောပြီး လေနှင်းရာကို တံခါးဖွင့်ပေးမိပါ သည်။ လေနှင်းရာက နီရဲနေတဲ့မျက်ဝန်းကို ကျွန်တော် မမြင်အောင် မျက်ရည်ကို တစ်ဖက်လှည့်ကာတို့သည်။ သူမပုံစံက တစ်ခုခုဖြစ်သွား နိုင်တဲ့အနေအထား ...။

"မင်း နေကောင်းရဲ့လား လေနှင်းရာ ..."

"လေနှင်းရာ ခေါင်းအတော်မူးနေတယ် ကိုကို ..."

"ဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အတော်စိတ်ပူသွားခဲ့ပါသည်။ လေနှင်ရာ မဟန်နိုင်ပုံနဲ့ ကျွန်တော့်ပခုံးမှာ ခေါင်းမှီကာနေတော့ ...

"ဆေးခန်းတစ်ခုခုကို အမြန်သွားရအောင် လေနှင်ရာ၊ ကိုကို့ပခုံးပေါ်မှာ မှီနေ ..."

လေနှင်ရာ ခေါင်းအသာညိတ်ပြပါသည်။

ကျွန်တော် ကားကို ခပ်မြန်မြန်မောင်းလာရင်း လမ်းမှာတွေ့တဲ့ ဆေးခန်းတစ်ခုမှာ ကားကိုရပ်ကာ လေနှင်ရာကိုတွဲပြီး ဆေးခန်းကို ပို့ရပါသည်။ လေနှင်ရာကို ဆရာဝန်ကစမ်းသပ်နေစဉ်မှာ သူ ဆေးခန်းအပြင်သို့ထွက်ကာ ကိုစိုးမိုးကျော်ဆီ ဖုန်းဆက်ရပါသည်။

"ခင်ဗျာ ဘယ်မှာလဲ ကိုစိုးမိုးကျော် ..."

"လမ်းမှာ အေးဗျာ ... အခု လေယာဉ်ကွင်းကိုလာဖို့ လေနှင်ရာကို ကျောင်းမှာသွားကြိုတာ၊ လေနှင်ရာ စာမေးပွဲဖြေနေတာဗျ စာမေးပွဲဖြေပြီးအထွက် မူးသလိုလိုဖြစ်လို့ အခု ဆေးခန်းဝင်ပို့နေတယ်၊ ဟုတ်တယ် မလာဖြစ်တော့ဘူး၊ တောင်းပန်တယ်ဗျာ မမထားရော့.. ကိုစိုးမိုးကျော်ပဲ အကြောင်းစုံကို ပြောပြပေးဗျာနော် .. ဒါပဲ"

ဖုန်းကိုချပြီး ဆေးခန်းထဲဝင်တော့ ဆရာဝန်က အားနည်းတာရယ်၊ စိတ်ခံစားမှုတစ်ခုခုကြောင့် အခုလိုဖြစ်သွားရတဲ့အကြောင်း ညအိပ်ရေးအပျက်ခံကာ စာမကျက်ဖို့ရယ် ပြောသွားပါသည်။





ဆေးခန်းထွက်တော့ ကားပေါ် လေနှင်ရာကို တွဲကူပို့ရင်း လေနှင်ရာက ...

"ကိုစိုးမိုးကျော်ကို လေယာဉ်ကွင်းသွားပို့မှာ မဟုတ်လား ကိုကို"

ကျွန်တော် သူ့မဆံပင်တွေကို သပ်တင်ပေးရင်း ...

"အခုပဲ ဖုန်းဆက်လိုက်ပြီ၊ လေနှင်ရာ နေမကောင်းလို့ မပို့ဖြစ်တော့ဘူးလို့ ...၊ ကိုယ်တို့မပို့လည်း သူ ဟိုနိုင်ငံကို ရောက်ပါတယ်"

ကျွန်တော့်စကားကြောင့် လေနှင်ရာ ပြုံးသည်။ သူ ကားကို မောင်းထွက်လာတော့ လေနှင်ရာက ...

"ကိုကို သွားပို့ချင်ရင် သွားပို့လေ ...၊ လေနှင်ရာ သက်သာပါတယ်"

"အဲဒါတွေထားပါ၊ ဒါနဲ့ ခုန လေနှင်ရာနဲ့ စကားအချီအချပြောနေတဲ့မိန်းကလေးက လေနှင်ရာ့သူငယ်ချင်း ဆုစန် မဟုတ်လား"

လေနှင်ရာ မျက်နှာငယ်ငယ်နဲ့ ခေါင်းညိတ်ပြပါသည်။

"ဟုတ်တယ် ကိုကို"

"လေနှင်ရာနဲ့ သူ ဘာဖြစ်ကြတာလဲ၊ တစ်ခုခု ပြဿနာတက်နေတဲ့ပုံပဲ ဟုတ်တယ်မှတ်လား"

ကျွန်တော့်စကားကြောင့် အပြင်ရှုခင်းကို ကြည့်ဟန်နဲ့ လေနှင်ရာ မျက်နှာလွှဲကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကို၊ ဒီအကြောင်းတွေကို စာမေးပွဲပြီးရင် လေနှင်ရာ ကိုကို့ကို ပြောပြမယ်လို့ ကတိပေးပါတယ် ကိုကို၊ အခုတော့ ဆက်မမေး ပါနဲ့တော့နော်"

ကျွန်တော် ခေါင်းတွေရှုပ်ကာ အဲဒီ ပြဿနာဆိုတဲ့ ကိစ္စအတွက် စိတ်ညစ်မိပါသည်။

ဘာတတ်နိုင်မှာလဲ .. အဲဒီနေ့ရက်ကိုပဲ စောင့်ရတော့မှာပေါ့။





သန်ဘက်ခါဆိုရင် လေနှင်ရာ စာမေးပွဲပြီးပါပြီ။ စာမေးပွဲ ဖြေပြီး ပြန်လာတော့ ကျွန်တော်နဲ့ လေနှင်ရာ ခဏနားကာ ကျွန်တော် က ရေမိုးချိုးပြီး နှစ်ယောက်အတူ ထမင်းစားကြပါသည်။

လေနှင်ရာ က အဖျားသွေးရှိနေတာကြောင့် မြူစွမ်းပြုတ်ပဲ သောက်နေပါသည်။ စားသောက်ပြီး တီဗွီခဏကြည့်ပြီး သူမနဖူးကို စမ်းကာ...

"စာကို ခဏတစ်ဖြုတ်ပဲကျက်နော် လေနှင်ရာ၊ တစ်နှစ်လုံး စာကျက်လာတာပဲကွာ .. ဒီစာတွေကို လေနှင်ရာ ပိုင်ပြီးသားပါ"

လေနှင်ရာ ကျွန်တော့်စကားကြောင့် ကြည်နူးကျေနပ်ဟန်နဲ့ ခေါင်းညိတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ အပေါ်တက်တော့ ...၊ အွေးအွေးထွေးထွေးနေပြီး စာ ခဏ တစ်ဖြုတ်ကျက် ...၊ ကိုကိုလည်း ကိုကို့အခန်းထဲဝင်ပြီး အလုပ်ကိစ္စလေးတွေ လုပ်ရဦးမယ်"

လေနှင်ရာ ခေါင်းကိုငွတ်ကာပြောတော့ လေနှင်ရာ ပြုံးပြီး သူမ စာအုပ်တွေယူကာ သူမအခန်းရှိရာ အပေါ်ထပ်သို့တက်သွားပါသည်။

သူလည်း သူ့အိပ်ခန်းထဲဝင်ကာ ဖေဖေ့စက်ရုံအတွက်မှာ ယူထားတဲ့ကုန်ကြမ်းတွေရဲ့ အမျိုးအမည်အရေအတွက်တို့ကို စစ်ဆေးနေရင်း ဈေးနှုန်းသိသိသာသာထိုးတက်နေတာကြောင့် နဂိုမှာယူဖူးတဲ့ ကုမ္ပဏီကို ဈေးနှုန်းပြန်မေးချင်တာကြောင့် လိပ်စာကတ်ကို ရှာဖွေနေရင်း သတိရမိသည်။

နဂို ဖိုင်ဟောင်းတွေရှိရာ အပေါ်ထပ် စာကြည့်ခန်းမှာရှိနိုင်သည်လို့ တွေးမိကာ အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။ စာကြည့်ခန်းထဲမှာ ဖိုင်တွေကိုရှာရင်း ...

"ဟော ... ဒီဖိုင်ဖြစ်မယ်"

ဖိုင်အနီအဟောင်းကိုဆွဲထုတ်ပြီး လှန်လှောကြည့်ရှုပြီး သေချာပြီဆိုတာကြောင့် စာကြည့်ခန်းကပြန်ထွက်ဖို့ တံခါး လက်ကိုင်ဘုကို လှည့်ဖို့ပြင်ဆင်နေတုန်း အပြင်မှ ဖုန်းဆက်နေတဲ့အသံကိုကြားရပါသည်။



"စိတ်ချပါ၊ သန်ဘက်ခါ စာမေးပွဲဖြေပြီးတာနဲ့ နင်ရိုးချင်တဲ့ ငွေဆယ်သိန်းကို ငါလာပေးမယ်၊ အေး အဲဒီဆယ်သိန်းပေးပြီးရင် နင်နဲ့ငါနဲ့ စာတ်လမ်းကို အပြီးဖြတ်ပေးပါတော့ ညီဇော်၊ ငါတောင်းပန်ပါတယ်၊ ဒီကိစ္စတွေသာ ကိုကိုသိသွားရင် အတွေးနဲ့ ငါ့ရင်တွေ ပူလောင်နေခဲ့တာ နင်ကိုယ်ချင်းစာပေးပါ ညီဇော် .."

ကျွန်တော် တံခါးလက်ကိုင်ဘုကို ဆွဲဖွင့်ပြီး အပြင်ထွက်မယ် လုပ်ပြီးမှ စိတ်ကိုလျှော့ချလိုက်ပါသည်။

"ပြောပါ.. နင်ပြောတဲ့လိပ်စာအတိုင်း ငါလာခဲ့မယ်"

ကျွန်တော် တံခါးလက်ကိုင်ဘုကို အသာလစ်ဟ လာချောင်းကြည့်တော့ ဖုန်းစင်နားက **Note Book** စာအုပ်အသေးလေးကို ဆွဲယူပြီး ဖုန်းကို ပခုံးနဲ့ပါးနဲ့ညှပ်ကာ စာအုပ်ပေါ်မှာ တစ်ခုခုရေးမှတ်နေပါသည်။

နောက်တော့ ဖုန်းကို ဖုန်းစင်ပေါ်ပြန်တင်ကာ စာအုပ်ထဲက စာရွက်ကို ဖြုတ်ယူသွားပါတယ်။ နောက်တော့ သူမအခန်းထဲ တံခါးပြန်ပိတ်ကာ ဝင်သွားသည်။

သူ အရိပ်အခြေကို အကဲခတ်ကာ စိတ်ချရပြီဆိုမှ ပြန်ထွက်ခဲ့ပါသည်။

ခုန လေနှင်ရာ ရေးထားတဲ့ **Note Book** ကို ဖွင့်တော့ကာမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ ဒါပေမယ့် အပေါ်စာရွက်အဖြူကို ဖြုတ်ကာ သူ့ အပေါ်ထပ်မှာ အသာအယာဆင်းလာခဲ့ပါသည်။

အောက်ထပ်ရောက်တော့ သူ့အခန်းထဲ ပြန်ဝင်ကာ လော့ခ်ချပြီး ခုန သူဖြုတ်ယူလာတဲ့ စာရွက်ကို စားပွဲပေါ်ချပြီး ခဲသားနဲ့ ခပ်ဖွဖွရေး ခြစ်ပြီး၊ လိပ်စာကို မရမကရှာဖွေကြည့်မိပါသည်။

ဟော ... ရပြီ လိပ်စာက ...။





ရနေကျ ခွဲတမ်းတွေထက် ...

အလျှင်စောစွာ ပေးပို့လာတဲ့ ခါတော်မီခံစားချက်တွေထဲက

နေ့အမိ ညအမိ ...

ရှေ့ဆောင်ချီတက်လာတဲ့ မပီခသ ပြန်တမ်းတွေ ..။

ရေခဲအမှတ်အောက်က အနမ်းကြောင့်

သွေးစုပ်နေတဲ့ ရင်တစ်ခြမ်းကို အုပ်ကိုင်

အချစ်ဆိုတာ ကုပ်တွယ်ထားတဲ့ ကမ်းနားသစ်ပင်

ရေတစ်ခြမ်း ကုန်းတစ်ခြမ်း ...။



www.burmeseclassic.com

www.burmeseclassic.com



၇

"မနက်ဖြန်ဆို စာမေးပွဲပြီးပြီ ကိုကို ..."

သူမရဲ့အသံက နှုတ်ဆက်ခွဲခွာတော့မယ့်လေသံလိုလို ...။

ကျွန်တော် ဘာရိုက်ကိုမှားနင်မိသလို ဖြစ်မိသွားတာကြောင့် သူမ ယိုင်ခနဲဖြစ်သွားပါသည်။

"ဆောရီး ..."

ကျွန်တော့်နှုတ်ကစကားသံက ကျွန်တော့်အတွက် နမိတ်ပုံဖြစ်စို့ ရည်ရွယ်စေတာလား ...။

"လေနှင်ရာ မနက်ဖြန် စာမေးပွဲပြီးရင် သွားစရာရှိတယ် ကိုကို"

"ကိုကို ... လိုက်ပို့ပေးရမလား ..."





သူမ ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော် နောက်ကြည့် နှမှ သူမကို ဖျတ်ခနဲကြည့်မိပါသည်။

သူမ သက်ပြင်းနဲ့မျက်လွှာကို အားကိုးပါသည်။

"မလိုက်ပါနဲ့ ကိုကိုရာ ...၊ လေနှင်ရာ ပြန်လာရင် ကိုကို့နဲ့ စကား တွေ ပြောရမှာ ..."

ကားရဲ့အလျင်က မြန်သလိုထင်ရပါသည်။

"ကျွန်မ သိပ်ကြောက်တဲ့နေ့ရက်ကို ရောက်လာပြီကိုကို ..."

သူမ ကြောက်လန့်နေသည့် နေ့ရက်တဲ့ ...၊ မပွင့်လင်းခြင်းရဲ့ အကျိုးဆက်က ကျွန်တော့်ရင်ကို ပူလောင်စေသည်။

ဘာကြောင့် သူမ သူ့ကို ပွင့်ပွင့်လင်းလင်းမပြောရတာလဲ၊ ဖြေရှင်း ခင့်သည့်ကိစ္စဆိုရင် အမြန်ဆုံးဖြေရှင်းစေချင်သည်။ ဝိုးတဝါးထဲမှာ သူ မနေချင်၊ သံသယဆိုတဲ့ ဘောင်သပ်ထားတဲ့ အရိပ်အောက်မှာ သူ အနေခက်သည်။

မနက်ဖြန် ဘာတွေဖြစ်လာမလဲ .. ကိုယ်တိုင် ပြေးတွေ့လိုက် ချင်ပါသည်။

"ကိုယ့်စာမေးပွဲသာ အာရုံစိုက်ပါ လေနှင်ရာ၊ ပြဿနာဆိုတာ တစ်နေ့မဖြေရှင်းချင်လဲ အချိန်တန်တော့ ဖြေရှင်းရမှာပဲ လေနှင်ရာ"

မိုးသက်ရဲ့ နူးညံ့တဲ့ လေပြေစကားကို လေနှင်ရာ တစ်သက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ် အခုတစ်ကြိမ်သာ ရရှိခဲ့ဖူးသည်။

သူမ မိုးသက္ကုကို ပြုံးပြမိပါသည်။ ပြီးတော့ အပြုံးနှင့်အတူ ပွင့်ဝေစီးဆင်းလာတဲ့ မျက်ရည်တစ်စက် ...။

"နောက်ထပ် စကားမဆိုဖြစ်ကြတော့ပါ ကားပေါ်ကဆင်းတော့ တစ်ဦးနဲ့တစ်ဦး နှုတ်မဆက်ကြမိ။ ကားတံခါးကိုဖွင့်ပေးတဲ့ စင်သီယာ ရော သောနားက မြတ်မိုးပါ ဇဝေဇဝါဖြစ်မိကြပါသည်။

ကားကိုပြန်ကွေ့ပြီး တက္ကသိုလ်ထဲကထွက်လာတော့ သူ ဖေဖေ့ ဆီ ဖုန်းဆက်မိပါသည်။ အကြောင်းရင်းက သူမ စာမေးပွဲ မပြီးမချင်း လုပ်ငန်းခွင်းကို သူ မလာဖြစ်တဲ့အကြောင်းပါ ...။

ဖေဖေ့ဆီ ဖုန်းဆက်ပြီး သူ နောက်တစ်ယောက်ဆီ ဖုန်းဆက် ရပြန်ပါသည်။

"ဟယ်လို ကျွန်တော် မျိုးဇော်အောင်နဲ့ စကားပြောချင်လို့ပါ ဩော် .. မျိုးကြီးလား၊ အစ်ကို မိုးသက်ပါ၊ အေးအေး .. ရောက်နေ[illegible] လား .. ရွှေရည်ရော ... အိုကေ ..."

ဖုန်းကိုပြန်ပိတ်ပြီး သူ စိတ်ချလက်ချဖြစ်သွားပါသည်။

မနေ့ကတည်းက ကျွန်တော် ရွှေရည်နဲ့မျိုးကြီးကို တွေ့ချင်[illegible] အကြောင်း ချိန်းဆိုထားခဲ့ခြင်းဖြစ်သည်။

ကျွန်တော် ချိန်းဆိုထားတဲ့ ဆိုင်ရှေ့ ကားရပ်တော့ မျိုးကြီး[illegible]





လက်လှမ်းပြပါသည်။ ဒီဆိုင်လေးက နားအေးပါးအေးမို့ တမင်ရွေး ချယ်ထားခြင်းဖြစ်ပါသည်။

သူ ဆိုင်ထဲဝင်ပြီး ထိုင်ထိုင်ချင်း ...

"စောင့်နေရတာ ကြာပြီလား"

ရွှေရည်က အပြုံးနဲ့ ခေါင်းခါပြပြီး မျိုးကြီးက ...

"သိပ်မကြာသေးပါဘူး အစ်ကို ..."

ကျွန်တော် အနားရောက်လာတဲ့ဝန်ထမ်းလေးကို [illegible] မှာလိုက်ပြီး ...

"မင်းတို့ မှာကြလေ ..."

ကျွန်တော် မျိုးကြီးကို ရှေ့မှာ ကော်ဖီနှစ်ခွက်သာ မှာ[illegible] တွေ့တာကြောင့် ပြောတော့ ...

"တော်ပြီ အစ်ကို .. အိမ်ကလည်း စားလာလို့ ..."

"အားမနာနဲ့နော် ..."

"ဟာ .. အားနာရမယ့်သူတွေမှမဟုတ်တာ အစ်ကိုရာ [illegible] ပြောပါဦး .. မနေ့က အစ်ကို ဖုန်းဆက်တော့ ကျွန်တော် ရွှေရည့်ကို အကျိုးအကြောင်း အားလုံး ပြောပြီးသား ..."

"ကိုမျိုး ညီဇော့်အကြောင်းကို ပြောပြလို့ ရွှေရည် [illegible] အစ်ကို၊ သိသိချင်းပဲ ကျွန်မလည်း ဆူစန့်အိမ် အလည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်တယ် အစ်ကို ...”

“ဘာတွေထူးလဲ ရွှေရည် ...”

ရွှေရည်က မျက်မှောင်ကြုတ်ရင်း ...

“နဂိုကတည်းက သိသလိုလို ... လေနှင်ရာတို့ မြတ်မိုးတို့ဆီ ကြားရသလိုလိုနဲ့ အစ်အောက်ကြည့်တော့မှ လေနှင်ရာမှာ ပြဿနာ တစ်ခုရှိနေတာသိရတယ် အစ်ကို ...”

“ဘယ်လိုပြဿနာလဲ ရွှေရည် ...”

ရွှေရည်က အားတုံ့အားနာဟန် ဖြစ်နေပါသည်။ မျိုးကြီးက အရင်သိနှင့်သူမို့ ...

“ဒီစကားကြားရလို့ အစ်ကိုတို့အိမ်ထောင်ရေး ထိခိုက်မှာလည်း စိုးရတယ်၊ ခဏ .. ကျွန်တော် စကားဆုံးအောင် ပြောပါရစေဦး ...၊ အစ်ကို ဒီစကားကြောင့် ဘယ်လိုပြောမလဲ ...ဟို ...”

မျိုးကြီးက စကားလုံးရွေးနေတာကြောင့် ရွှေရည်က ...

“သူ့ဘက်ကနေ နားလည်ပေးဖို့ အဲဒီသဘောပေါ့ အစ်ကို”

ဒီကလေးနှစ်ယောက်ရဲ့စကားတွေကြောင့် ကျွန်တော် ပြုံးမိပါသည်။

“ကဲ ... ပြောပါကွာ ...”

ရွှေရည်က လေနှင်ရာ အကွက်ဆင်ခဲ့တဲ့ဇာတ်လမ်း၊ ညီဇော်နဲ့





လေနှင်ရာ ခပ်ကင်းကင်းနေဖို့အတွက် လေနှင်ရာကို အတွင်းသိမ်း နောက်ပြီး သူတို့ သိထားတဲ့အတွက် လေနှင်ရာဟာ ညီဇော်ရဲ့အချုပ် ကိုင်မှုအောက်မှာ လေနှင်ရာ ဆေးဖိုးထောက်ပံ့ရပုံတွေ —

ဇာတ်လမ်းဆုံးတော့ ရွှေရည်က သူ့ကို အကဲခတ်ကာ —

“အစ်ကို လေနှင်ရာ့အပေါ် ဘယ်လိုသဘောထားမလဲ”

သူ တိတ်ဆိတ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို ကို ပြန်ရောက်ပြီလား အနှင်း"

"ပြန်ရောက်ပြီ မမလေး"

"ထမင်းစားပြီးပြီလား"

"မစားသေးဘူးလို့ ပြောပြီး အခန်းထဲဝင်သွားတာပဲ မမလေး"

သူမ စာမေးပွဲဖြေပြီးတော့ စင်သီယာတို့နဲ့အတူ ညီဇော် ကိစ္စကို တိုင်ပင်ဆွေးနွေးရင် အချိန်ကြန့်ကြာသွားခဲ့ပါသည်။ သွားကတည်းက ကိုကို့ကို လာမကြိုဖို့ ပြောထားပြီးသားပါ၊ စင်သီယာတို့ ပြန်ပို့ပေးမည် လို့ ...

သူမ ကိုကို့အခန်းဆီလျှောက်သွားရင် အခန်းတံခါးကို ခေါက် ကာ ...





"ကိုကို"

ခဏနေတော့ ကိုကို့ အခန်းတံခါးဖွင့်ပေးပါသည်။ ကိုကို့ပုံစံက တစ်မျိုးဖြစ်နေပါသည်။ ကျွန်မ စိုးရိမ်စိတ်နဲ့ ကိုကို့နဖူးကိုစမ်းမိကာ...

"ကိုကို နေမကောင်းဘူးလားဟင် ..၊ ကိုယ်လည်းမပူပါဘူး"

"နေကောင်းပါတယ် လေနှင်ရာ ..."

"ထမင်းစားတော့လေ ကိုကို၊ တော်ကြာ လေခံသွားရင် မကောင်း ဘူး"

ကိုကို ပြုံးသည်။ အပြုံးက မပီပြင်။

"မဆာသေးပါဘူး၊ ကိုကို အလုပ်ကိစ္စလေးတွေ မပြတ်သေးလို့.. ဆာရင် ကိုကို ထွက်စားလိုက်မယ်၊ ကဲ.. လေနှင်ရာလဲ အနားယူဦး၊ မနက်ဖြန် စာမေးပွဲရှိသေးတယ်မှတ်လား ..."

ကိုကို့စကားက သူမကို အတင်းနှင်လွှတ်နေဟန်။ သူမ ကိုကို့ကို ငေးကြည့်နေတုန်း ကိုကို တံခါးပိတ်လိုက်ပါသည်။

ကျွန်မ ခေါင်းခါရမ်းမိရင်း ကိုယ့်အခန်းရှိရာကို ပြန်လှည့်ခဲ့ပါ သည်။

အိပ်မက်တွေက ပန်းတွေလိုပွင့်ကြဖို့ အခွင့်မရှိတော့ပြီလား၊ မနက်ဖြန်ဆိုတဲ့ အနာဂတ်အတွက် အလင်းရောင်သည် ဝိုးတဝါး တား ...။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ ညီဖော်နဲ့ ဆူစန်တို့ရဲ့ ကောက်ကျစ်ယုတ်မာမှုကြောင့်လို့ လေနှင်ရာ တွေးမိကာ 'တောက်' တစ်ချက်ပြင်းပြင်း ခေါက်မိပါသည်။

အဲဒီတစ်နေ့လုံး ကိုကို ကျွန်မကို လုံးဝ မျက်နှာချင်းမဆိုင်ခဲ့ပါ။ ညနေစောင်း ထမင်းစားချိန်ရောက်တော့ ကိုကို ထမင်းထွက်စားပါသည်။ ကိုကို့ပုံစံက တစ်မျိုးဖြစ်နေသည်မှာ သေချာပါသည်။ ထမင်းဝိုင်းဟာ အရင်လိုမဟုတ်တာတော့ သေချာသည်။ တစ်ယောက်နဲ့တစ်ယောက် စကားစပြောဖို့ စကားလုံးရှားပါးနေပါသည်။ သူမ ကိုကို့ကို အကဲခတ်နေစဉ်မှာ ကိုကို ဇွန်းနဲ့ခက်ရင်းကိုချတော့ ...

"ဟင် ကိုကို တော်ပြီလား၊ ဘာမှလည်း သိပ်မစားရသေးဘဲနဲ့..."

ကိုကို မပီမသပြုံးသည်။

"ကိုကို အပြင်ကစားလာလို့ပါ လေနှင်ရာ ..."

အကြောင်းပြချက် ယုတ္တိမတန်တဲ့စကား။ သူမ ထမင်းစားပြီးတော့ ကိုကို ခြံထဲမှာ ဆေးလိပ်သောက်ရင်း တစ်ခုခုကို တွေးနေဟန် သတိထားမိပါသည်။ သူမ ခြံထဲဆင်းလာပြီး ကိုကို့ဘေးမှာ ဝင်ထိုင်တော့ ကိုကို ဆတ်ခနဲဖြစ်သွားကာ ...

"ဪ လေနှင်ရာ ..."

"ကိုကို ... ဘာတွေ တွေးနေတာလဲဟင် ..."





"ဒီလိုပါပဲ"

သူမ ခေါင်းရမ်းမိပါသည်။

"ကိုကို တစ်ခုခုဖြစ်နေတယ် မဟုတ်လားဟင် ... အဲဒီ [illegible] လေနှင်ရာနဲ့ပတ်သက်နေတယ်မဟုတ်လား၊ ကိုကို ဘာ[illegible] ပြောပါ ကိုကို၊ လေနှင်ရာ့အပေါ် ဘာမကျေနပ်တာရှိ[illegible]"

ကိုကို သူမဘက်လှည့်ကြည့်ပါသည်။ ပြီးတော့ [illegible] ပြူးဆင်းလာတဲ့ သူမမျက်ရည်တွေကို ငေးစိုက်ကြည့်နေ[illegible]သည်။

"အချစ်ဆိုတာ ဘာလဲ လေနှင်ရာ ..."

ဘုရားရေ ကိုကို့နှုတ်ဖျားကထွက်လာတဲ့ စကား[illegible] လက်ရှိဖြစ်ပျက်နေတဲ့ ပုစ္ဆာတစ်ပုဒ်နဲ့ ဘာမှမဆီလျော်[illegible]။

ကိုကိုက ကောင်းကင်ကိုမော့ကြည့်နေပါသည်။ [illegible] ကောင်းကင်ရဲ့ အလှသွေးတောက်ပနေပုံက အနုပညာဆန်[illegible]သည်။

"တစ်ခါတလေကျတော့လည်း ရယ်စရာအကောင်းသား [illegible] ဆိုတာက ကိုယ့်အယူအဆနဲ့ကိုယ် ပုံဖော်နေတဲ့ စိတ်[illegible] ..."

"ကိုကိုကရော ချစ်ခဲ့ဖူးလား"

ရမ်းယောင်မေးမိတဲ့ ကိုယ့်နှုတ်ခမ်းကို ကိုက်[illegible]ပါသည်။ [illegible] သူမကိုကြည့်ပါသည်၊ ကိုကို့မျက်ဝန်းတွေထဲမှာ [illegible] တဲ့ အရိပ်အယောင်တွေ ဖြာကျနေမလား ...။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ ထင်သည်၊ ကိုကိုနဲ့ပတ်သက်တဲ့ ခံစားချက်တွေ ရင်ဝယ်ပိုက်ထားနေဦးမှာလို့လေ …။

အဲဒီအတွေး တွေးရှုတွေးမိတိုင်း ရင်မှာ ပူလောင်လှပါတယ်။

ကိုကို ကျွန်မ မတ်တတ်ရပ်တော့ …

"အိပ်တော့မလို့လား လေနှင်ရာ …"

"မနက်ဖြန်အတွက် ပြင်ဆင်ရဦးမယ် ကိုကို"

"ဟုတ်သားပဲ၊ မနက်ဖြန် စာမေးပွဲက တစ်ရက်ကျန်သေးတယ်နော်"

ကျွန်မ ရည်ညွှန်းပြောတဲ့ မနက်ဖြန်က ကျွန်မကိုယ်တိုင်ပဲ သိပါသည်။





"ကိုကို ဘယ်အချိန်လာကြိုရမလဲ လေနှင်ရာ …"

သူမ ခေါင်းခါရမ်းပြမိသည်။ မြတ်မိုးနဲ့ စင်သီယာက မျက်နှာမကောင်း။

"ရတယ် ကိုကို၊ လေနှင်ရာ စင်သီယာတို့နဲ့ပဲ ပြန်လိုက်မယ်၊ ကိုကို အိမ်ကစောင့်နေနော်"

ကိုကို သူမကို ခေါင်းညိတ်ပြပါသည်။

"ကဲ သွားပြီ …"

ကိုကိုက မြတ်မိုးတို့ကို ရည်ညွှန်းကာ နှုတ်ဆက်ပါသည်။ ကိုကို့ကားလေးထွက်သွားတော့ စင်သီယာက ကျွန်မ လက်ဖဝါးကို ဆုပ်ကိုင်ကာ …

"ကဲ .. အခုအချိန် ဘာမှမတွေးနဲ့၊ ခေါင်းအေးအေးနဲ့ စာမေးပွဲ ဖြေနိုင်ဖို့ကိုပဲ စိတ်ထဲထည့်ထား၊ လာ …"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စင်သီယာတို့နှင့်အတူ ဖြေရမယ့်အခန်းဆီ လျှောက်လာခဲ့ပါသည်။ စာမေးပွဲဖြေနေစဉ်မှာ ကျွန်မ အားလုံးကို မေ့ထားခဲ့ပါတယ်။ စာမေးပွဲဖြေပြီးလို့ အပြင်ထွက်တော့ မြတ်မိုးနဲ့ စင်သီယာက စောင့်နေပါတယ်။

"ဖြေနိုင်လား လေနှင်ရာ .."

ကျွန်မ ပြုံးမိကာ ...

"တစ်ပွဲတော့ပြီးသွားပြီ သူငယ်ချင်း ... ကဲ နောက်ဆုံး စာမေးပွဲဆီ တို့တွေ သွားရအောင် ..."

စင်သီယာ က သူမ လက်ဖဝါးကို ခပ်တင်းတင်း ဆုပ်ကိုင်ပါသည်။ မြတ်မိုးက ကားကို မောင်းပါတယ်။ သူနဲ့ စင်သီယာက နောက်မှာ ထိုင်ကြပါသည်။

"နင် စိတ်အေးလက်အေးပြောနော် ... ဒေါ်သပါရင် အမှားပါလာလိမ့်မယ်"

စင်သီယာက စိတ်မချဟန်နဲ့ ပြောတော့ ...

"ထပ်ပြီး စော်ကားလာရင်တော့ ငါကတော့ တီးထည့်မှာပဲ လေနှင်ရာ ..."

ပွဲက မစရသေးပါဘူး။ မြတ်မိုးက ရှုံးရှုံးရှဲရှဲ ဒေါ်သထွက်နေပါသည်။





"ပွဲက မစရသေးဘူး ဒေါ်သက ထွက်နေပြီ၊ အဲ့ဒါကြောင့် နင့်ကို မလိုက်ပါနဲ့လို့ ငါပြောတာပေါ့"

စင်သီယာက မြတ်မိုးကို မျက်စောင်းထိုးပြောတော့ ...

"ဟာ.. ငါမလိုက်ရင် နင်တို့နှစ်ယောက်ကို ဟိုကောင် ညီဖော်က အရှည်မျှော်ပြီး တစ်ကိုက်တည်းမော့သောက်မှာ၊ ဟိုဟာမ ဆုစန်တောင် ကြည့်ပါလား ..."

"သေလိုက်ပါလား၊ ဟိုဟာမက ညီဖော်မှ ယောက်ျားထင်ပြီး စုံလုံးကန်နေတာ ..."

"ကဲ တော်ကြပါတော့ဟယ်၊ ဒီခြံမဟုတ်လား မြတ်မိုး ..."

သူမ ခြံနံပါတ်ကိုကြည့်ပြီးပြောတော့ မြတ်မိုးက ခေါင်းညိတ်ပြကာ ခြံရှေ့မှာ ဟွန်းကိုတီးတော့ တစ်ယောက်က ခြံတံခါးလာဖွင့်ပေးပါသည်။ ဖွင့်ထားတဲ့တံခါးအတိုင်း ကားကို ချိုးကွေ့ဝင်လာပါသည်။ ခြံထဲက ဘန်ဂလိုဆန်ဆန်ဆောက်ထားတဲ့ အရိပ်အောက်မှာ ညီဖော်နဲ့ ဆုစန် ထိုင်နေတာ တွေ့ပါသည်။

"ကြည့်ပါလား၊ မသိရင်တော့ မာဖီယာဂိုဏ်းကလိုလို၊ သောက်ပေါ..."

စင်သီယာ ပြောတာလည်း ဟုတ်ပါသည်။ အနက်ရောင် ဉမ်းဆက်၊ မျက်မှန်အနက်ကိုဝတ်ဆင်ထားပြီး ဆံပင်ကို လှန်ဖြီးထား



www.burmeseclassic.com

www.burmeseclassic.com



ပါသေးသည်။

"ဟို သောက်ပေါမလည်း ဘာထူးလဲ"

မြတ်မိုးက အခုလိုပြောတော့ သူမ အရေးထဲမှာ ရယ်ချင်မိသည်။ ကားပေါ်ကဆင်းပြီး သူမတို့ ညီဇော်တို့ဆီလျှောက်တော့…

"ဟော လူစုံတက်စုံပါလား၊ နင်တို့တောင် မတွေ့ရတာကြာပြီနော်"

ဆူစန့် စကားကြောင့် စင်သီယာက နှာခေါင်းရှုံ့ရင်း …

"အပိုတွေလုပ်မနေနဲ့ ဆူစန်၊ စိတ်ထဲကမပါဘဲနဲ့ လော်ကွပ် ချော်မနေနဲ့၊ ကဲ လေနှင်ရာ… စကားကို အပြတ်သာပြော၊ ဝေ့လည် လည်လုပ်မနေနဲ့"

စင်သီယာ့ စကားကြောင့် ဆူစန် မျက်နှာပျက်သွားပါသည်။

"နင်တို့နဲ့ဘာဆိုင်လဲ၊ နင်တို့ကဝင်ပါရတာလဲ၊ ကိုယ်နဲ့မဆိုင်ရင် ပါးစပ်ပိတ်နေ …"

"ဟဲ့ ဆိုင်လို့ ဝင်ပါလာတာပေါ့ဟဲ့၊ နင့်လို အရိုးထဲက လောက် ထွက်တဲ့ကောင်မ မဟုတ်ဘူး"

စင်သီယာက သူသိသမျှ တတ်သမျှပြောတော့ ညီဇော်က …

"ကဲ လိုရင်းပဲ ပြောရအောင် လေနှင်ရာ၊ နင် ငါတို့မှာတဲ့ ပိုက်ဆံ ပါလား"

"ပါတာပေါ့ ညီဇော်ရယ်၊ ရော့ …"





သူမ အသင့်ယူလာတဲ့ ပိုက်ဆံအိတ်ကို ညီဇော့်ရှေ့ စားပွဲပေါ် ချပေးတော့ ညီဇော်က ဝမ်းသာအားရနဲ့ ဇစ်ကိုဆွဲကာနှိုက်တော့ မျက်နှာ ပျက်သွားပါသည်။ ညီဇော့်လက်ထဲမှာ အကြွေတစ်မတ် …။

"နှင် … နှင် …"

သူမက ခနဲ့တဲ့တဲ့ရယ်ရင်း ဒေါသနဲ့ မျက်နှာပျက်နေတဲ့ ညီဇော် ကို အားရပါးရ ပြုံးကြည့်ကာ …

"သိပ်ကို ဒေါသထွက်နေလား ညီဇော်၊ ဒီတစ်မတ်က ခက်ခက် ခဲခဲ ရှာရတာ၊ နင်သေရင် ပိုက်ဆံတစ်မတ် ရှာရတာခက်လို့"

"နင် ကတိပျက်တယ် လေနှင်ရာ၊ အေး သိမယ်"

မြတ်မိုးက ညီဇော့်ကို အလွတ်မပေးကြည့်နေပါသည်။

"ကြိုက်တဲ့အချိန်သိလို့ရတယ် ညီဇော်၊ ငါ့ဘဝက နင်တို့လက်ထဲ မှာ အစတောမခံနိုင်ဘူး၊ ငါ ဒီကပြန်ရင် ဖြစ်တဲ့ကိစ္စမှန်သမျှ အကုန်ဖွင့် ပြောပြဖို့ဆုံးဖြတ်ပြီးပြီ ညီဇော် …"

သူမရဲ့ တိကျပြတ်သားတဲ့စကား မထင်မှတ်ဘဲ ရရှိလိုက်တဲ့ တုံ့ပြန်မှုကြောင့် ညီဇော်ရော ဆူစန်ပါ မျက်စိမျက်နှာပျက်ကုန်ကြ ပါသည်။ ညီဇော်က လုံးဝ လက်ခံဟန်ဆန္ဒမရှိပုံနဲ့ သွေးရူးသွေးတန်းနဲ့ ပြောပါသည်။

"အဲဒီလို လုပ်လို့ရမလား လေနှင်ရာ၊ နင့် မိုးသက်ထွန်းကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကြွေတာ ငါတို့သိတာပေါ့၊ နင် လိမ်ပြောမနေနဲ့ လေနှင်ရာ...”

မြတ်မိုးက ညီဇော့် စကားကြောင့် ...

“လောကမှာ လိမ်ညာထားတာထက် အမှန်အတိုင်း ဝန်ခံခြင်းက ကိုယ့်စိတ်ကိုတော့ အနည်းဆုံးသက်သာမယ် ညီဇော်”

မြတ်မိုး စကားကို သူမ လက်ခံသည်၊ ညီဇော့်ကို သူမ တည့်တည့်ကြည့်သည်။

“ကိုကို ငါ့ကိုမုန်းသွားလည်း ရှိပါစေတော့ ညီဇော်၊ အနည်းဆုံးတော့ ငါ့စိတ်မှာ စိုးရိမ်စိတ်နဲ့နေရတာထက်စာရင် ယုတ်မာကောက်ကျစ်တဲ့လူတစ်ယောက်ရဲ့ လက်ထဲကိုတော့ အကျိုးမဲ့ ပိုက်ဆံထည့်မပေးနိုင်ဘူး”

ဆူစန် လေနှင်ရာ့စကားကြောင့် ...

“သိပ်ကို သေချာလို့လား လေနှင်ရာရဲ့ ... မိုးသက်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးရဲ့အမုန်းကိုရော ခံနိုင်လို့လား ...”

“ဘယ်သူက မုန်းတယ်လို့ပြောလို့လဲ ဆူစန်ရဲ့ ...”

“ဟင် ကိုကို ...”

“ရွှေရည် ...”

ရုတ်တရက် ညီဇော် နောက်ကွယ်က ထွက်လာတဲ့အသံကြောင့် အားလုံး အံ့သြသင့်သွားသလို ညီဇော်တို့ လန့်ဖျပ်သွားပါသည်။





“ခင်ဗျားတို့ ကျုပ်ခြံထဲကို ဘယ်လိုရောက်နေတာလဲ၊ ခင်ဗျားတို့ကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲမယ်”

“ကိစ္စမရှိဘူး၊ မင်း တရားစွဲချင်စွဲလိုက်၊ ကဲ မျိုးကြီး ...”

မျိုးကြီးက ...

“ရတယ်လေ၊ ပိုက်နက်ကျူးလွန်မှုကြောင့် ငါတို့ ထောင်ထဲ ဝင်လိုက်လည်း မကြာဘူး ညီဇော် ... အေး မင်းနဲ့ ဆူစန်ကတော့ ပုဒ်မပေါင်းများစွာနဲ့ ထောင်ထဲမှာ အကြာကြီးနေဖို့ပြင်ထား”

“ဦးထွန်းရီ ...”

ညီဇော်က ဒေါသတကြီးနဲ့ အားကုန်အော်ပါသည်။

“သိပ်အော်မနေနဲ့ ညီဇော် .. လိပ်ခေါင်းထွက်တာပဲ အဖတ်တင်လိမ့်မယ်၊ ခြံစောင့် ဦးထွန်းရီက ငါပေးလိုက်တဲ့ပိုက်ဆံနဲ့ အနီးနားက လက်ဖက်ရည်ဆိုင်မှာ စိမ်ယူနေလောက်ပြီ၊ မင်းကို ငါ တစ်ခုပြောမယ်.. မင်းဘော်ဒါရဲ့ဒီခြံကို မင်း အကူညီတောင်းထားသလို မင်းဘော်ဒါရဲ့ အဖေကို ငါလည်း အကူအညီတောင်းထားတယ်ဆိုရင် မင်း သဘောပေါက်လောက်ပါပြီ”

“ခင်ဗျား ...”

ဂူးဂူးဝါးဝါးနဲ့ ညီဇော် ထ,ရပ်ကာ သူ့ဆီပြေးလာတော့ မြတ်မိုး ညီဇော်ကို ခြေထိုးခံလိုက်ပါသည်။ ညီဇော် ဟပ်ထိုးလဲမလိုဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပင့်လက်သီးတစ်လုံး အားကုန်ထိုးဖြစ်လိုက်ပါသည်။ ဆူစန်က ဗူးဗူးဝါးဝါးလုပ်ဖို့ပြင်တော့ ကျွန်တော်က ....

"ငါ မိန်းမတွေပါ နားလည်တာ မဟုတ်ဘူးနော်"

"တောက် .. မိုက်ရိုင်းလိုက်တာ ..."

ဆူစန် မကျေမနပ်နဲ့ပြောပြီး ညီဇော်ကိုတွဲထူတော့ ကျွန်တော်က လေနှင်ရာကို သိုင်းဖက်ထားရင်း ...

"ရိုင်းတဲ့လူနဲ့တွေ့ရင် ချက်ချင်း ဟာရားဟောလို့မှမရတာ..၊ ကဲ .. ဆေးခန်းလေးဘာလေး သွားလိုက်ဦး၊ သြော် ..ရော့.. လေနှင်ရာ ပေးတဲ့တစ်မတ်ပါ ယူသွား .. ဘဝကူးကောင်းအောင် ..."

ဆူစန်နဲ့ ညီဇော် မကျေမနပ်နဲ့ ကားပေါ်တက်ကာ ထွက်သွားတော့ အားလုံးသဘောကျကာ ရယ်မိကြပါသည်။ သူမ ကိုကို့ကို မကြည့်ရဲ ..။ ကျွန်တော် သူမကို စ,ချင် နောက်ချင်နေမိသည်။

"ကောင်မလေးတစ်ယောက်ကွာ ယောကျ်ားယူချင်တာများ ဇာတ်လမ်းတွေ ဆင်နေရတယ်လို့ကွာ ..."

ဖလေနှင်ရာက ရှိုက်ကြီးတငင်ငိုချတော့ အားလုံးက ပြုံးနေ့နေ့ ကျွန်တော် သူမလက်အစုံကိုကိုင်ကာ ထိုင်ခုံမှာထိုင်ခိုင်းရင်း ကျွန်တော် သူမရှေ့ ဒူးတစ်ဖက်ထောက်ကာ ...

"မင်း တော်တော်တုံးတာပဲ လေနှင်ရာရယ် ..."





သူမက နားမလည်ဟန်ရှိသည်။

"ကိုယ့်ကို သဒ္ဒါနဲ့ နေစပ်မယ်လုပ်တော့ ကိုယ် သဒ္ဒါ့ကို ပွင့်ပွင့်လင်းလင်းပြောပြပြီးသား၊ ကိုယ်ချစ်တာ .. .မင်းကိုပါလို့လေ..."

"ဟင် ..."

လေနှင်ရာ ပါးစပ်အဝိုင်းသားနဲ့ မျက်လုံးပြူးပြူးလေးနဲ့ ကြည့်နေတော့ ကျွန်တော် သဘောကျကာ ရယ်မိသည်။

"မင်းနဲ့ ဆူစန် ကိုယ့်အိမ်ကို ရောက်ကတည်းက ဒီကလေးမ တစ်ခါမှမလာဘူးဘဲနဲ့ တစ်ခုခုဒုက္ခပေးဖို့လာတာလို့ တွေးမိလို့ ကိုယ့်ဖုန်းကို မင်းမြင်သာတဲ့နေရာမှာထားပြီး စားပွဲအောက် သတင်းစာတွေရဲ့ အပေါ်မှာ ဖေဖေ့ဟန်းဖုန်းကို စပီကာဖွင့်ပြီးထားခဲ့တာ ..."

"ဟာ ..."

သူမ ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော့်ရင်ဘတ်တွေကို ထုရိုက်ပါသည်။ စင်သီယာက လေနှင်ရာကိုကြည့်ပြီး ...

"ပြောလိုက်လေဟာ .. လုပ်ဦးဟ ...လို့ ..."

ကျွန်တော် ပြောလေ့ပြောထရှိတဲ့စကားကြောင့်ဝိုင်းရယ်ကြသည်။

"မင်းလာမှာသိလို့ သော့ကို အဲဒီနေရာမှာ ပြန်ထားတာပေါ့၊ ဆုနိုးလမ်းပြဆိုတာလေ ..."

"တော်ပြီကွာ .. ကိုကို အကျင့်ယုတ်တာ ... ဒါနဲ့များ လေနှင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို မတတ်သာလို့ လက်ထပ်လိုက်ရသလိုလို ဘာလိုလိုနဲ့"

အမှန်က သဒ္ဒါကို ရင်ဖွင့်ထားတာကလွဲပြီး သူမ စိတ်သက်သာရအောင် ဇာတ်လမ်းဆင်ပြီး ပြောလိုက်တဲ့အကြောင်း မျိုးကြီးနဲ့ ရွှေရည်ကလွဲပြီး ဘယ်သူမှမသိနိုင် ...။

ရွှေရည်က သူ့ကို သူမသူငယ်ချင်းအတွက် ကျေးဇူးတင်သော အကြည့်နဲ့ ကျွန်တော့်ကိုကြည့်သည်။

"တမင်ညှဉ်းချင်တာနဲ့ ကိုကို စောင့်ကြည့်နေတာကွ"

"သွား ကိုကို အကျင့်ယုတ် ..."

"အခုမှပဲ ငါ့မိန်းမကို စပြီး ရည်းစားစကားပြောရတော့မယ်"

ကျွန်တော်က လေနှင်ရာကို သိုင်းဖက်တွယ်ထားတော့ လေနှင်ရာက ရှက်ကိုးရှက်ကန်းနဲ့ ကျွန်တော်ရင်ခွင်ထဲမှာ ခေါင်းကို ဝှက်ထားပါသည်။

"ကိုကို လေနှင်ရာကို သိပ်ချစ်တယ် လေနှင်ရာ"

အားလုံးက လက်ခုပ်လက်ဝါးတီးပြီး ထုံးစံအတိုင်း ...။

"လုပ် ...ဦး ...ဟ ..."

ဒီနှင်းခ



www.burmeseclassic.com